www.burmeseclassic.com

ဟတ္တသိုင်

# ရှောင်ပင်းဒေါင်

ဝမ် အ င်း ဇော် နို ရွ က် ထ င် ယိ

## နဂါးလက်ဝါး
## ကျားလက်သီး

ပထမပိုင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# နဂါးလက်ဝါးကျားလက်သီး

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



## သစ္စာဓား

ကောင်းကင်တစ်ခုလုံးတွင် တိမ်လိပ်တိမ်တိုက်များ ကင်းစင်နေ၏။

ပူပြင်းသော နေရောင်ခြည်သည် ကမ္ဘာမြေတစ်လွှားသို့ ပေါင်းအိုးပမာ ချစ်ချစ်တောက်ပူပြင်းစေလေသည်။ ကောင်းကင်တစ်ခုလုံးသည် ပြာလဲ့လဲ့အရောင်များဖြစ်နေသော်လည်း ...

ကျယ်ပြန့်သောလွင်ပြင်ပေါ်တွင် နီရဲသောသွေးများသည် ကြည့်မကောင်း၊ ရှုမကောင်းဖြစ်နေ၏။

အစိမ်းရောင်ပိုးထည်များ ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် ...

မျက်နှာတစ်ခုလုံးတွင် ခံပြင်းဒေါသထွက်ခြင်း စသည့်အရိပ်အယောင်များ ပြည့်နှက်နေ၏။ သူ၏လက်ထဲတွင် လေးလံသောဓားတစ်လက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားသည်။

ဓားပေါ်၌ 'သစ္စာ' ဟူသောစာလုံးနှစ်လုံး ရေးသားထားသည်ကို တွေ့ရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေသည်တဟူးဟူးတိုက်ခတ်နေသည်။ လွင်ပြင်တွင် အလောင်းများသည် ဖရိုဖရဲလဲကျနေ၏။ ထိုအလောင်းများသည် နှစ်ဆယ်ကျော်ခန့်ရှိမည်ဟု ထင်သည်။

ဤလူများသည် အလွန်သန်မာထွားကျိုင်းသော လူများဖြစ်ကြသည်။ သို့သော် ... ယခုမှာမူ အသက်ကင်းမဲ့စွာဖြင့် လွင်ပြင်ပေါ်တွင် လဲကျနေကြပါသည်။

ထိုလွင်ပြင်ပေါ် ဓားကို တင်းကျပ်စွာကိုင်ဆောင်ထားသော အဘိုးအိုမှအပ အသက်ရှင်သောလူ မရှိတော့ပါ။ သို့သော် ထိုအဘိုးအိုနှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် လူတစ်ယောက် အသက်ရှင်လျက်ရပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုလူသည် ယဉ်ကျေးသိမ်မွေ့ပြီး ပျော့ပျောင်းသေးသွယ်သော လူငယ်တစ်ယောက်ဖြစ်ပါသည်။ ထိုလူငယ်၏ပုံပန်းမှာ စာပေသမားတစ်ယောက်နှင့် တူလှပေသည်။

❑

လေသည် တဟူးဟူးတိုက်ခတ်နေ၏။ ထိုလူနှစ်ယောက်သည် မလှုပ်မယှက်ရပ်နေကြလေသည်။



သို့သော် ... သူတို့၏မျက်လုံးများသည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေလေသည်။ ဤသို့ဖြင့် အတန်ကြာမှ စာပေသမားနှင့်တူသောလူက အသာအယာ ပြုံးလိုက်လေသည်။

ထိုစာပေသမားလူငယ်၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ခြင်းအားဖြင့် သူသည် အလွန်အေးအေးချမ်းချမ်း သဘောကောင်းသော လူငယ်တစ်ယောက်ဟု ထင်မှတ်ကြမည်သာဖြစ်ပါ၏။

သူ့ကိုယ်သူလည်း ကဗျာဆရာဟုပြောသည်။ သူ၏ပုံပန်းသဏ္ဌာန်မှာ ကဗျာဆရာတစ်ယောက်နှင့်လည်းအတော်တူနေသည်။

အကယ်၍သာ သူသည် ကဗျာဆရာ မဟုတ်ဟုပြောပါက သူ့ကို မည်သူကမှ ယုံကြည်နိုင်မည်မဟုတ်ပါ။

သို့သော် ... ဓားကိုတင်းတင်းဆုပ်ကိုင်ထားသော အဘိုးအိုသည် ထိုလူငယ်အား အတွင်းသိဖြစ်သည်။

ယင်းလူငယ်သည် ကဗျာဖွဲ့ဆိုနိုင်သည့်အရည်အချင်း အပြည့်အဝရှိပါသည်။ သို့သော် ... သူ၏တကယ့်အရည်အချင်းမှာ ကဗျာဖွဲ့ဆိုရန် မဟုတ်ပါ။ လူကိုသတ်ခြင်းသာ ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ကျန်နန်မြို့တွင် ထင်ပေါ်ကျော်ကြားသော ဂိုဏ်းကြီး ခုနစ်ဂိုဏ်းရှိသည်။ ထိုဂိုဏ်းကြီးခုနစ်ဂိုဏ်းအနက် နာမည်အကြီးဆုံးနှင့် သြဇာအရှိဆုံးမှာ သံမဏိဂိုဏ်းပင်ဖြစ်ပါသည်။

သံမဏိဂိုဏ်းသည် ကျန်နန်နယ်မြေတစ်ခွင်တွင် ဤမျှ ကျော်ကြားရခြင်း၏အဓိကအကြောင်းရင်းမှာ ဂိုဏ်းချုပ်ကြီး'မောက်ကျင်း'၏ စွမ်းရည်ကြောင့် ဖြစ်ပါသည်။

မောက်ကျင်းက သူ၏ 'သစ္စာ' အမည်ရှိသော ဓားဖြင့် ထိုနယ်မြေတစ်ခွင်တွင် အင်အားကြီးမားသော ရန်သူများကိုသုတ်သင်နိုင်ခဲ့လေသည်။

မောက်ကျင်း၏တခြားနာမည်တစ်ခုမှာ 'သံမဏိရွှေဓား' ပင်ဖြစ်ပါသည်။ သံမဏိရွှေဓားမောက်ကျင်းသည် ဓားရေးအလွန်ထက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

သူ၏ဓားသိုင်းမှာပြိုင်စံကင်းသည်ဟု မဆိုသာသော်လည်း သူနှင့် ယှဉ်ပြိုင်နိုင်သော ပုဂ္ဂိုလ်မှာလည်း အလွန်ရှားပါးလှပေသည်။ လွန်ခဲ့သော သုံးရက်လောက်တွင် သူသည် ဟိုပဲနယ်သို့ သွားရောက်ခဲ့သည်။

သွားရောက်ခဲ့သည့်အကြောင်းမှာ ဟိုပဲနယ်တွင် သိုင်းရာဇာဖြစ်သူစင်းထန်ရီ၏မွေးနေ့သို့သွားရောက် ဂါရဝပြုခြင်းပင်ဖြစ်ပါသည်။



မွေးနေ့ကျင်းပပြီးအပြန်တွင် ဤနေရာသို့ရောက်ရှိလာသောအခါ လူတစ်စုက သူ့အား ဝင်ရောက်တိုက်ခိုက်ခြင်းခံခဲ့ရလေသည်။

သူနှင့်အတူ လိုက်ပါလာကြသော လူယုံတော်ခြောက်ယောက်တို့မှာ ထိုတိုက်ပွဲတွင် ကျဆုံးသွားကြသည်။ ရန်သူဘက်မှလည်း ထိုကဗျာဆရာတစ်ယောက်မှအပ အားလုံးကျဆုံးသွားကြသည်။

ယခု သူက ကဗျာဆရာနှင့်နောက်ဆုံးရင်ဆိုင်တိုက်ခိုက်ရန် ကျန်နေခြင်းဖြစ်ပါသည်။ ကဗျာဆရာက မောက်ကျင်းအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"သံမဏိရွှေဓားဟာ နာမည်ကြီးသလောက် ဓားရေးမှာလည်း တော်တော်ထက်မြက်ပါပေတယ်"

မောက်ကျင်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ငါတို့ကို ဘယ်လိုရန်ငြိုးရှိနေလို့ အခုလို လမ်းမှာ ကြံစည်ရတာလဲ"

"ဘာရန်ငြိုးမှမရှိပါဘူး ... ဒါပေမဲ့ အကြောင်းကလေးတစ်ခုတော့ရှိနေလို့ပါ"

"ဆိုစမ်းပါဦး ... ဘယ်လိုအကြောင်းများလဲ"

ကဗျာဆရာ လူငယ်သည် ပံခုံးတစ်ချက်တွန့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးကို စကားတစ်ခွန်းမေးချင်လို့ပါ"

"ဘာများလဲ"

"ဂိုဏ်းချုပ်ကြီးနဲ့ အကျွမ်းတဝင်ဖြစ်ခဲ့တဲ့ ဘုန်းတော်ကြီးတစ်ပါး ဘယ်မှာရှိမယ်ဆိုတာ ပြောပြရင်ဂိုဏ်းချုပ်ကြီးကို ကျုပ်က ဘေးမသီရန်မခ အသက်ချမ်းသာရာပေးလိုက်မယ်"

မောက်ကျင်းက ဒေါသထွက်သွားသည်။

"မင်းက ငါ့ကို ဘယ်လိုကောင်အောက်မေ့လို့လဲ၊ ငါရဲ့ အဖွဲ့သားခြောက်ယောက်ကိုလည်း သတ်သေးတယ်၊ ငါ့ကိုလည်း စော်ကားသေးတယ် ... မင်းကိုသတ်ပစ်မယ်"

"အို ... ဂိုဏ်းချုပ်ကြီးကဒေါသကြီးရန်ကော၊ ဒီလိုလုပ်ပါလေ ... ဂိုဏ်းချုပ်ကြီးရဲ့တပည့်များအတွက် ကျုပ်က လူတစ်ယောက်ကို ရွေးဆယ်ဝိသာတန်ဖိုးထားပြီး လျော်ကြေးပေးပါ့မယ်ဗျာ"

မောက်ကျင်းက ခေါင်းခါယမ်းလိုက်သည်။ သူ၏လက်ထဲမှ ဓားကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး ...

"မင်း ဘာပဲပြောပြော ကနေ့တော့ မင်းကို ငါသတ်ရမှ ကျေနပ်မယ်"

စာပေသမားက မျက်မှောင်ကုတ်သွားသည်။

"ဂိုဏ်းချုပ်ကြီးက ဒေါသကြီးပဲကိုး၊ ကျုပ်ပြောတဲ့ကိစ္စကို ခေါင်းအေးအေးနဲ့ စဉ်းစားဖို့သင့်ပါတယ်ဗျာ"



မောက်ကျင်းက သဘောကျပြီး စာပေသမားထံသို့ လှမ်းလိုက်သည်။ စာပေသမားသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"အင်း ... ဂိုဏ်းချုပ်ကြီးအတွက် ကျုပ်ဖြင့် နှမြောပါတယ်ဗျာ"

"မင်း ... ဘာတွေနှမြောနေရတာလဲ"

"ဒီလိုပါဗျာ ... တကယ်လို့ ဂိုဏ်းချုပ်ကြီးဟာ အသက်ရှည်ရှည်နေချင်သေးရင်တော့ ..."

မောက်ကျင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာဖြစ်သလဲ ပြောပါဦး"

စာပေသမားက ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့ဓားရှည်ဟာ တော်တော့်ကို အစွမ်းထက်ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဂိုဏ်းချုပ်ကြီးရဲ့ဓားသိုင်းကွက်ထဲက ကြယ်တံခွန်မြေပေါ်ဆင်းဓားကွက်မှာ ဟာကွက်ရှိတယ်လို့ ကျုပ်တွေ့ခဲ့ရတယ် ... သိုင်းသမားတစ်ယောက်ဟာ မိမိရဲ့သိုင်းကွက်ထဲက အပြစ်ပေါ်လာတဲ့ ဟာကွက်ကို သတိထားရလိမ့်မယ်၊ တကယ်လို့ သတိမထားခဲ့ရင်"

သူက ဤသို့ ပြောပြီးဆက်၍မပြောတော့ဘဲ စကားတစ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတစ်စနှင့် ရပ်တန့်လိုက်လေသည်။ ထိုအခါ မောက်ကျင်းမှာ မျက်နှာကွက်ခနဲပျက်သွားသည်။ စာပေသမားက စကားဆက်လိုက်သည်။

"အဲဒီလိုဟာကွက်ဟာ ကျုပ်နဲ့ရင်ဆိုင်တွေ့ရင်တော့ ဝိုဏ်းချုပ်ကြီးဟာ ... ဟဲ ဟဲ ဟဲ"

စာပေသမား၏စကားကြောင့် မောက်ကျင်းက ရင်ထိတ်သွားသည်။ သူ၏တစ်ကိုယ်လုံးမှာ အနည်းငယ်တုန်ခါသွားလေတော့သည်။

❑

မောက်ကျင်းက စာပေသမားအား အကဲခတ်ကြည့်နေ၏။ ရှေ့သို့တိုးနေသော ခြေလှမ်းအားရပ်တန့်လိုက်ရသည်။ ထိုစာပေသမားသည် မည်သူနည်း။

ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်မည်မှာ ယုံမှားဖွယ်ရာမရှိပါ။ ဝိုင်းရံတိုက်ခိုက်ရာတွင် ထို 'ကြယ်တံခွန်မြေပေါ်ဆင်း' သိုင်းကွက်တစ်ကွက်တည်းသာ ဟာကွက်ရှိသည်ကိုလည်း မိမိသတိပြုမိလေသည်။



ထိုတစ်ခုတည်းသော ဟာကွက်ကိုလည်း ထောက်ပြနိုင်သော ထိုစာပေသမားဟာ ခေသူတစ်ယောက်မဟုတ်သည်မှာ သေချာပေသည်။

သို့သော် ... သူသည် ဣန္ဒြေလွယ်လွယ်ဖြင့် လက်မြှောက်အရှုံးပေးတတ်သူ လူတစ်ယောက်မဟုတ်ချေ။ ထို့ကြောင့် ... သူက မဲ့ပြုံးပြုံးလိုက်သည်။

"ဟဲ ဟဲ ဟဲ ... အပြောတော့ လွယ်ပါတယ်၊ မင်းက ငါ့ရဲ့ ဟာကွက်ကို တွေ့ထားရင် ငါနဲ့ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့ကွာ"

စာပေသမားက ပြုံးရာမှ မဲ့သွားလေသည်။ သူသည် အတန်ကြာမှ ...

"ဂိုဏ်းချုပ်ကြီး ... ခင်ဗျားတို့ဂိုဏ်းတစ်ခုလုံး ပြိုကွဲပျက်စီးသွားမှာကို မလုပ်ရက်လို့ ကျုပ်က အခုလိုကောင်းကောင်းမွန်မွန် တောင်းပန်ပြောဆိုနေတာပါ"

မောက်ကျင်းက ရှေ့သို့တိုးလာပြန်၏။ ယခု သူတို့နှစ်ယောက်သည် လက်တစ်ကမ်းမျှသာ ကွာဝေးနေပေတော့၏။

"ငါပြောပြီးပကော ... မင်းနဲ့ငါရင်ဆိုင်ယှဉ်ပြိုင်ရုံကလွဲပြီး တခြားနည်းလမ်းမရှိတော့ဘူး"

"မဟုတ်သေးပါဘူး၊ ဂိုဏ်းချုပ်ကြီး သေသေချာချာစဉ်းစားပါ ... ဘုန်းကြီး ဘယ်မှာရှိမယ်ဆိုတာ ပြောပြရုံနဲ့ ဂိုဏ်းချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အသက်လည်း မဆုံးရှုံးရဘူး၊ ရွှေတွေလည်း အများကြီးရဦးမယ်၊ ဂိုဏ်းချုပ်ကြီး သေသေချာချာ စဉ်းစားစေချင်ပါတယ်”

မောက်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

“သိပ်စကားမရှည်နဲ့ ... ငါက ရွှေလည်းမမက်ဘူး၊ သေရမှာလည်း မကြောက်ဘူး ... ဒါပဲ”

စာပေသမားက သက်ပြင်းတစ်ချက်ချလိုက်သည်။

“အင်း ... ဂိုဏ်းချုပ်ကြီးက ဒါလောက်ခေါင်းမာနေရင် တော့ ကျုပ်ကတော့ ခွန်အားကိုအသုံးပြုရတော့မှာပဲလေ”

“ကဲ ... သေပေတော့”

မောက်ကျင်းက ဤသို့ပြောဆိုရင်း ဓားကိုဝှေ့ယမ်းလိုက်သည်။ လျှပ်တစ်ပြက် ... ရွှေရောင်များက ဝင်းလက်သွားသည်။

မောက်ကျင်းသည် ဓား‘နဂါးလှိုင်း လူးခေါင်းပြုလာ’ သိုင်းကွက်ဖြင့် စာပေသမားအား တိုက်ခိုက်လေသည်။ သူ၏ဓားသည် အလွန်လေးလံသည်။

ဓား၏ရွှေရောင်များသည် နေရောင်နှင့်ဟပ်ကာ ဝင်းလက်သွားလေသည်။ လေးလံသောဓား၊ ပြင်းထန်သောခုတ်ချက် ... မည်သူမဆို ထိုတိုက်ကွက်အား ရှောင်တိမ်းရမည်သာဖြစ်လေ၏။

သို့သော် စာပေသမားသည် ရှောင်တိမ်းခြင်းမပြုပါ။ သူက မလှုပ်မယှက်ငြိမ်သက်စွာဖြင့် ခုတ်လာသောဓားအား ရင်ဆိုင်လိုက်လေသည်။

မောက်ကျင်း၏တိုက်ကွက်သည် လျင်မြန်လှ၏။ လျှပ်တစ်ပြက်အချိန်တွင် ဓားသည် စာပေသမား၏ရင်ဝသို့ တိုးဝင်လာလေသည်။

ရုတ်တရက် စာပေသမား၏ ယာဘက်လက်သည် တစ်ချက်ဝှေ့ယမ်းလိုက်ပြီး လက်ဝါးဖြင့်ဖြတ်၍ ခုတ်လိုက်သည်။ သူ၏လက်ဝါးက တည့်တည့်မတ်မတ်ဖြင့် ရွှေဓား၏ နံဘေးသို့ခုတ်မိသွားလေသည်။

‘ဖုတ်’

ရွှေဓားက စာပေသမား၏ရင်ဝသို့ မရောက်ရှိနိုင်တော့ပါ။ ဘေးသို့လွင့်သွားလေသည်။ မောက်ကျင်း၏အတွင်းအားသည် အလွန်ထက်မြက်သည်ဟု ဆိုရမည်။

သို့သော် စာပေသမား၏လက်ဝါးက ပို၍အားကောင်းသည်မှာ ထင်ရှားလှပေသည်။ ဓားသည် ခုတ်ချက်လွဲသွားသဖြင့် မောက်ကျင်း၏ခန္ဓာကိုယ်က တည်ငြိမ်ခြင်းမရှိဘဲ တစ်ဖက်သို့ အနည်းငယ် ယိမ်းယိုင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောက်ကျင်း၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ သူက စာပေသမားမှာ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်သည်ဟု ယုံကြည်နေ၏။

သို့သော် ... လက်နက်မပါဘဲ မိမိအားကိုလက်ဝါးဖြင့် ပုတ်ထုတ်နိုင်စွမ်းရှိမည်ဟု မမျှော်လင့်မိခဲ့ချေ။

ဤစာပေသမားက မိမိမျှော်လင့်ထားသည်ထက်ပင် ပို၍ကြောက်မက်ဖွယ်ရာကောင်းသော သိုင်းသမားတစ်ယောက်ဖြစ် မှန်းသိရှိလာလေသည်။

စာပေသမားက ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ပါ။ သူသည် မောက်ကျင်းအား စေ့စေ့ကြည့်လိုက်ပြီး ...

"ကဲ ကျုပ်မပြောဘူးလား ... ခင်ဗျားကို ကျုပ်သတ်ချင်ရင်အလွယ်ကလေးပါ"

မောက်ကျင်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

"မင်းကငါ့ကို သတ်ချင်ရင်သတ်လိုက်ပါ ... မင်းရဲ့မေးခွန်းကို ငါ ဘယ်တော့မှ မဖြေဘူး"

စာပေသမားက ရယ်မောလိုက်သည်။

"ဒီမှာ ဂိုဏ်းချုပ်ကြီး ... ကျုပ်နောက်ဆုံးမေးမယ်၊ ခင်ဗျားမပြောဘူးဆိုရင် ကျုပ်ကတော့ ကျုပ်နည်းနဲ့ခင်ဗျားကိုပြောအောင်



လုပ်ရမှာပဲ ... ဘယ်လိုလဲ"

မောက်ကျင်းသည် ရုတ်တရက် သူ၏အိတ်ထဲမှ ဆေးလုံးတစ်လုံးကိုယူ၍ ပါးစပ်ထဲသို့မျိုချလိုက်သည်။ ၎င်းဆေးလုံး၏ အရောင်သည် နီရဲနေသည်။

စာပေသမားသည် မောက်ကျင်း၏အပြုအမူကို တွေ့ရသောအခါ ရုတ်တရက်တွေဝေသွားသည်။ ထို့နောက် သူသည် မထီမဲ့မြင်ပြုံးလိုက်သည်။

"ခင်ဗျားတို့ဂိုဏ်းမှာ ဆေးလုံးတစ်မျိုးရှိတယ်လို့ ကျုပ်သတင်းကြားခဲ့တယ်၊ ဒီဆေးလုံးဟာ ခွန်အားပြည့်ဝတဲ့ အာနိသင်ရှိတယ်လို့သိရတယ် ... အခု ခင်ဗျားက ခွန်အားပြည့်ဝအောင် ဒီဆေးလုံးကို သောက်နေတယ်ပေါ့ ... ဟုတ်လား"

မောက်ကျင်းက ထိုစကားကိုကြားလိုက်ရသောအခါ တဟားဟားရယ်မောလိုက်လေသည်။ သူ၏ရယ်မောသံမှာဟန်ဆောင်၍ရယ်မောခြင်း မဟုတ်ပါ။ တကယ်ပင် အူလှိုက်သည်းလှိုက်ရယ်နေခြင်း ဖြစ်ပါသည်။ စာပေသမားက ဒေါသထွက်လာသည်။

"ခင်ဗျားက ဘာရယ်တာလဲဗျ၊ ဒီဆေးလုံးဟာ ခွန်အားရှိအောင် ခင်ဗျားကိုအထောက်အကူပြုပေးမယ့် ကျုပ်နဲ့အံတုလို့ရမယ်ထင်သလား"

မောက်ကျင်းက ရယ်မောလျက်သာ နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ယင်းသို့စာဟားဟားရယ်ရင်း သူ၏မျက်နှာတစ်ခုလုံး အရောင်ပြောင်းသွားသည်။

စာပေသမားသည် ဒုတိယအကြိမ် တွေဝေသွားပြန်သည်။ မောက်ကျင်း၏မျက်နှာမှာ ညိုမည်းလာခြင်းဖြစ်သည်။ ထိုတခဏ အချိန်တွင် စာပေသမားသည် မောက်ကျင်း အဘယ်ကြောင့် ရယ်မောနေခြင်းကို သဘောပေါက်လာသည်။

မောက်ကျင်းရယ်မောမည်ဆိုက ရယ်မောနိုင်လေသည်။ အကြောင်းမှာ စာပေသမားအပေါ် အနိုင်ယူလိုက်ခြင်းကြောင့် ဖြစ်ပါသည်။

အနိုင်ယူခြင်းဆိုသည်မှာ မောက်ကျင်းသိုင်းပညာသည် ဆေးလုံးအထောက်အကူဖြင့် စာပေသမားအား အနိုင်ယူခြင်းမဟုတ်ပါ။ စာပေသမားသည် မောက်ကျင်းထံမှ မည်သည့်နည်းနှင့်မျှ သူအလိုရှိသောစကားများကို ရနိုင်စွမ်းမရှိသောကြောင့်ဖြစ်ပါသည်။

မောက်ကျင်းမျိုချလိုက်သောဆေးလုံးသည် ခွန်အားတိုးစေသော ဆေးလုံးမဟုတ်ပါ။ အလွန်ပြင်းထန်သော အဆိပ်ပါရှိသည့်ဆေးလုံးပင်ဖြစ်ပေသည်။

❑



မောက်ကျင်း၏ ရယ်မောသံသည် ရပ်တန့်သွား၏။ သူ၏ မျက်နှာတစ်ခုလုံးမှာ ညိုမည်းသွားသည်။ နှာခေါင်းနှင့်နှုတ်ခမ်းတို့မှ သွေးများစီးဆင်းကျလာသည်။

သွေး၏အရောင်များမှာ မည်းနက်နေလေသည်။ သူ၏ ခန္ဓာကိုယ်က တဖြည်းဖြည်းပျော့ခွေကျကာ မြေပေါ်သို့ လဲကျသွားလေသည်။

စာပေသမားသည် မြေပေါ်သို့လဲကျသွားသော မောက်ကျင်းအားငေး၍ကြည့်နေမိ၏။ အတန်ကြာမှ သူသည် သက်ပြင်း တစ်ချက်ချလိုက်သည်။

"အင်း ... ဒီလူက မိတ်ဆွေအပေါ် အသက်နဲ့လဲပြီး သစ္စာ စောင့်ထိန်းသွားရှာပါလား"

❑

ဤနေရာတွင် သွေးများခြင်းခြင်းနီရဲနေသည်။ အလောင်းများသည် အကျည်းတန်စွာ ဖရိုဖရဲလဲကျနေ၏။

သို့သော် ... တိုက်ပွဲက ပြီးဆုံးသွားပြီဖြစ်၏။ သို့သော်လော

www.burmeseclassic.com

www.burmeseclassic.com



ကတွင် ဤကဲ့သို့ အသက်ကိုပဓာနမထား သတ်ဖြတ်ကြသည်မှာ မဆန်းလှချေ။

မောက်ကျင်းက သိုင်းလောကမှထိတ်ထိတ်ကြဲ သိုင်းသမား တစ်ယောက်ဖြစ်သည်။ သူက သေဆုံးပြီးသည့်နောက် အခြားသေ ဆုံးသွားသောသူများနှင့် မည်သို့မျှ ခြားနားမည်မဟုတ်ပါ။

တစ်ခုတော့ ရှိ၏ ... သူသေသွားရခြင်းသည် အခြားလူများ ထက် ထူးခြားသည်ဟုဆိုရပေမည်။ အကြောင်းကား ... သူ၏သေ ဆုံးခြင်းသည် တိုင်းပြည်အတွက်လည်းကောင်း၊ မိတ်ဆွေအတွက် လည်းကောင်း အကျိုးပြုခဲ့သော သေခြင်းဖြစ်ပါသည်။

ထိုအချိန် ထိုအခါတွင် မန်ချူးတို့သည် တရုတ်ပြည်သို့ ဝင်ရောက်အုပ်ချုပ်ခါစအချိန် ဖြစ်၏။ တရုတ်အမျိုးသားသစ္စာ ဖောက်များက ကြီးစိုးခြယ်လှယ်သော အချိန်ကာလဖြစ်သည်။

မောက်ကျင်းကဲ့သို့သော ရာထူးမမက်၊ စည်းစိမ်မမက် သော သိုင်းသမားမျိုးကား ရှားပါးလှသည် မဟုတ်ပါလော ... ။

❑

တာမင်ဟု ...။



တာမင်ဟုမြို့က မြို့ကြီးပြကြီးတစ်ခုဖြစ်ပါသည်။ ချမ်းသာ ကြွယ်ဝသောလူများ၊ ရာထူးရာခံရှိသောလူများ စုဝေးနေထိုင်သော မြို့ကြီးဟုလည်း ခေါ်ဆိုနိုင်သည်။

ဤမြို့တွင် သန်းကြွယ်ချမ်းသာသောလူများက မရေမ တွက်နိုင်လောက်အောင်များပြားလှသည်။ ထိုသန်းကြွယ်သူဌေးများ အနက် အချမ်းသာဆုံး၊ အကြွယ်ဝဆုံးသူမှာ 'ဖုလိုင်' ငွေတိုက်သူ ဌေးကြီး လောက်ရှုပင် ဖြစ်ပါသည်။

လောက်ရှုသည် ကျိုကျိုတက်ချမ်းသာသော်လည်း အလွန် ကပ်စေးနှဲ၏။ သူက တစ်ပြားတစ်ချပ်မှ မသုံးရက်သော သူဌေး ကြီးတစ်ယောက်ဖြစ်ပေ၏။

ထို့ကြောင့် ... သူကချမ်းသာကြွယ်ဝသော်လည်း အပေါင်း အသင်းမရှိ ဂုဏ်ဒြပ်မရှိပါ။ ငွေကြေးလည်းချမ်းသာပြီး အပေါင်းအ သင်းဆုံ၍ ဂုဏ်မရှိသော ပုဂ္ဂိုလ်တစ်ယောက်ကိုညွှန်ပြပါဆိုလျှင် ...

'နန်ရွှဲယန်'

နန်ရွှဲယန်က တာမင်ဟုမြို့တွင် အကြီးမားဆုံး၊ အခန့်ညားဆုံးသော စားသောက်ဆိုင်တစ်ခုဖြစ်ပါသည်။ ဤစားသောက်ဆိုင် က နေရာထိုင်ခင်းသန့်ရှင်းပြီး ဟင်းလျာများမှာလည်း အထူးအရသာ ရှိသည်ဟု နာမည်ကြီးနေ၏။

အထူးသဖြင့် နန်ရွှဲယန်စားသောက်ဆိုင်မှ ကိုယ်ပိုင်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖော်စပ်သော 'ပန်းတစ်ရာအရက်' မှာ အရောင်အဆင်းလှပပြီး အနံ့အသက်မွှေးကြိုင်သည်။

ထို့ကြောင့် ... နန်ရွှဲယန်စားသောက်ဆိုင်မှ ဟင်းလျာများမှာ အထူးအရသာထူးသည့်အပြင် အရက်လည်းနာမည်ကြီး၏။

သူဌေးကြီးစုယယ်က ဤမြို့၌ နန်ရွှဲယန်စားသောက်ဆိုင်ကို ဖွင့်လှစ်လာခဲ့သည်မှာ ဆယ်နှစ်ကျော်ကြာခဲ့ပြီဖြစ်ပါသည်။

သူသည် သဘောကောင်းသည်။ ငွေရေးကြေးရေး နှမြောခြင်းမရှိပါ။ အပေါင်းအသင်းလည်း အလွန်ဆုံသည်။ ထို့ကြောင့် သူဌေးကြီးစုယယ်၏နာမည်ကို 'တာမင်ဟု' မြို့တွင်သာမက အနီး ပတ်ဝန်းကျင်ရှိ မြို့များအထိ မသိသူမရှိသလောက် ကျော်ကြားနေ၏။

ဤသို့ကြောင့်လည်း နန်ရွှဲယန်စားသောက်ဆိုင်တွင် တစ်နေ့တခြားတိုးတက်လာပြီး အမြဲတမ်းနေရာမလပ်အောင် စားသောက်သူများပြည့်ကျပ်နေလေသည်။

❑

ယခု ... မှောင်စပျိုးလာပြီ။ မီးအိမ်များ ထိန်ထိန်လင်းနေသောအချိန်အခါဖြစ်ပါသည်။ ယင်းအချိန်မှာ နန်ရွှဲယန်စားသောက်



ဆိုင်၏ အစည်ကားဆုံးသောအချိန်ပင်ဖြစ်ပါသည်။

ရုတ်တရက် ... စားသောက်ဆိုင်ထဲသို့ ကိုယ်လုံးကိုယ်ထည်ထွားကျိုင်းသော ဘုန်းကြီးတစ်ပါးဝင်ရောက်လာသည်။

ဘုန်းတော်ကြီး၏လက်ထဲတွင် သံမဏိတောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထား၏။ ထိုသံမဏိတောင်ဝှေးမှာ အလွန်လေးလံသည်ဟု ထင်သည်။

ထိုအချိန်တွင် ... စုယယ်မှာ ခရီးဝေးမှရောက်ရှိလာသော ကုန်သည်ကြီးတချို့အား ဧည့်ခံနေသောအချိန်ဖြစ်ပါသည်။

သူက ထိုဘုန်းကြီးဝင်လာသည်ကို ဇတ္တလိုက်ရသည်နှင့် ဘုန်းတော်ကြီးထံသို့ ကပျာကယာလျှောက်သွားလေသည်။

ဘုန်းတော်ကြီးက သူ၏နားနားသို့ကပ်ကာ အသံတိုးတိုးဖြင့် ...

"ဒကာကြီးအခြေအနေတော့ မကောင်းဘူးကွဲ့"

စုယယ်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ဒီမှာ စကားပြောလို့မကောင်းဘူး ... နောက်ဘက်ခန်းကို ကြွပါ"

စုယယ်ကလည်း အသံတိုးတိုးဖြင့်လျှောက်တင်လိုက်သည်။ ဘုန်းတော်ကြီးက ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူဌေးကြီးစုယယ်သည် ရှေ့ဆုံးမှဦးဆောင်ကာ ပင့်ဖိတ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အနောက်ဘက်သီးသန့်ခန်းထဲသို့ ရောက်ရှိ
လာသောအခါ စုယယ်က ဘုန်းတော်ကြီးအားနေရာထိုင်ခင်းချပေး
ပြီးနောက် ...

"ဘယ်လိုအခြေအနေမှာနတ်တာလဲဆိုတာ အမိန့်ရှိပါဘုရား"
ဟု လျှောက်တင်လိုက်လေသည်။

"ဒကာကြီး သံမဏိဝိုထ်းချုပ်ကြီးမောက်ကျင်းဟာ အနိစ္စ
ရောက်သွားပြီကွဲ့"

စုယယ်မှာ ရင်ထိတ်သွားသည်။

"ဘာအတွက်ကြောင့် ရုတ်တရက် ကွယ်လွန်သွားရတာလဲ
ဘုရား"

"ကဗျာဆရာလူသတ်သမားဆိုတာ ဒကာကြီး ကြားဖူး
တယ်မဟုတ်လား"

"ကြားဖူးပါတယ် ဘုရား"

"အိမ်း ... ဒကာကြီးမောက်ကျင်းကို သတ်သွားတာ ကဗျာ
ဆရာ လူသတ်သမားပဲကွဲ့"

စုယယ်၏မျက်နှာတစ်ခုလုံးတွင် တည်ကြည်လေးနက်လာ
သည်။ ဘုန်းတော်ကြီးက စကားဆက်လိုက်သည်။

"အခြေအနေကတော့ ဒီကဗျာဆရာသိုင်းသမားဟာ ဗိုလ်
မှူးဝမ်းဖုရဲ့သားကို မရမကလိုက်ရှာနေတယ်နဲ့ တူတယ်"



စုယယ်၏မျက်နှာတစ်ခုလုံးသည် ခံပြင်းလွန်း၍ နီရဲနေ
လေသည်။

"ဒီကဗျာဆရာလူသတ်သမားဟာ မန်ချူးထောက်လှမ်း
ရေးဌာနကို သစ္စာတော်ခံထားတယ်လို့ ကြားရတယ်"

"ဟုတ်တယ် ဒကာကြီး ... မန်ချူးအစိုးရကလည်း ငွေနဲ့
အာဏာကိုဗန်းပြပြီး သစ္စာဖောက်တွေကို စည်းရုံးတာကိုး၊ မျိုးချစ်
ပုဂ္ဂိုလ်တွေကိုလည်း လိုက်ပြီးသုတ်ဖြတ်နေတယ်လို့ ကြားသိခဲ့ရ
တယ်"

စုယယ်က မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။ အတန်
ကြာမှ ...

"ဒီကဗျာဆရာလူသတ်သမားရဲ့သတင်းကိုတော့ တပည့်
တော် နည်းနည်းကြားသိခဲ့ရတယ်"

"သူက ဘယ်သူတဲ့"

"ဒီလူဟာ နဂါးခံတပ်ကလူဖြစ်တယ်လို့ သတင်းကြားတာ
ပဲ ... ဟုတ်၊မဟုတ်တော့ မသေချာပါဘူး ဘုရား"

ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဗိုလ်မှူးဝမ်းဖုဟာ အင်အား ကိုယ့်ထက်အများကြီးသာတဲ့
ရန်သူကို လက်နက်မချဘဲ အသေခံတိုက်သွားတဲ့ အမျိုးသားအာဇာ
နည်တစ်ယောက်လို့ ဆိုရမှာပဲ၊ အခုတော့ မန်ချူးတို့က ကျူပင်ခုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျူငုတ်မှမကျန်ဆိုတဲ့သဘောနဲ့ ဝမ်းဖုရဲ့လူမမယ်သားကို အခုလို အမှုတပြင်းလိုက်ပြီးသတ်တာတော့ တရားလွန်ပါတယ်ကွာ"

စုယယ်သည် အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ဪ ... ဒါနဲ့ ဗိုလ်မှူးဝမ်းဖုရဲ့သားက နာမည်ဘယ်လို ခေါ်သလဲဘုရား"

"ဝမ်းလင်းလို့ခေါ်ပါတယ်"

"အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ငါးနှစ်တော့ မပြည့်သေးဘူး၊ ဒါပေမဲ့ သူက ထွားကျိုင်းတော့ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်လောက်ရှိပြီလို့ ထင်ရတယ်"

စုယယ်သည် အံကိုတင်းတင်းကြိတ်လိုက်၏။

"တပည့်တော်တော့ ဖြစ်တဲ့နည်းနဲ့သူ့ကို ကာကွယ်စောင့်ရှောက်ပေးရမှာပဲ"

ဘုန်းတော်ကြီးကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ခက်တာက အခုသိုင်းလောကမှာ နှစ်ခြမ်းကွဲနေတယ်ကွဲ့၊ လူတစ်စုက ဗိုလ်မှူးရဲ့သားကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြတယ်၊ လူတစ်စုကျတော့ ငွေနဲ့အာဏာကို မက်ပြီး ဗိုလ်မှူးရဲ့သားကို မရမက လိုက်ပြီးရှာဖွေသတ်ဖြတ်ဖို့ကြိုးစားနေကြတယ်ကွဲ့"

စုယယ်က သက်ပြင်းတစ်ချက်ချလိုက်သည်။



"ဒီသစ္စာဖောက်တွေကို တပည့်တော်သာ တတ်နိုင်မယ်ဆိုရင် အားလုံးကို သတ်ပစ်ချင်တာပဲ"

ဘုန်းတော်ကြီးသည် စုယယ်အား တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"ငါ အခုလာတာက မင်းကိုသတိပေးတာပဲ"

"တင်ပါ့ဘုရား"

"ဒကာကြီးက ဝမ်းဖုနဲ့ရင်းနှီးခဲ့ဖူးတယ် မဟုတ်လား၊ အခု အဲဒီကဗျာဆရာလူသတ်သမားက ဝမ်းဖုနဲ့ပတ်သက်တဲ့ လူမှန်သမျှကို လိုက်လံသတ်ဖြတ်နေတယ်၊ ဒကာကြီးဆီ ရောက်ချင်လည်း ရောက်လာနိုင်တယ်"

စုယယ်သည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်ပြီး ...

"လာစမ်းပါစေဘုရား ...ဒီလူသတ်ကောင်ကို တပည့်တော်က အသက်သေချင်သေစမ်းပါစေ ... အပြတ်ကိုရှင်းပစ်ရမှာပဲ"

ဘုန်းတော်ကြီးက ...

"အစစအရာရာ သတိရှိပါစေ၊ ကျုပ်က တခြားသက်ဆိုင်တဲ့လူတွေကို သွားပြီးသတိပေးရဦးမယ်"

"တင်ပါ့ဘုရား"

❑

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံးသည် မှောင်မည်းနေသည်။ မိုးရွ
မည့်ဟန်ဖြင့် ညိုမည်းနေသည်။ နန်းရွှဲယန်၏ သီးသန့်ခန်းတစ်ခုတွ
သူဌေးကြီးစုယယ်သည် တစ်ယောက်တည်း တိတ်တဆိတ်ထိုင်နေ
၏။

သူသည် ဤအခန်းတွင်း၌ထိုင်နေသည်မှာ အတန်ကြာပြ
ဖြစ်ပါသည်။ သူသည် မည်သည့်အကြောင်းကြောင့်မှန်းမသိ အ
ရက်သောက်ရန် စိတ်ဆန္ဒပြင်းပြလာ၏။

သို့သော် ... အခန်းထဲ၌ ရေနွေးကြမ်းအိုးမှအပ အရက်
လုံးဝမရှိချေ။ ရာသီဥတုက မငြိမ်မသက်ဖြစ်နေသည့်အတွက် စု
ယယ်၏ရင်ထဲက မတည်ငြိမ်ဘဲရှိနေသည်။

ရုတ်တရက် ... အခန်းသို့ဦးတည်လာသော ခြေသံများကို
ကြားလိုက်ရ၏။ ထို့နောက် ...

'ဒေါက် ဒေါက် ဒေါက်'

အခန်းတံခါးခေါက်သံကို ကြားလိုက်ရ၏။

"ဘယ်သူလဲကွ"

"လောက်ဝူးပါ သူဌေးကြီး"

ထိုအသံကြားလိုက်ရတော့မှ စုယယ်က ရင်ထဲတွင်ပေ



သွားသည်ဟု ထင်ရလေသည်။ လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး

"ဝင်ခဲ့ပါ"

ဟု ပြောလိုက်လေသည်။ အခန်းတံခါးတွန်းဖွင့်လိုက်ပြီး
လူတစ်ယောက်က အခန်းထဲသို့ လှမ်းဝင်လာသည်။

ဖြူဖွေးသောဆံပင်၊ တွန့်လိမ်သောပါးပြင်တို့ကိုကြည့်လိုက်
ခြင်းဖြင့် လောက်ဝူးဆိုသောသူမှာ အသက်အရွယ်ကြီးရင့်နေသည်
ဟု သိလိုက်ရ၏။

လောက်ဝူးက စုယယ်၏လူယုံတော်လည်းဖြစ်၊ အားထား
ရသော စာရင်းကိုင်တစ်ယောက်လည်း ဖြစ်ပါသည်။ လောက်ဝူး၏
အရွယ်သည် အိုမင်းရင့်ရော်နေပြီဖြစ်သော်လည်း အလုပ်လုပ်သည့်
နေရာတွင် သွက်လက်ပေါ့ပါးတုန်းပင်ဖြစ်သည်။

စုယယ်က သူ့အားပြုံးပြလိုက်ပြီး ...

"လောက်ဝူး ... ဘာကိစ္စရှိလို့လဲ"

"ဟုတ်ကဲ့ ... ဧည့်သည်တစ်ယောက်က သူဌေးကြီးကို တွေ့
ချင်တယ်လို့ ပြောနေလို့ပါ"

စုယယ်က မျက်မှောင်ကုတ်သွားသည်။

"ဘယ်သူလဲကွဲ့"

"ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး သူဌေးကြီး"

"ဒီလူက ဘယ်အရွယ်ရှိပြီလဲ၊ ဘယ်လိုပုံပန်းသဏ္ဌာန်ရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



“လူငယ်တစ်ယောက်ပါ၊ ကြည့်ရတာတော့ ရည်ရည်မွန်မွန်ရှိပါမယ်”

စုယယ်က မျက်မှောင်ကုတ်သွားပြန်သည်။

“ဘယ်သူများပါလိမ့်”

လောက်ဝူးက လက်ထဲတွင်ကိုင်ဆောင်ထားသောကျောက်စိမ်းပြားတစ်ခုအား ထုတ်ပြလိုက်၏။

“သူက ကျွန်တော့်ကို ကျောက်စိမ်းပြားပေးလိုက်ပါတယ်၊ သူဌေးကြီးက ဒီကျောက်စိမ်းပြားကိုတွေ့ရင် သူ့ကိုသိလိမ့်မယ်လို့ ပြောပါတယ်”

စုယယ်က နောက်ထပ်ပြီးမျက်မှောင်ကုတ်သွားပြန်၏။

“ဒါဖြင့်ပြစမ်း”

သူသည် ယင်းသို့ပြောရင်း လောက်ဝူး၏လက်ထဲမှ ကျောက်စိမ်းပြားကိုလှမ်းယူလိုက်သည်။ ထိုကျောက်စိမ်းပြားလေးသည် လက်ဝါးခန့်ရှိသည်။

အစိမ်းရောင်ဖြင့် လှပပြီး တြိဂံပုံဖြစ်နေသည်။ စုယယ်က ထိုကျောက်ပြားအား သေချာကြည့်လိုက်သောအခါ ...

“ဟင် ... ဒါဟာ နဂါးခံတပ်ရဲ့အရှင်သခင် ရှီလောက်ရဲ့ အမှတ်တံဆိပ်ပဲလား”

လောက်ဝူးက ထိုစကားကိုကြားရသောအခါ မျက်လုံးများ



ပြူးကျယ်သွားသည်။ နဂါးခံတပ်က ရှီလောက်မှာ နယ်နယ်ရရမဟုတ်။

သိုင်းလောကတွင်ရှိသော ဂိုဏ်းအသီးသီးအနက် ရှောင်လင်ကျောင်း၊ ဝူတန်နှင့်ခွန်လွန်ဂိုဏ်းတို့ သုံးဂိုဏ်းမှလွဲ၍ ဩဇာအာဏာအလွန်ရှိသော ဂိုဏ်းတစ်ခုဖြစ်ပါသည်။

နန်ရှဲယန်နှင့် နဂါးခံတပ်ဂိုဏ်းကလူများသည် ဆက်ဆံခဲ့ဖူးခြင်းမရှိပါ။

ယခု ...

သူတို့သည် မည်သည့်အကြောင်းကိစ္စကြောင့် ရောက်ရှိလာပါသနည်း။

စုယယ်က သက်ပြင်းတစ်ချက်ချလိုက်၏။

“လာတဲ့သူက ကဗျာဆရာ လူသတ်သမားလားကွဲ့”

လောက်ဝူးက ခေါင်းခါယမ်းလိုက်၏။

“မသိပါဘူး ခင်ဗျာ”

စုယယ်က အတန်ကြာစဉ်းစားလိုက်သည်။

ထို့နောက် သူသည် ထိုလူနှင့်တွေ့ရန် ဆုံးဖြတ်လိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်သည် နန်ရွဲယန်စားသောက်ဆိုင်တွင် လူများအလွန်စည်ကားသောအချိန်ဖြစ်သည်။ စုယယ်က အပြင်သို့ထွက်လာသောအခါ အခန်း၏ဘယ်ဘက်ရှိ စားပွဲအနီးတွင် အစိမ်းရောင် ဝတ်ဆင်ထားသော လူငယ်တစ်ယောက်အား တွေ့လိုက်ရလေသည်။

လောက်ဂူးက ထိုလူလင်အား ညွှန်ပြလိုက်ပြီး ...

"သူဌေးကြီးကိုတွေ့ချင်တဲ့လူငယ်ဆိုတာ သူပါပဲ"

"အေး ... မင်းလုပ်စရာရှိတာ သွားလုပ်ချေ"

စုယယ်က ယင်းသို့မှာကြားလိုက်ပြီးနောက် ထိုလူငယ်ထံသို့ လျှောက်သွားလေသည်။ သူက လျှောက်သွားရင်း လူငယ်အား အကဲခတ်လိုက်သည်။

ထိုလူငယ်က ချောမောခန့်ညားသောလူငယ်တစ်ယောက်ဖြစ်သည်။

"ဒီမှာ သူငယ် ... မင်းက ငါ့ကို တွေ့ချင်တယ်ဆို"

အစိမ်းရောင်ဝတ်ဆင်ထားသောလူငယ်က ထိုင်ရာမှထလိုက်ပြီး စုယယ်အားဦးညွှတ်အလေးပြုလိုက်လေသည်။

"ဟုတ်ကဲ့ ... ဦးက စုယယ်ဆိုတာ ဟုတ်ပါသလား"

စုယယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်းက ဘယ်သူလဲ"



"ကျွန်တော့်နာမည်က လုဟာန်လုံးပါ"

စုယယ်က ခေါင်းညိတ်လိုက်သည်။

"သြော် သြော် ... လုဟာန်လုံးတဲ့လား၊ ဘာကိစ္စများရှိနေလို့လဲ"

"ဟုတ်ကဲ့ ... ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့လာတာပါ"

စုယယ်က သူ့အားအကဲခတ်ကြည့်လိုက်ပြီး ...

"မင်းဟာ နဂါးခံတပ်ကလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"နဂါးခံတပ်က တပ်မှူးဟာန်စင်းက မင်းနဲ့ ဘယ်လိုတော်သလဲ"

"ကျွန်တော့်အဖေပါ"

စုယယ်၏မျက်ခုံးမွေးတစ်စုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

"သြော် ... မင်းက ဟာန်စင်းရဲ့သားကိုး၊ သူ နေကောင်းရဲ့လားကွဲ့"

လုယန်၏မျက်နှာမှာ ညှိုးငယ်သွားသည်ဟု ထင်ရလေသည်။

"ဖေဖေကွယ်လွန်သွားပါပြီခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စုယယ်၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။

"ဘယ်လို ... မင်းအဖေ ဆုံးသွားပြီ ... ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

စုယယ်က သက်ပြင်းချလိုက်သည်။

"နေပါဦး ... မင်းအဖေက သိုင်းပညာတော်တော်ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ သူ ဘာရောဂါနဲ့ ..."

လုဟန်လုံးက ကြားဖြတ်ပြီး ...

"ဖေဖေ ရောဂါနဲ့ဆုံးသွားတာ မဟုတ်ပါဘူး"

"ဒါဖြင့်"

"မသမာတဲ့လူတစ်ယောက်က နောက်က ချောင်းပြီးတိုက်ခိုက်လို့ပါ"

စုယယ်သည် စကားမပြောတော့ဘဲ ငြိမ်သက်သွားလေတော့သည်။ အတန်ကြာမှ ...

"ဘယ်တုန်းကလဲကွဲ့"

"သုံးလလောက်ရှိသွားပါပြီ"

စုယယ် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"ဒီလိုဆို မင်းအဖေကို တစ်ယောက်ယောက်က လုပ်ကြံတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ... ဖေဖေဆုံးသွားတဲ့နောက် ဖေဖေ့နေရာ



မှာ ကျွန်တော်ထမ်းဆောင်နေရပါတယ်"

စုယယ်က ခေါင်းညိတ်လိုက်သည်။

"ဟင် ... တော်သေးတာပေါ့ကွယ်၊ ဒါနဲ့ မင်းအဖေကို ဘယ်သူက လုပ်ကြံသလဲဆိုတာ သိရဲ့လား"

လုဟန်လုံးက ခေါင်းညိတ်လိုက်သည်။

"သူက ဘယ်သူလဲ"

လုဟန်လုံးက ခံပြင်းလာသဖြင့် အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ဒီလူဟာ အခုတလော နေရာတကာမှာရမ်းကားနေတဲ့ ကဗျာဆရာလူသတ်သမားပေါ့"

စုယယ် ထိုစကားကိုကြားရသောအခါ သူ၏ခန္ဓာကိုယ်မှာ မသိမသာတုန်လှုပ်သွား၏။

"နေပါဦး ... အဲဒီကဗျာဆရာလူသတ်သမားဆိုတာ ဘယ်သူလဲ"

လုဟန်လုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်တော်လည်း စုံစမ်းတုန်းပါပဲခင်ဗျာ"

စုယယ်သည် အတန်ကြာစဉ်းစားပြီးမှ ...

"အခုတလော ကဗျာဆရာလူသတ်သမားဟာ တော်တော်ကို နာမည်ကြီးနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လုဟာန်လုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော်က သူ့ကိုခြေရာခံပြီး လိုက်နေပါတယ်"

စုယယ်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဒီကဗျာဆရာလူသတ်သမားဟာ ဘယ်မှာနေတယ်ဆိုတာ၊ သူ့စခန်း ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူကမှ မသိဘူးကွဲ့၊ နောက် သူက ဗိုလ်မှူးဝမ်းဖုရဲ့သား ဝမ်းလင်းကို လိုက်ပြီးရှာဖွေနေတယ်လို့ ကြားသိရတယ်"

"ဟုတ်ပါတယ် ... ဒီလူဟာ မန်ချူးရဲ့လက်ပါးစေဖြစ်နေတယ်လို့လည်း ကြားသိရတယ်"

စုယယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ မကြာသေးမီက သူက သံမဏိဂိုဏ်းချုပ် မောက်ကျင်းကိုလည်း လုပ်ကြံသတ်ဖြတ်သွားသေးတယ်ကွဲ့"

လုဟာန်လုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဒီသတင်းကို ကျွန်တော်ကြားပါတယ်၊ ကျွန်တော် ဟိုကိုလိုက်သွားတဲ့အခါမှာ သံမဏိဂိုဏ်းချုပ်အလောင်းကိုပဲ တွေ့ခဲ့ရတယ်"

"သူက ဘာဖြစ်လို့ မောက်ကျင်းကိုသတ်တယ်ဆိုတာရော မင်း သိသလားကွဲ့"



"မသိပါဘူးခင်ဗျာ"

"ငါသိရသလောက်ပြောရရင် ကဗျာဆရာလူသတ်သမားဟာ သံမဏိဂိုဏ်းချုပ်မောက်ကျင်းကို ဗိုလ်မှူးရဲ့သားအကြောင်း မေးတယ်၊ မောက်ကျင်းကမပြောလို့ နှုတ်ပိတ်လိုက်တာ၊ သူ့ကဲ ငွေနဲ့လည်းဆွယ်လို့မရ၊ ခြိမ်းခြောက်လို့လည်းမရတာနဲ့ သတ်ပစ်တယ်လို့ ကြားရတာပဲ"

လုဟာန်လုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... မောက်ကျင်းက အဖမ်းမခံချင်တာနဲ့ ကိုယ့်ကိုယ်ကိုယ်အဆိပ်သောက်ပြီး သေသွားတာလို့ သိရပါတယ်"

စုယယ်သည် မျက်မှောင်ကုတ်သွားပြန်သည်။ သူ၏မျက်နှာတစ်ခုလုံးတွင်လည်း စိုးရိမ်ပူပန်သော ဟန်အမူအရာများ ထွက်ပေါ်လာသည်။

အတန်ကြာမှ သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... မဟုတ်မှလွဲရော ... ဒီကဗျာဆရာဟာ ဗိုလ်မှူးဝမ်းဖုနဲ့ပတ်သက်တဲ့လူမှန်သမျှကို လိုက်ပြီးဒုက္ခပေးတယ်လို့ ငါထင်တယ်ကွ"

လုဟာန်လုံးက ...

"ကျွန်တော်လည်း ဒီလိုပဲ ယူဆပါတယ်ခင်ဗျာ ... ဒါကြောင့် ကျွန်တော်က သူ့နောက်ကိုခြေရာခံပြီး လိုက်ရှာနေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လုဟာန်လုံးသည်စုယယ်အားတစ်ချက်တစ်ချက်ကြည့်လိုက်ပြီး စကားကိုဆက်လိုက်သည်။

"ဗိုလ်မှူးဝမ်းဖုနဲ့ တစ်ချိန်တုန်းက ရင်းရင်းနှီးနှီးဆက်ဆံဖူးတယ်ဆိုတော့ ဒီကဗျာဆရာလူသတ်သမားဟာ ..."

စုယယ်က မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ငါ့ဆီကို သူလာလိမ့်မယ်လို့ မင်းထင်သလား"

"ဟုတ်ကဲ့ ... ကျွန်တော် ဒီလိုပဲ ယူဆပါတယ်"

စုယယ်က စကားတစ်ခွန်းမှမပြောတော့ဘဲ ဟိတ်ဆိတ်စွာနေလိုက်သည်။ အတန်ကြာမှ သူက သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး

"အေးလေ ... ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ သူလာရင်တော့ ငါ ရင်ဆိုင်ရမှာပဲ"

လုဟာန်လုံးက ထပ်မံဦးညွတ်လိုက်ပြီး ...

"ဦးကို ကျွန်တော်အကူအညီတစ်ခု တောင်းချင်ပါတယ်"

"ပြောပါ ... ဘယ်လိုကူညီရမလဲ"

"ဒီရက်တွေမှာ ကျွန်တော့်ကို ဦးဆီမှာတည်းခိုခွင့်ပြုပါလို့"

"အို ... ရပါတယ်၊ ငါ့တူ ကြိုက်သလောက်နေနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဦး"

စုယယ်သည် တစ်စုံတရာကို သတိရလာပြီး ...



"နေပါဦး ... မင်းက ဒီမှာနေပြီး ကဗျာဆရာ လူသတ်သမားကို စောင့်မလို့ ... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"သူ ဒီကိုလာလိမ့်မယ်လို့ မင်းကထင်နေတယ် ... ဟုတ်လား"

"ဟုတ်ပါတယ်"

စုယယ်က ရယ်မောလိုက်သည်။

"ဒီလိုဆို မင်းက ငါ့ကိုကူညီနေတဲ့ဥစ္စာပဲ၊ ငါက ကျေးဇူးတင်ရမှာပေါ့"

သူသည် ယင်းသို့ပြောရင်း အနီး၌ရှိသောဆိုင်လုလင်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ရှောင်ဟုတ် ... ဒီဧည့်သည်ကို အပေါ်ထပ်မှာ အခန်းတစ်ခန်း လိုက်ပြလိုက်ပါကွာ"

❑

အချိန်သည် တဖြည်းဖြည်းကုန်ဆုံးလာရာ လုဟာန်လုံးသည် နန်ရှဲယန်သို့ရောက်ရှိလာသည်မှာ ခြောက်ရက်ခန့်ပင်ရှိသွားလေ…

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ... ကဗျာဆရာလူသတ်သမား၏ အရိပ်အယောင်ကိုပင် မတွေ့ရပါ။ ထို့ကြောင့် လုပ်ဟန်လုံးက စုယယ်အား တိုင်ပင်ပြီး လျှင် အနီးတစ်ဝိုက်သို့ စုံစမ်းရန်ထွက်ခွာသွားလေသည်။

လုပ်ဟန်လုံး နန့်ရွဲယန်မှထွက်ခွာသွားပြီး နောက်တစ်နေ့မှာပင် စားသောက်ဆိုင်သို့ အန္တရာယ်တစ်ခုကျရောက်လာလေသည်။

ထိုနေ့ ... နံနက်အချိန်ဖြစ်၍ လာရောက်စားသောက်သူများက နည်းပါးနေသေးသည်။ ထိုစဉ် ... အရပ်ခုနစ်ပေခန့်ရှိသော လူသန်တစ်ယောက်က ဆိုင်ထဲသို့ဝင်ရောက်လာသည်။

ထိုလူက ခွန်အားအလွန်သန်မာသောလူတစ်ယောက်ဖြစ်ပြီး ရုပ်ရည်မှာ ကြမ်းတမ်းလှပေသည်။ ဆိုင်လုလင်က ထုံးစံအတိုင်း သူ့ထံသို့ ချဉ်းကပ်သွား၏။

"ဘာများသုံးဆောင်မှာလဲ ခင်ဗျာ"

ဆိုင်လုလင်က နေရာထိုင်ခင်းကို ညွှန်ပြရင်းကြိုဆိုလိုက်လေသည်။ သို့သော် ထိုထွားကျိုင်းသန်မာသောလူက မပြောမဆိုဘဲ ဆိုင်လုလင်အား လက်သီးဖြင့်ထိုးလိုက်လေသည်။

သို့သော် ... သိုင်းပညာတတ်မြောက်ထားသော လူတစ်ယောက်မဟုတ်သည့်အတွက် သူ၏မျက်နှာကိုလက်သီးနှင့် အထိုးခံရသဖြင့် သွားများပင် ကျိုးသွားလေတော့သည်။

ထိုလူက စားပွဲများ၊ ကုလားထိုင်များကို ရိုက်ချိုးနေလေ



တော့သည်။ စားသောက်နေကြသူများမှာ ကြောက်၍ ကာ ဆိုင်ထဲမှ ထွက်ပြေးသွားကြလေသည်။

မကြာမီ ... ဆိုင်ထဲတွင်ရှိသော စားပွဲများ၊ အိုးခွက်ပန်းကန်တို့သည် ကျိုးမွဲကွဲရှပျက်စီးသွားကြသည်။ စုယယ်က ထိုသတင်းကို ကြားရသောအခါ ခြေလှမ်းသွက်သွက်ဖြင့် အောက်သို့ဆင်းလာသည်။

"ဟေ့ ... မင်းက ဘယ်သူလဲ ... စော်ကားလှချည်လား"

သူက ထိုလူသန်ကြီးဆီသို့လျှောက်သွားရင်း ဟန့်တားလိုက်သည်။

လူသန်ကြီးက စုယယ်အား တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီမှာ ... ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်နာမည် စုယယ်ပါ ... ဒီဆိုင်ပိုင်ရှင်ပါ"

စုယယ်၏စကားကိုကြားလိုက်ရသောအခါ လူသန်ကြီးသည် ဒေါသခြောင်းခြောင်းထွက်လာ၏။

"ဪ ... စုယယ်ဆိုတာ ခင်ဗျားကိုး၊ ကဲ ... သေပေတော့"

သူက ယင်းသို့ပြောရင်း သူ၏ကြီးမားသောလက်သီးဖြင့် စုယယ်အားတိုက်ခိုက်လိုက်လေ၏။ စုယယ်က မျက်မှောင်ကုတ်သွားသည်။

ဤလူသန်ကြီးသည် သက်သက်မဲ့ လာရောက်ရန်ရှာသည်

www.burmeseclassic.com

www.burmeseclassic.com



ကို ရိပ်စားမိလိုက်သည်။ သူက ထိုလူ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ပြီး ...

"ဟေ့လူ ... မင်းက ဘာဖြစ်လို့ ကျုပ်ကိုရန်မူတယ်ဆိုတာ ပြောစမ်းပါဦးကွ"

လူသန်ကြီးက ဒေါသထွက်လွန်း၍ နီရဲသောမျက်လုံးဖြင့် စုယယ်အားစိုက်ကြည့်လိုက်ပြီး ...

"ကျုပ်က သက်သက်မဲ့ ရန်မူနေတာမဟုတ်ဘူးဗျ၊ ကျုပ်နှမကို လာခေါ်တာဗျ"

စုယယ်က မျက်မှောင်ကုတ်သွားသည်။

"မင်းနှမ ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်နှမ"

"မင်းနှမက ဘယ်သွားလို့လဲကွ"

ထိုလူက စားပွဲကိုတစ်ချက်ထုလိုက်သည်။

"ကျုပ်နှမကို ခင်ဗျားက အတင်းအဓမ္မခေါ်လာပြီး အခုမှ ဘာအူကြောင်ကြောင်လုပ်နေတာလဲ"

စုယယ်သည် ထိုစကားကိုကြားလိုက်ရသောအခါ မျက်မှောင်ကုတ်သွားသည်။

"နေပါဦး ... မင်းက ဘာပြောတယ်ကွ"

လူသန်ကြီးက စုယယ်၏မျက်နှာကိုလက်ညှိုးဖြင့်ထိုးကာ



"ခင်ဗျား ဘာမသိချင်ယောင်ဆောင်နေပြန်ပြီလဲ၊ ကျုပ်နှမကို ဘယ်မှာထားသလဲ"

စုယယ် ခေါင်းခါယမ်းလိုက်သည်။

"ဒီမှာ ကိုယ့်လူ ... မင်းက ဘာတွေလာပြီးပြောနေတာလဲ၊ မင်းပြောတာ ကျုပ်တစ်ခုမှ နားမလည်ဘူး"

လူသန်ကြီးက နှုတ်ခမ်းမဲ့လိုက်ပြီး အော်ပြောလိုက်လေသည်။

"ဒီမှာ ... ကျုပ်ကို လိမ်မနေစမ်းပါနဲ့၊ ကျုပ်ညီမကို ခင်ဗျားခေါ်သွားတယ်ဆိုတာ ကျုပ်သိပြီးပါပြီ၊ အခု အမြန်ဆုံးလွှတ်ပေးပါ"

စုယယ်က ခေါင်းခါယမ်းလိုက်သည်။

"ဒီမှာကိုယ့်လူ ... ကျုပ်ပြောပြီးပါပကော ... မင်းပြောတဲ့စကားကို ဘာတစ်ခုမှ နားမလည်ပါဘူးလို့"

လူသန်ကြီးကပို၍ဒေါသထွက်လာသည်။

"ခင်ဗျားလိုလူကြီးလူကောင်းတစ်ယောက်က အခုလို လိမ်ပြောတာ ဘာကောင်းသလဲ ... ကဲကွာ"

လူသန်ကြီးက ဤသို့ပြောပြီးသည်နှင့် သူ၏လက်သီးကို စုယယ်၏မျက်နှာဆီသို့ ပစ်သွင်းလိုက်သည်။ စုယယ်က မဲ့ပြုံးပြုံးလိုက်သည်။

သူ၏ညာဘက်ဖြင့် လူသန်ကြီး၏လက်သီးကို ခံပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ လက်ချောင်းငါးချောင်းဖြင့် လူသန်ကြီး၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်၏။

လူသန်ကြီးဒေါသထွက်လာသည်။ ခြေထောက်ဖြင့် စုယယ်၏ဝမ်းဗိုက်ဆီသို့ တအားကန်ချလိုက်သည်။ သူ၏ခြေထောက်သည် အလွန်သန်မာ၏။

သို့သော် စုယယ်က ကြည့်ပင်မကြည့်ပါ။ ကန်လာသောခြေထောက်ကိုလည်း ရှောင်တိမ်းခြင်းမပြုပါ။

'ဘုတ်'

လူသန်ကြီး၏ခြေထောက်က စုယယ်၏ဝမ်းဗိုက်ကို ကန်မိလိုက်သည်။ သို့သော် ... လူသန်ကြီးမျက်နှာ ကွက်ခနဲပျက်သွားသည်။

အကြောင်းမှာ ... သူက ခွန်အားရှိသမျှဖြင့် ကန်လိုက်သော်လည်း စုယယ်၏ဝမ်းဗိုက်ကို ထိမိသွားသောအခါ ... စုယယ်၏ဝမ်းဗိုက်က ပျော့တိပျော့ခွဲဖြင့် ဂွမ်းပုံတစ်ပုံကို ကန်လိုက်မိသည်ဟု ထင်မှတ်လိုက်ပေသည်။

စုယယ်မှာမူ မည်သို့မှမဖြစ်ဘဲ ပြုံး၍သာကြည့်နေလေသည်။

❑



လူသန်ကြီးမျက်နှာတစ်ခုလုံးသည် ညိုမည်း၍နေသည်။ သူသည် အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ခံပြင်းခြင်းဖြင့် စုယယ်အား ကြောင်အမ်းအမ်းဖြင့်ကြည့်နေသည်။

ထိုအခါ ... စုယယ်က ရယ်မောလိုက်သည်။

"ဘယ့်နှယ်လဲ ... မကျေနပ်သေး နောက်ထပ်ကန်လိုက်ပါဦးလား"

လူသန်ကြီး ဒေါသခြောင်းခြောင်းထွက်သွားသည်။

"ကျုပ်လက်ကို အမြန်ဆုံးလွှတ်ပါ၊ နို့မဟုတ်ရင် ကျုပ်မြို့တော်ဝန်ကို သွားတိုင်ရလိမ့်မယ်"

ထိုအခါ ... စုယယ်က ရယ်မောလိုက်ပြန်သည်။

"ဩော် ... မင်းကငါ့လူတွေကိုလည်း ရိုက်သေးတယ်၊ ဆိုင်ကိုလည်း ဖျက်ဆီးတယ်၊ အခုလည်း ငါ့ကို မြို့တော်ဝန်ဆီသွားတိုင်မယ် ... ဟုတ်လား၊ အို ... သိပ်ကောင်းတာပေါ့၊ ကဲ ... သွားကြမယ်"

သူကလူသန်ကြီး၏လက်ကောက်ဝတ်ကိုကိုင်လျက် ဆိုင်ထဲမှ ဆွဲခေါ်ကာထွက်လာလေသည်။

သူက ဆိုင်ထဲမှထွက်လိုက်သည်နှင့် အေးစက်နေသောအသံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဒါကတော့ သူဌေးကြီးက လွန်ပြီထင်တယ်"

ထိုအသံကိုကြားလိုက်ရသည်နှင့် စုယယ်၏မျက်နှာမှ ကွက်ခနဲပျက်သွားလေသည်။ သူသည် ခေါင်းမော်ကြည့်လိုက်သည်။

ဆိုင်ရှေ့တွင် အနက်ရောင်အင်္ကျီရှည်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

တာမင်ဟုမြို့တွင် နာမည်ကြီးသော လူမိုက်များစွာ ရှိသည်။ ထိုလူမိုက်များအနက် နာမည်အကြီးဆုံး၊ အကောက်ကျစ်ဆုံးလူမှာ ဤအနက်ရောင်ဝတ်ဆင်ထားသောသူ ဖြစ်ပါသည်။

ဤလူသည် ဤမျှကျော်ကြားသည်မှာ သန်မာထွားကျိုင်းပြီး စွမ်းအားထက်မြက်သည်ဟု မယူဆလိုပါ။ သူသည် အလွန်ပိန်လှီပြီး အသားအရေမှာလည်း လူမမာတစ်ယောက်ပမာ ဝါကျင့်ကျင့်ဖြစ်နေသည်။

သို့သော် ... သူသည်ထွားကျိုင်းခြင်း၊ သန်မာခြင်းမရှိသော်လည်း သိုင်းပညာရပ်မှာကား အလွန်ထူးချွန်၏။



တာမင်ဟုမြို့မှာရှိသော လူမိုက်မြောက်မြားစွာအနက် ဤလူက သိုင်းပညာအတော်ဆုံးပင်ဖြစ်သည်။ သူ၏အမည်ကား မျက်နှာဝါလူမိုက် 'ထုံချူ' ဖြစ်ပါသည်။

တာမင်ဟုမြို့တွင် ရှိသမျှသောလူဆိုး၊ လူပွေ၊ လူတော၊ လူမိုက်များ၊ ဒုစရိုက်ကောင်များ၊ လောင်းကစားအိမ်၊ ပြေးတန်းစား မယ်ဂေဟာများသည် သူ၏လက်အောက်တွင်ရှိကြသည်။

အကြောင်းမှာ ... မြို့တော်ဝန်ဟန်ကျဲ၏ဇနီးသည် ထုံချူ၏နှမပင် ဖြစ်ပါသည်။ သူသည် မိန်းမကို အလွန်ကြောက်ရသည်ဟု တာမင်ဟုတစ်မြို့လုံးက သိထားကြသည်။

ထို့ကြောင့် ... ထုံချူက နှမအားကိုးဖြင့်ထင်ရာလုပ်ကိုင်နေခြင်းဖြစ်ပါသည်။ ယခု စုယယ်က ထုံချူအားတွေ့မြင်လိုက်ရသည်နှင့် မျက်မှောင်ကုတ်သွားလေသည်။

သူ၏စိတ်ထဲတွင် သတိထားမိလာလေ၏။ ထုံချူက မည်သည့်အကြောင်းကြောင့် 'နန်းရွှဲယန်' သို့ရောက်လာရသနည်း။

သူက ယခုကဲ့သို့လာရောက်ခြင်းမှာ မည်သည့်နည်းနှင့်မဆို ကောင်းသောလာခြင်းမဟုတ်သည်က အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထုံချူ၏မျက်နှာသည် ဝါကြင့်ကြင့်အရောင်ရှိနေ၏။ သူ့အား ရုတ်တရက်ကြည့်လိုက်မိလိုက်ပါက မည်သည့်အရာနှင့်မှမတူဘဲ ကောက်ရိုးပုံပေါ်မှ နှံကောင်တစ်ကောင်နှင့်တူလှသည်ဟုထင်ရမည်ဖြစ်ပါသည်။

သူ၏အသံသည် ကျယ်လောင်သည်ဟု မဆိုနိုင်ပါ။ သို့သော် ... လူသန်ကြီးသည် သူ့အားတွေ့မြင်လိုက်ရသည်နှင့် ကယ်တင်ရှင်တစ်ဦးအားတွေ့မြင်လိုက်ရသည့်အလား ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေတော့၏။

သူသည် စုယယ်ထံမှရုန်း၍ထိုလူထံပြေးရန်ကြိုးစားသည်။

“အမလေး”

စုယယ်၏လက်ချောင်းများသည် တင်းကျပ်စွာဖြင့် မိ၍ဆုပ်ထားလိုက်သည်။ ထိုအခါ ... လူသန်ကြီးမှာ နာကျင်လွန်း၍ အော်လိုက်သည်။ မျက်ရည်များပင်ကျဆင်းလာသည်။

“ကျွန်တော့်ကို ကယ်ပါဦး အဘထုံရယ်”

ထုံချူသည် အေးစက်စွာပြုံးလိုက်သည်။ သူ၏နီရဲသောမျက်လုံးအစုံသည် စုယယ်အား စိုက်ကြည့်ရင်း ...

“မိတ်ဆွေက သိုင်းလောကကအနားယူလိုက်တာ နှစ်အတန်ကြာသွားပေမယ့် သိုင်းပညာက ဆုတ်ယုတ်မသွားတဲ့အပြင် တိုး



တက်တောင်လာသေးသကိုး”

စုယယ်က ပြုံးလိုက်သည်။

“ဟဲ ဟဲ ဟဲ ... ဆရာထုံရယ် ... ကျုပ်တို့ တာမင်မြို့မှာ ဒါလောက်ကြာကြာနေခဲ့တဲ့လူတွေပဲ၊ ဒီမြို့ရဲ့အခြေအနေဟာ ခင်ဗျားသိထားသလို ကျုပ်လည်းသိပါတယ်၊ ကျုပ်သာ သိုင်းပညာလေ့ကျင့်မထားရင် ...”

သူသည် တစ်ချက်ပြုံးလိုက်ပြီး ...

“ဟဲ ဟဲ ဟဲ ... အခုလောက်ဆိုရင် ဒီမှာနေလို့ ဘယ်ရတော့မှာလဲ ... အဝေးကြီးလွင့်သွားပြီပေါ့ဗျာ”

ထုံချူက ခေါင်းညိတ်လိုက်သည်။

“ဒါလည်း ဟုတ်သားပဲ”

ထို့နောက် သူကဆက်၍ ...

“ဒါပေမဲ့ အခုလိုသိုင်းပညာလုံးဝမတတ်တဲ့လူတစ်ယောက်ကို နိုင်ထက်စီးနင်းလုပ်တာတော့ မတရားဘူးလို့ ထင်ပါတယ်ဗျာ”

“နေပါဦး ... သူက ဗလအားကိုးနဲ့ ကျုပ်ဆိုင်ကလူတွေကို သွားကျိုးအောင်ရိုက်ထားတာကို တရားတယ်လို့ ပြောချင်သလား”

“ဒါက ဒီလိုရှိပါတယ် ... သူက သူ့ရဲ့ညီမအတွက်စိတ်မွန်သွားလို့ အခုလိုဖြစ်သွားရတာပါ၊ ဒီအတွက် ကျုပ်တောင်းပန်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ထုံချူက စုယယ်အား စေ့စေ့ကြည့်လိုက်ပြီး ...

"ခင်ဗျားကသာ သူ့ညီမကိုပြန်လွှတ်ပေးမယ်ဆိုရင် အခု ဖြစ်ပွားခဲ့တဲ့ကိစ္စအားလုံးကို ကျုပ် တာဝန်ယူပြီးလျော်ကြေးပေးပါ့ မယ်"

စုယယ် မျက်လုံးပြူး၍ ကြည့်လိုက်၏။

"နေပါဦး ... သူ့ညီမ ကျုပ်ဆီမှာရှိမယ်လို့ ဘယ်သူက ပြောသလဲ"

ထုံချူက အေးစက်စွာပြုံးပြီး ...

"ဒီမှာစုယယ် ... ခင်ဗျားကိုယ်ခင်ဗျား ပိရိလှပြီလို့ထင်ပေ မယ့် အမှန်တရားဟာ ဖုံးကွယ်လို့မရပါဘူး"

စုယယ် ဒေါသထွက်သွားသည်။

"ဟေ့ ထုံချူ ... ခင်ဗျားစကားပြောတာ ကြည့်ပြောပါကွ၊ ဘာတွေရှုပ်ရှုပ်ယှက်ယှက် ကျုပ်ကိုလာစွပ်စွဲနေတာလဲ"

"ကျုပ် စွပ်စွဲတာမဟုတ်ဘူးဗျ၊ ခင်ဗျားကသာ လူကသာ အသက်ကြီးတယ်၊ လုပ်တဲ့အလုပ်က တော်တော်ယုတ်မာပါလားဗျ"

ထိုအခါ ... စုယယ်က ဒေါသထွက်လာ၏။

"နေပါဦး ... ခင်ဗျားပြောတာ ကျုပ်တစ်ခုမှနားမလည်ဘူး၊ ကျုပ်သိအောင် ပြောပြမှပေါ့"

ထုံချူက မဲ့ပြုံးပြုံးလိုက်သည်။



"ဒီမှာ စုယယ် ... အိပ်ချင်ယောင်ဆောင်တဲ့လူကို အနှိုးရ ခက်တယ်ဆိုတာ တော်တော်မှန်ပါလား"

သူက လူသန်ကြီးကိုညွှန်ပြလိုက်ပြီး ...

"ခင်ဗျားက သူ့နှမကို အတင်းအဓမ္မခေါ်ယူပေါင်းသင်းနေ ထိုင်တယ်ဆိုတာ ကျုပ်တို့ တိတိကျကျရခဲ့ပါပြီဗျာ"

ထိုစကားကြားလိုက်ရသောအခါ စုယယ် ဒေါသထွက်လွန်း ၍ တစ်ကိုယ်လုံးပင် တုန်တုန်ယင်ယင်ဖြစ်သွားသည်။

စုယယ်သည် ရိုးသားသောလူတစ်ယောက်ဖြစ်သည်။ ရိုး ရိုးသားသားနေထိုင်ပြီး မှန်မှန်ကန်ကန်လုပ်တတ်သည်။ ဤကဲ့သို့ သူ့အားစွပ်စွဲသည့်ကိစ္စကို သူ မခံချင်ဆုံးဖြစ်ပါသည်။

"ထုံချူ ... ဒီကိစ္စကို ခင်ဗျားအသိဆုံးပါဗျာ၊ ဒီကိစ္စကို ကျုပ် သိလည်းမသိဘူး၊ လုပ်လည်းမလုပ်ဘူး"

"ဟဲ ဟဲ ဟဲ ... ခင်ဗျားကလူကြီးလူကောင်းမျက်နှာဖုံးစွပ်ပြီး မဟုတ်မတရားတွေလုပ်နေတာ ကျုပ် မသိဘူးမှတ်နေသလား"

စုယယ်ခါးထောက်လိုက်သည်။

"ဒီမှာ ထုံချူ ... ခင်ဗျား ကျုပ်ကိုရန်ရှာချင်တယ်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ အခုလို မဟုတ်မတရား စွပ်စွဲမနေပါနဲ့"

ထုံချူက စုယယ်အား စေ့စေ့ကြည့်လိုက်သည်။

"ဒီမှာ ကျုပ်တစ်ခွန်းပဲမေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ"

"ခင်ဗျားက သူ့ညီမကို တကယ်ခေါ်မထားဘူး ... ဟုတ်လား"

"အို ... ကျုပ်ဘယ်နှခါပြောရမှာမှာလဲ"

"ဒါဖြင့်လွယ်ပါတယ် ... ခင်ဗျားအိမ်ကို ကျုပ်ရှာကြည့်မယ်လေ"

စုယယ်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်အိမ်ကို ခင်ဗျားက ဘာမို့လို့ရှာပိုင်ခွင့်ရှိတာလဲ"

"ဒီကိစ္စကို ခင်ဗျားမလုပ်ရိုးမှန်ရင် ဘာဖြစ်လို့ အရှာမခံရဲရမှာလဲ"

စုယယ်လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ကျုပ် အရှာမခံရဲတာမဟုတ်ဘူး၊ ခင်ဗျား ကျုပ်အိမ်ကို ဘာကြောင့်ရှာပိုင်ခွင့်ရှိတယ်ဆိုတာကို ကျုပ်မေးနေတာဗျ"

ထုံချူက လက်ကာပြလိုက်သည်။

"စိတ်ချ ... ကျုပ်တစ်ယောက်တည်း ရှာမှာမဟုတ်ဘူး၊ မင်းမှုထမ်းတွေလည်း ပါလာတယ်ဗျ၊ သူတို့က ရှာပါလိမ့်မယ်"

စုယယ် မျက်မှောင်ကုတ်သွားသည်။ သူသည် အတန်ကြာ စဉ်းစားနေ၏။

အကယ်၍ မိမိကအရှာမခံပါဟု ငြင်းပယ်လိုက်လျှင် မိမိ



အား သူတို့က နာမည်ဖျက်မှာအမှန်ပင်ဖြစ်သည်။ သူသည် ယင်းသို့ တွေးမိလိုက်သည်နှင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ခင်ဗျားတို့ရှာချင်သပဆိုရင် ရှာနိုင်ပါတယ်ဗျာ"

ဟု ခွင့်ပြုလိုက်သည်။

❑

ထုံချူသည် လူမိုက်လူပွေ၊ လူရှုပ်တစ်ယောက်ဖြစ်သည်။ တာမင်ဟုမြို့တွင် သူသည် လူမိုက်၊ လူပွေ၊ လူရှုပ်တို့၏ခေါင်းဆောင်ဖြစ်သည်။

ဒုစရိုက်လောကတစ်ခုလုံးကိုလည်း ဦးဆောင်သော လူတစ်ယောက်လည်းဖြစ်သည်။ ဥပဒေအရဆိုလျှင် ထုံချူသည် တာမင်ဟုမြို့ အုပ်ချုပ်ရေးအရာရှိ၏ မဟာရန်သူဖြစ်ရမည်။

သို့သော် ... ဤသို့မဟုတ်ပါ။ တာမင်ဟုမြို့၏ အုပ်ချုပ်ရေးအရာရှိသည် ထုံချူနှင့်မဟာရန်သူမဖြစ်သည့်အပြင် အလွန်ရင်းနှီးသော မိတ်ဆွေဖြစ်နေကြလေသည်။

သူတို့နှစ်ယောက်ပူးပေါင်းပြီးလျှင် ရသမျှပစ္စည်းများကို ခွဲ

www.burmeseclassic.com

www.burmeseclassic.com



ဝေယူကြလေသည်။ မြို့တော်ဝန်ဟန်ကျဲက ထိုလူနှစ်ယောက်၏ သ
တင်းကို ကြားသိထား၏။

သူတို့နှစ်ယောက်၏အပြစ်များက ပြင်းထန်သော အပြစ်
ဒဏ်ပေးနိုင်သည်အထိ ကျူးလွန်ထားမှန်းသိသည်။ သို့သော် သူ
သည် မည်သို့မှမတတ်နိုင်ဘဲ လက်ပိုက်ကာကြည့်နေရလေသည်။

အကြောင်းမှာ ... သူသည်မိန်းမဖြစ်သူကို ကြောက်နေရ
ခြင်းကြောင့်ဖြစ်သည်။ မြို့တော်ဝန်ကတော်က သူ၏အစ်ကိုဖြစ်သူ
မှာ မတရားသောလုပ်ရပ်များကို လုပ်ကိုင်လျက်ရှိနေသည်ကို သိ
လျက်နဲ့ပင် အကာအကွယ်ပေးထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ... မြို့တော်ဝန်ကထုံချူအား ဥပဒေအရ အရေး
ယူလိုသော်လည်း မယူဘဲ ယခုကဲ့သို့ လက်ပိုက်ကြည့်နေရခြင်းဖြစ်
သည်။

သူ့လက်အောက်ရှိ အုပ်ချုပ်ရေးအရာရှိ၏အမည်မှာ 'စုတိုး'
ပင်ဖြစ်ပါသည်။ အသက်ငါးဆယ်ကျော်ရှိပြီဖြစ်သော်လည်း အလွန်
သန်မာသောလူတစ်ယောက်ဖြစ်သည်။

စုတိုးက ဂူးမီဂိုဏ်း၏ အဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။ သိုင်း
ပညာရပ်မှာလည်း အတော်အတန် သင်ကြားတတ်မြောက်ထား
သော လူတစ်ယောက်ဖြစ်သည်။

ယခုအုပ်ချုပ်ရေးအရာရှိ စုတိုးက နန်းရွဲယန်စားသောက်



ဆိုင်၏ရှေ့တွင် ရောက်ရှိနေပြီဖြစ်ပါသည်။

❑

အုပ်ချုပ်ရေးအရာရှိစုတိုး၏နောက်တွင် သိုင်းသမားခြောက်
ယောက်နှင့် ဓားရေးကျွမ်းကျင်သော အာဏာသားနှစ်ဆယ်ခန့် အ
သင့်ရပ်လျက်ရှိနေကြသည်။

စုယယ်သည် နန်းရွဲယန်မှထွက်လာသည်နှင့် စုတိုးအား
ချက်ချင်းတွေ့မြင်လိုက်ရလေသည်။ စုတိုးက အေးဆေးစွာရပ်လျက်
သူ၏လက်ထဲတွင် ဆေးတံရှည်တစ်ခုကိုင်လျက် ဆေးများထည့်ကာ
ဖွာရှိုက်၍နေလေသည်။

တော်ရုံတန်ရုံလူတစ်ယောက်က ယင်းကဲ့သို့ အာဏာအရှိန်
အဝါကြီးသော စုတိုးအားတွေ့မြင်လိုက်ရသည်နှင့် ဒူးတုန်မည်မှာ
သေချာသည်။

စုယယ်ကဲ့သို့ ပုဂ္ဂိုလ်ပင်လျှင် ... စုတိုး၏ပုံဟန်ကို တွေ့
မြင်လိုက်ရသည်နှင့် ရင်ထဲမှာထိတ်လန့်သွားမည်မဟုတ်ပါလော။ စု
ယယ်နားလည်လိုက်ပေသည်။

မိမိအား ထုံချူးနှင့်စုတိုး ပေါင်းကာ ထောက်ချောက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားခြင်းဖြစ်သည်ကို ရိပ်စားမိလိုက်သည်။ သူသည် ထိုကြောက်မက်ဖွယ်ရာကောင်းသော ထောက်ချောက်ထဲသို့ကျရောက်သွားမည်ဖြစ်သည်။

❑

စုယယ်၏ကြိုတင်တွက်ဆချက်မှာ မှန်ကန်နေလေသည်။ ဟုတ်ပါသည်။ ထုံချူတို့က ထောင်ချောက်တစ်ခု သူ့အတွက် ဆင်ထားခြင်းဖြစ်ပါသည်။

အလွန်ယုတ်မာပြီး ကြောက်မက်ဖွယ်ရာကောင်းသော ထောင်ချောက်တစ်ခုဖြစ်ပါသည်။ သူတို့၏ထောင်ချောက်မှာ ရေတွင်းတစ်ခုထဲ၌ ဆင်ထားခြင်းဖြစ်သည်။

ဤရေတွင်းက ရေများခန်းခြောက်နေပြီဖြစ်သော ရေတွင်းတစ်ခုဖြစ်သည်။ ထိုရေတွင်းအား အသုံးမပြုခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီဖြစ်ပါသည်။

ထုံချူနှင့်စုတိုးတို့သည် အာဏာသားနှစ်ဆယ်ကျော်ဦးဆောင်၍ စုယယ်၏အိမ်ထဲသို့ ဝင်၍ရှာဖွေကြသည်။ ထို့နောက် မီးဖိုချောင်၊ နွားတင်းကုပ်ပါမကျန် ရှာဖွေကြသည်။



သူတို့၏ပရမ်းပတာရှာဖွေမှုကြောင့် အိမ်ပတ်ဝန်းကျင် တစ်ခုလုံး ရှုပ်ပွ၍နေလေသည်။ အဆောက်အအုံတစ်ခုလုံးတွင် ရှာဖွေပြီးနောက် ... သူတို့စွပ်စွဲသော မိန်းကလေးအားမတွေ့ရသေးချေ။

သို့သော် ... သူတို့သည် လက်မလျှော့ပါ။ ခြံဝင်းထဲသို့ဆင်း၍ရှာဖွေကြပြန်သည်။ နောက်ဆုံးထုံချူ၏ညွှန်ပြချက်အရ အာဏာသားတစ်စုတို့သည် ခြံဝင်းထဲရှိ ခန်းခြောက်နေသော ရေတွင်းအား ရှာဖွေကြပြန်သည်။

"ဟော ... ဒီမှာ တွေ့ပြီ၊ တွေ့ပြီ"

အာဏာသားတစ်ယောက်၏ ကျယ်လောင်စွာအော်လိုက်သောအသံသည် ခြံဝင်းတစ်ခုလုံးအားဟိန်း၍ထွက်သွားလေတော့သည်။

❑

အာဏာသား၏အော်သံကြောင့် လူများသည် ထိုရေတွင်းရှိရာသို့ စုပြုံရောက်ရှိလာကြလေသည်။ စုယယ်သည် မျက်မှောင်ကုတ်လိုက်သည်။

ဤခန်းခြောက်နေသော ရေတွင်းတွင်မည်သည့်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



များ ရှိပါသနည်း။ သူသည် ဤသို့တွေးနေစဉ်မှာပင် စုတိုးက သူ့အား လှောင်ပြုံးပြုံးပြလိုက်သည်။

"ကဲ သူဌေးကြီးခင်ဗျာ ... သွားပြီးကြည့်ကြရအောင်လေ"

သူသည် ပြောပြီး ရေတွင်းဆီသို့လျှောက်သွားလေသည်။ စုယယ်ကလည်း တွေဝေငေးမောခြင်းဖြင့် လိုက်သွားလေသည်။ ထိုစဉ် ... အာဏာသားတစ်ယောက်၏အသံကို ကြားလိုက်ရလေသည်။

"ဟေ့ ... ရေတွင်းထဲက ပုပ်စော်နံတယ်ဟေ့"

ထိုအသံကို ကြားလိုက်ရသည်နှင့် စုယယ်၏တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ ဤနေရာတွင် သူ နေ့စဉ်နေ့တိုင်း လာရောက်ပြီး သိုင်းလေ့ကျင့်ခဲ့သည်။

ထိုရေတွင်း၏အခြေအနေကို သူအသိဆုံး ဖြစ်ပါသည်။ သို့သော် ... သူသည် ထိုရေတွင်းအနီးသို့ ရောက်ရှိသွားသောအခါ အာဏာသားပြောသည့်အတိုင်း အလွန်ဆိုးဝါးသောအနံ့များ ထွက်နေသည်ကိုသိလိုက်ရသည်။

ထိုအခါ ... စုတိုးက မျက်နှာတစ်ခုလုံး ကျောက်ပေါက်ရာရှိသော အာဏာသားတစ်ယောက်အား ...

"ဂူးလောက်ပ"

ဟုခေါ်လိုက်လေသည်။ ထိုအာဏာသားက ခြေစုံရပ်လိုက်ပြီး ဦးညွှတ်လိုက်သည်။



"ရှိပါတယ်ဆရာ"

"ဒီရေတွင်းထဲမှာ ဘာတွေရှိသလဲဆိုတာ ဆင်းကြည့်စမ်း"

ဂူးယောက်ပအမည်ရှိအာဏာသားက ရေတွင်းထဲဆင်းရမည်ကို တုံ့နှေးနှေးဖြစ်နေသည်။ စုတိုးက သူ၏ပခုံးကိုတစ်ချက်ပုတ်လိုက်ပြီး ...

"မင်း ဘာငိုင်နေတာလဲ၊ မင်း ဘာစဉ်းစားနေတာလဲ၊ မနက်ဖြန်ဆို မင်း ရာထူးတိုးလာနိုင်တဲ့အခွင့်အလမ်း ရှိသွားမယ်ကွ"

ဂူးလောက်ပသည် ထိုစကားကိုကြားလိုက်ရသည်နှင့် သူ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။ သူသည် ခေါင်းကိုညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ဟုတ်ကဲ့ ... ကျွန်တော်ဆင်းပါ့မယ်"

စုတိုးကပြုံးလိုက်သည်။

"အေး ... ဒီလိုမှပေါ့"

ဂူးလောက်ပသည်အပေါ်အင်္ကျီကိုချွတ်လိုက်ပြီး ကြိုးတစ်ချောင်းကို ပန်းကိုင်းပေါ် ရစ်ပတ်လိုက်သည်။ ထို့နောက် ရေတွင်းထဲသို့ သတိကြီးစွာ ဆင်းသွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းသည် နက်လှသည်မဟုတ်ပါ။ ဂူးလောက်ပသည့် ရေတွင်းထဲသို့ဆင်းသွားလိုက်သည်နှင့် အားလုံး၏မျက်လုံးများသည် ထိုရေတွင်းဝသို့ စိုက်ကြည့်နေကြလေသည်။

ရေတွင်းထဲမှ အပုပ်နံ့များသည် လေနှင့်အတူပျံ့လွင့်လာသဖြင့် အားလုံး၏နှာခေါင်းများကိုပိတ်ထားလိုက်ရလေသည်။ ထိုဆိုးဝါးသော အနံ့အသက်များသည်မည်သို့ စဉ်းစားရန်မလိုပါ။

ယင်းဆိုးဝါးသော အနံ့အသက်က ပုပ်သိုးသောသတ္တဝါတစ်ခုခုမှထွက်ပေါ်လာသော အနံ့အသက်ဖြစ်နေသည်မှာ ယုံမှားဖွယ်ရာမရှိပါ။

အားလုံးက ဂူးလောက်ပ ရေတွင်းထဲမှပြန်တက်လာမည်ကို စောင့်ဆိုင်းနေကြသည်။ စုယယ်သည် သိုင်းလောကမှာ နှစ်အတန်ကြာ ကျင်လည်ကျက်စားခဲ့သဖြင့် ထိုရေတွင်းမှပျံ့လွင့်လာသော အနံ့အသက်က လူသေအလောင်းတစ်ခုမှထွက်ပေါ်လာသော အနံ့ဖြစ်သည်ကို ရိပ်စားမိလိုက်သည်။

ယခု သူသည် ထုံချူနှင့်စုတိုးတို့၏ ယုတ်မာသောအကြံအစည်ကို သဘောပေါက်နားလည်ပြီးဖြစ်ပါသည်။

သူတို့သည် လူတစ်ယောက်အားသတ်ပြီး အလောင်းအား ရေတွင်းထဲလာရောက်ချထားပြီး မိမိအား လူသတ်ကောင်တစ်



ကောင်အဖြစ် ဖန်တီးထားသောထောင်ချောက်တစ်ခု ဖြစ်ရမည်။

ထိုလူသန်ကြီးက သူတို့၏ယုတ်မာသောအကြံအစည်ကို သိဟန်မတူပါ။ ထိုလူသန်ကြီး၏ ဝတ်စားဆင်ယင်ပုံနှင့် စကားပြောသောလေသံမှာ ဤမြို့တွင်နေထိုင်သောလူမဟုတ်သည်မှာ ထင်ရှားလှသည်။

ထိုလူသန်ကြီးက သူ၏ညီမနှင့်အတူ ဤမြို့သို့ရောက်လာပြီး ထုံချူနှင့်စုတိုးတို့က သူတို့၏အကြံအစည်တွင်အသုံးချလိုက်ခြင်းဖြစ်ရမည်ဟုလည်း သူတွေးမိလေသည်။

ယခုရေတွင်းပျက်ထဲမှ ထိုလူသန်ကြီး၏နှမအလောင်းရှိရမည်မှာ သေချာလှပေသည်။ စုယယ်က ဤသို့တွေးပြီး ဒေါသဖြစ်ခြင်း၊ ခံပြင်းခြင်း၊ စိတ်မကောင်းဖြစ်ခြင်းများ ဖြစ်နေပါသည်။

သူစိတ်မကောင်းဖြစ်ရခြင်းမှာ အပြစ်မဲ့သော လူသန်ကြီး၏နှမက ကံဆိုးစွာဖြင့်အသက်ဆုံးရှုံးရခြင်းကြောင့် ဖြစ်လေသည်။

သူဒေါသထွက်ခြင်းနှင့်ခံပြင်းခြင်းမှာ ထုံချူနှင့်စုတိုးတို့က မိမိအားယုတ်မာသောအကြံအစည်ဖြင့် လုပ်ကြံခြင်းဖြစ်ပါသည်။

ထိုအချိန်၌ ခြံဝင်းတစ်ခုလုံးကို အာဏာသားများ၊ သိုင်းသမားများက ဝိုင်းရံလျက်ရှိနေပြီဖြစ်ပါသည်။ မီးတုတ်များ၏အလင်းရောင်များက ခြံဝင်းတစ်ခုလုံးကို ထိန်ထိန်လင်းစေသည်။

ခြံဝင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေသည်။ အားလုံး၏မျက်

www.burmeseclassic.com

www.burmeseclassic.com



လုံးများသည် ရေတွင်းဆီသို့သာအာရုံစိုက်နေကြသည်။ ရုတ်တရက် ဂူးလောက်ပ၏ဦးခေါင်းက ရေတွင်းအဝမှ ထွက်ပေါ်လာသည့်ကို တွေ့ရလေသည်။

ထုံချူ၏မျက်နှာတစ်ခုလုံးသည် ကောက်ကျစ်စဉ်းလဲသော အပြုံးတစ်ခု ဖြစ်ပေါ်လာလေသည်။ စုတိုး၏စိတ်ထဲမှာလည်း ကျေနပ်နေသည်။

ဂူးလောက်ပသည် ရေတွင်းထဲမှ အမျိုးသမီးအလောင်းကို ထမ်း၍ ထွက်လာခဲ့သည်နှင့် သူသည် စုယယ်အားဖမ်းဆီးရန် အသင့်ပြင်ထားနေပြီဖြစ်ပါသည်။

အားလုံးသောလူများက ဂူးလောက်ပအားစိုက်၍ကြည့်နေကြသည်။ နောက်ဆုံး ... ဂူးလောက်ပသည် ရေတွင်းမှတက်လာသည်။

သူ၏ကျောကုန်းပေါ်မှာလည်း သွေးခြင်းခြင်းနီရဲသောအလောင်းတစ်လောင်းပါလာသည်။ သို့သော် ထိုအလောင်းသည် စုတိုးနှင့်ထုံချူတို့မျှော်လင့်ထားသော အမျိုးသမီးအလောင်းမဟုတ်ပါ။

ဤသို့ဆိုပါလျှင် မည်သူ့အလောင်း ဖြစ်ပါသနည်း။

ယောကျ်ားအလောင်းလည်း မဟုတ်ပါ။ ထိုအလောင်းကို မြင်တွေ့လိုက်ရသောအချိန်အတောအတွင်း လူများအားလုံးသည်



တွေဝေ သွားကြသည်။

အထူးသဖြင့် ထုံချူနှင့်စုတိုးတို့ပင် ဖြစ်ပါသည်။ သူတို့၏ မျက်နှာများသည် ကွက်ခနဲပျက်သွားပြီးလျှင် သူတို့၏မျက်လုံးများမှာလည်း အံ့ဩဟန်အမူအရာများ ပေါ်လွင်နေလေသည်။

အကြောင်းမှာ ...

ဂူးလောက်ပ ရေတွင်းမှသယ်ဆောင်လာသောအလောင်းက လူသေလောင်းမဟုတ်ပါ။ ပုပ်ပွသော ဝက်သေကောင်အလောင်းသာ ဖြစ်ပါတော့သည်။

ဂူးလောက်ပသည် အချိန်တစ်ရာခန့်ရှိ ဝက်သေကောင်ကို ရေတွင်းထဲသို့ထမ်း၍ တက်လာပြီးသောအခါ သူက အလွန်မောပန်းနေလေသည်။

သို့သော် ... သူ၏စိတ်ထဲ၌ရာထူးတက်မည့်အရေးကို တွေးပြီးနောက် ကြည်နူးနေလေသည်။ အုပ်ချုပ်ရေးအရာရှိ၏ တာဝန်ပေးချက်များကို သူက အောင်မြင်စွာထမ်းဆောင်ခဲ့ပြီ မဟုတ်ပါလား။

ဂူးလောက်ပသည် ဝက်သေကောင်အား မြေပေါ်သို့ ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် ခြေစုံရပ်ကာ စုတိုးအားအရိုအသေပေးလိုက်ပြီး ...

"ကျွန်တော်ပေးတဲ့တာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ပြီဆရာ"

ဟု သတင်းပို့လိုက်လေသည်။ စုတိုးက စကားတစ်ခွန်းမှ မပြောပါ။ သူ၏မျက်နှာတစ်ခုလုံးသည် နီမြန်းနေ၏။

အတန်ကြာငေး၍ရပ်နေသော ထုံချူက မနေနိုင်တော့ပါ။ သူသည် ရှက်ရမ်းရမ်းကာ ဝူးလောက်ပ၏ပါးကို တအားရိုက်ချလိုက်သည်။

'ဖျန်း ...'

ဝူးလောက်ပသည် ဘုမသိဘမသိ အရိုက်ခံလိုက်ရသဖြင့် သူ၏ပါးကိုပွတ်ကာ ...

"ကျွန်တော် ကျွန်တော် ဘာမျှားမှားလို့လဲခင်ဗျာ"

ဟု ကန့်ကွက်ပြောဆိုလိုက်လေသည်။ ထုံချူက နောက်ထပ်ရိုက်ရန် လက်ရွယ်လိုက်သည်။ စုတိုးက လက်ကာ၍ ဟန့်တားလိုက်၏။

"ရေတွင်းထဲမှာ ဒီဝက်သေကောင်အပြင် တခြားဘာမှမတွေ့ဘူးလား"

"ဟုတ် ... ဟုတ်ကဲ့ ... ဝက်သေကောင်ကလွဲလို့ ဘာမှမရှိပါဘူးခင်ဗျား"



ဝူးလောက်ပက ပါးပြင်အားပွတ်ရင်း ပြန်ဖြေလိုက်သည်။ ရုတ်တရက် ...

"ဟား ဟား ဟား"

ရယ်မောသံတစ်သံထွက်ပေါ်လာလေသည်။ ယင်းအသံသည် ခြံဝင်း၏ဝဲဘက်ဆောင်ရှိ သစ်ပင်တစ်ပင်ပေါ်မှထွက်ပေါ်လာခြင်းဖြစ်သည်။

"ဘယ်သူလဲ"

စုတိုးက မေးလိုက်သည်။

"ကျုပ်ပါဗျာ၊ အရာရှိကြီးက ဝက်သေကောင်ကိုစားချင်တယ်မဟုတ်လား၊ ဘာလဲ ... တစ်ကောင်မလောက်ဘူးလား၊ ဒါဖြင့် ဒီမှာ အငယ်တစ်ကောင်ရှိသေးတယ်၊ ကဲ ပစ်လိုက်မယ် ... ဖမ်းယူပေတော့"

သစ်ပင်ပေါ်မှ အသံထပ်မံထွက်ပေါ်လာသည်။ စုတိုးက အသံလာရာသစ်ပင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

သူသည် လှမ်း၍အော်မည်အပြုတွင် ထိုသစ်ပင်၏သစ်ရွက်ကြားမှ အရိပ်တစ်ခုက သူတို့ထံ အရှိန်ပြင်းစွာဖြင့် ထိုးဆင်းလာသည်ကိုတွေ့လိုက်ရသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ထိုအရိပ်သည် အရှိန်အလွန်လျင်မြန်သည်။ စုတိုးသည် ရင်
ထိတ်သွားသည်။ မိမိအား တစ်စုံတစ်ယောက်က သစ်ပင်ပေါ်မှ ခုန်
ချလိုက်ပြီး လိုက်လံတိုက်ခိုက်သည်ဟု ချက်ချင်းရိပ်စားမိလိုက်သည်။

သူသည် ကပျာကယာရှောင်တိမ်းလိုက်၏။ သူ၏ကိုယ်
ဖော့ပညာရပ်မှာ အလွန်တော်သည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်
သည်။

တာမင်ဟုမြို့နယ်တစ်ဝိုက်တွင် သူ့အား မီနိုင်သူမရှိဟု
လည်း ယုံကြည်ခဲ့သည်။ ယခု သူသည်သစ်ပင်ပေါ်မှ ထိုးဆင်းလာ
သော အရိပ်အား ခုန်၍ရှောင်တိမ်းလိုက်သော ပုံသဏ္ဌာန်မှာ လျ
သည်။ လျင်မြန်လှသည်။

သူသည် ယင်းသို့ရှောင်တိမ်းလိုက်ရင်း သူ၏လက်ဝါးဖြင့်
လျှပ်တစ်ပြက် ထိုအရိပ်အားခုတ်ချလိုက်လေသည်။

'ဖတ်'

" ဟူသောအသံနှင့်အတူ ထိုအရိပ်ကို စုတိုး၏လက်ဝါးချက်
ကြောင့် လွင့်စဉ်ကာ မြေကြီးပေါ်သို့ကျသွားလေတော့သည်။

သစ်ပင်ပေါ်မှလူ၏စကားအတိုင်း ထိုးကျလာသောအရိ
က အခြားမဟုတ်ချေ။ ပထမဝက်သေကောင်ထက် သေးသော အ



ခြားဝက်သေကောင်တစ်ကောင် ဖြစ်နေလေသည်။

❑

ဝက်သေကောင် ... ဟုတ်ပါသည်။

အခြားဝက်သေကောင်တစ်ကောင် ဖြစ်နေလေ၏။

ဝက်သေကောင်မှ ထွက်ပေါ်လာသောသွေးများမှာ စုတိုး
၏ အဝတ်အစားများကို ပေကျံသွား၏။ စုတိုးက ဒေါသထွက်လွန်း
၍ မျက်နှာတစ်ခုလုံး ညိုမည်းသွားသည်။ အာဏာသားတို့အား ...

"ဟေ့ ... မင်းတို့ ဘာလုပ်နေကြတာလဲ"

ဟု အော်ငေါက်လိုက်လေသည်။

အာဏာသားတို့က ကြောင်အမ်းအမ်းဖြစ်နေလျက်ပင်။

စုတိုးက ပို၍ဒေါသထွက်သွားသည်။ သူက ခြေထောက်ကို
ထောက်ကာ ...

"မင်းတို့ ဘာငေးနေကြတာလဲ ... သစ်ပင်ပေါ်ကလူကို
သွားပြီးဆွဲချလိုက်စမ်း"

ထပ်မံအော်ငေါက်လိုက်သည်။

"အို ဟိုး ... ဟိုး ဆွဲချစရာမလိုပါဘူး၊ ကျုပ်ဟာကျုပ် ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်”

သစ်ပင်ပေါ်မှအသံက တဖြည်းဖြည်းနိမ့်ဆင်းလာလေ
သည်။ အသံများဆုံးသွားသည်နှင့် လူတစ်ယောက်က သစ်ပင်ပေါ်
မှ ဖြည်းညင်းစွာဆင်းလာတော့၏။

သို့သော် ... တဖြည်းဖြည်းဆင်းလာခြင်းဆိုသည်မှာ သစ်
ပင်၏အကိုင်းများကို တွယ်ဆင်းလာခြင်းမဟုတ်ပါ။

ထိုလူ၏ ကိုယ်ခန္ဓာသည် သစ်ရွက်တစ်ရွက်ပမာ သစ်ပင်
ပေါ်မှပေါ့ပါးစွာ ခုန်ဆင်းလာခြင်းဖြစ်ပါသည်။

ထိုလူ၏လှုပ်ရှားပုံကိုတွေ့မြင်လိုက်ရသည်နှင့် ကိုယ်ဖော့
ပညာ မည်မျှထူးချွန်သည်ကို သိသာနိုင်သည်။ ခြံဝင်းထဲမှ လူများ
သည် သစ်ပင်ပေါ်မှအသာအယာခုန်ချလာသောလူအား သတိပြု
ကြည့်မိလိုက်ကြသည်။

သူတောင်းစားတစ်ယောက် ဖြစ်ပါသည်။ ထိုသူတောင်းစား
မှာ အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်ရှိသည်ဟု ထင်ရလေ
သည်။

အရပ် မနိမ့်မမြင့်၊ ကိုယ်လုံးကိုယ်ထည် မဝမပိန် ရှိသည်
သို့သော် ... သူ၏မုတ်ဆိတ်မွေးများမှာ ရှည်လျားလှပေသည်။

သူ၏လက်ထဲတွင်တုတ်တစ်ချောင်းကိုင်လျက် ခါးမှာမူ အ
ရက်ထည့်သောဘူးခွံခြောက်လုံးကို ချိတ်ထားသည်။



ထုံချူသည် ထိုသူတောင်းစားလက်ထဲမှတုတ်အား တွေ့
မြင်လိုက်ရသည်နှင့်သူ၏မျက်လုံးအစုံမှာ တောက်ပသွား၏။
အကြောင်းမှာ ထိုသူတောင်းစားကိုင်ဆောင်ထားသောတုတ်သည်
'ကယ်ပါဂိုဏ်း' ၏ ဂိုဏ်းချုပ်မှသာ ကိုင်ဆောင်ခွင့်ရှိသော တုတ်
မျိုးဖြစ်ပါသည်။

ယင်းကို တုတ်ဟုသာ ဆိုရသည်။ အမှန်မှာ တိဘက်ပြည်မှ
အလွန်ရှားပါးသောဝါးစိမ်းတစ်မျိုးဖြင့် ပြုလုပ်သောတုတ်မျှသာဖြစ်
သည်။

သိုင်းလောကတွင် ဤတုတ်ကို ခွေးရိုက်တုတ်ဟုခေါ် ဆိုကြ
သည်။ ယင်းဝါးတုတ်သည် ကယ်ပါဂိုဏ်း၏ ဂိုဏ်းချုပ်အမှတ်အသား
ဖြစ်သည်။

ထို့ကြောင့် ထုံချူသည် ယင်းဝါးတုတ်အား တွေ့မြင်လိုက်ရ
သောအခါ ယင်းသူတောင်းစားမှာ ကယ်ပါဂိုဏ်း၏ဂိုဏ်းချုပ်ဖြစ်နေ
မှန်း ရိပ်စားမိလိုက်၏။

သူ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

“ခင်ဗျားက ကယ်ပါဂိုဏ်းရဲ့ ဂိုဏ်းချုပ်ထင်တယ်”

“ဟုတ်ပါတယ်ဗျာ ... ဒီလိုပဲ ကျုပ်ကို အားလုံးကခေါ်ကြပါ
တယ်၊ ဒါပေမဲ့ ကျုပ်နာမည် ရှိပါတယ်ဗျာ”

“ဒီလိုဆိုရင် နာမည်ကို တစ်ဆိတ်အမိန့်ရှိပါခင်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်က ကီးချုန်စန်းပါ"

"ဟုတ်ကဲ့ ... အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည်က ..."

ကယ်ပါဂိုဏ်းချုပ် ကီးချုန်စန်းက လက်ကာပြလိုက်သည်။

"ခင်ဗျားနာမည် ထုံချူဆိုတာ ကျုပ်သိပါတယ်"

စုတိုးသည် ဒေါသကို မျိုသိပ်ထားလိုက်သည်။ သူတောင်းစားသည် အဝတ်အစားစုတ်ပြတ်နေသော်လည်း အလွန်အရေးပါသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေသည်ကို နားလည်လိုက်လေသည်။

သူသည် ကယ်ပါဂိုဏ်းချုပ်အားတစ်ကြိမ်တစ်ခါမှ မမြင်မတွေ့ဖူးသော်လည်း ကယ်ပါဂိုဏ်းချုပ်၏အကြောင်းကိုမူ သူကောင်းကောင်းကြားသိခဲ့ရပြီး ဖြစ်ပါသည်။

ကယ်ပါဂိုဏ်းချုပ်ကီးချုန်စန်းသည် ကယ်ပါဂိုဏ်းချုပ်အမွေဆက်ခံသူများအနက် အသက်အငယ်ဆုံးနှင့် ထင်ရာလုပ်တတ်သော လူငယ်တစ်ယောက်ဖြစ်နေသည်ဟု သူကြားသိခဲ့ရသည်။

ကယ်ပါဂိုဏ်းချုပ်ကီးချုန်စန်းက အမြဲလိုလို အရက်သောက်၍မူးနေတတ်သည်။ သူ၏ပုံဟန်မှာလည်း ပေါကြောင်ကြောင်နိုင်လှသည်။

သို့သော် ... မည်သူကမှ အထင်မသေးရဲပါ။ အကြောင်းမှာ ကီးချုန်စန်းသည် အလုပ်လုပ်သောအခါတွင် အလွန်တိကျပြတ်



သားသောကြောင့် ဖြစ်ပါသည်။

ယခု စုတိုးသည် မမျှော်လင့်ဘဲ ကယ်ပါဂိုဏ်းချုပ်ကီးချုန်စန်းနှင့် ထိပ်တိုက်တွေ့နေပြီမဟုတ်ပါလား။ သို့သော် စုတိုးသည် နေပြည်တော်၏ မင်းမှုထမ်းတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ကယ်ပါဂိုဏ်းချုပ်မှာ အလွန်သြဇာရှိသည်ကို သိထားသော်လည်း အလျှော့မပေးပါ။ သူသည် ခါးမှဓားကိုဆွဲထုတ်လိုက်ပြီး ရှေ့သို့လှမ်းလိုက်သည်။

"ဒီမှာ ... ခင်ဗျားက သူတောင်းစားတွေကိုသာသွားပြီး အာဏာပြလို့ရမယ် ... ကျုပ်ကိုတော့ မရဘူး"

သူသည်ပြောပြီးသည်နှင့် လက်ထဲမှဓားဖြင့် ကီးချုန်စန်းအား တိုက်ခိုက်လိုက်၏။ ဓားသည် ကီးချုန်စန်း၏ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်လာလေသည်။

ကီးချုန်စန်းက မလှုပ်မယှက်ရပ်လျက် ရှောင်တိမ်းခြင်းမပြုပါ။ စုတိုး၏ဓားသည် သူ၏ရင်ဝနှင့် ရှစ်လက်မခန့်အကွာသို့ ရောက်ရှိလာတော့မှ ...

သူ၏ဘယ်ဘက်လက်သည် ရုတ်တရက် တို့ဓားအား ဖမ်းဆုပ်ထားလိုက်လေသည်။ စုတိုး၏ဓားမှာ အလွန်ထက်မြက်သည်။ သိုင်းကွက်မှာလည်း မခေလှပါ။

သို့သော် ကယ်ပါဂိုဏ်းချုပ်ကြီးကီးချုန်စန်းက သိုင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကွက်မျှ စုတိုး၏ဓားကိုပိတ်ဆို့ထားနိုင်ခဲ့သည် မဟုတ်ပါလား။

ယခု ... စုတိုးရင်ထိတ်သွားသည်။ သူ၏ဓားကို နောက်ပြန်ဆွဲနှုတ်လိုက်သည်။ သို့သော် ကီးချန်စန်း၏လက်ချောင်းများသည် သံမဏိညှပ်ပမာ သူ၏ဓားကို ခိုင်မြဲစွာ ညှပ်ထားသဖြင့် ... စုတိုးက မည်သည့်နည်းနှင့်မျှ နှုတ်၍မရပါ။

သူက ရှက်လည်းရှက်၊ ဒေါသလည်းဖြစ် ... ထို့ကြောင့် ခါးမှဓားမြှောင်တစ်ချောင်းကို ကျန်လက်တစ်ဖက်ဖြင့် ဆွဲနှုတ်လိုက်ပြီး ကီးချန်စန်း၏ဝမ်းဗိုက်ဆီသို့ တအားထိုးသွင်းလိုက်လေသည်။

သို့သော် ကီးချန်စန်း၏ခြေးရိုက်တုတ်က လျှပ်တစ်ပြက် သူ၏လက်ကောက်ဝတ်ကို အသာအယာရိုက်ချလိုက်သဖြင့် ...

"အား"

စုတိုးက ယင်းသို့တစ်ချက်အော်လိုက်ပြီး ... သူ၏လက်ထဲမှဓားမြှောင်ကိုမြေပေါ်သို့လွှတ်ချလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ကီးချန်စန်းညှပ်ထားသောဓားကိုလည်း စွန့်လွှတ်လိုက်ပြီး နောက်သို့ခုန်ဆုတ်လိုက်သည်။ ကီးချန်စန်းက သူ့အား ပြုံးစိစိဖြင့်ကြည့်လိုက်သည်။

"ဘယ့်နှယ်လဲဗျ ... ခင်ဗျားက အာဏာသားအများကြီးကို အုပ်ချုပ်နေတဲ့ အရာရှိတစ်ယောက်ပါ၊ ဒီလောက်တောင်ညံ့ရသလားဗျ"



စုတိုး၏တစ်ကိုယ်လုံးသည် ဒေါသထွက်လွန်း၍ တုန်တုန်ယင်ယင်ဖြစ်နေလေသည်။ သူ၏မျက်နှာတစ်ခုလုံးလည်း ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ကီးချန်စန်းသည် ထုံချူဘက်သို့လှည့်လိုက်သည်။ ထုံချူက မတုန်မလှုပ်ရပ်လျက် ကီးချန်စန်းအားငေးကြည့်နေ၏။ ကီးချန်စန်းသည် အတန်ကြာစိုက်ကြည့်လိုက်ပြီးမှ ...

"ခင်ဗျားက လူမိုက်ကြီးထုံချူ မဟုတ်လား"

ထုံချူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကီးချန်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ ထုံချူ ... ခင်ဗျားက သူများကို သွားလိမ့်လို့ရမယ် ... ကျုပ်ကို လာလိမ့်လို့မရဘူးဆိုတာ မှတ်ထားစမ်းပါ"

ထုံချူသည် မျက်မှောင်ကုတ်သွားသည်။

"ကျုပ်က ခင်ဗျားကို ဘာလိမ့်လို့လဲ"

ကီးချန်စန်းသည် ရယ်မောလိုက်သည်။

"ခင်ဗျားက ကျုပ်ကိုမလိမ့်ပါဘူး၊ အားလုံးကိုလိမ်နေတာ"

ထုံချူသည် ဒေါသခြောင်းခြောင်းထွက်လာသည်။

"ဒီမှာ ... ခင်ဗျား စကားပြောတာ ကြည့်ပြောပါ"

ကီးချန်စန်း၏မျက်နှာမှာ တည်ကြည်လေးနက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာထုံချူ ... အခု ခင်ဗျားတို့ဒီရေတွင်းထဲမှာ ဘာတွေရှာနေတာလဲ ... ပြောစမ်းပါဦး"

ထုံချူသည် ကြောင်၍ကြည့်နေသော လူသန်ကြီးအား လက်ညှိုးထိုးပြကာ ...

"ဒီလူရဲ့နှမကို စုယယ်ကအတင်းအဓမ္မခေါ်လာမယ်လို့ ကျုပ်တို့ကို တိုင်ကြားတာနဲ့ လာပြီးရှာတာပါ"

ကီးချန်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

"နေပါဦး ... စုယယ်က ဒီမိန်းကလေးကို ရေတွင်းထဲဝှက်ထားမယ်လို့များ ခင်ဗျားထင်သလား"

"ဟုတ်ကဲ့ ...စုယယ်က ဒီမိန်းကလေးကိုသတ်ပြီးအလောင်းဖျောက်ထားမယ် သတင်းကြားလို့လာရှာတာပါ"

"ဟား ဟား ဟား"

ကီးချန်စန်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား သတင်းအနံ့ခံကောင်းတယ်ဆိုတာ ကျုပ်အိပ်နေသလောက်ပဲ ရှိပါတယ်ဗျာ၊ ဒီမိန်းကလေးကို ဘယ်သူသတ်သလဲဆိုတာ ကျုပ်သိပြီးပါပြီ"

ထုံချူက စုယယ်အားလက်ညှိုးညွှန်ပြလိုက်ပါသည်။

"သူဌေးကြီးစုယယ် သတ်တယ်မဟုတ်လား"

"မဟုတ်ဘူး"



"ဒါဖြင့် ဘယ်သူလဲ"

ကီးချန်စန်းသည် ပြုံးလိုက်ပြီး ...

"ခင်ဗျားပေါ့"

ကီးချန်စန်း၏စကားကြောင့် စုယယ်နှင့်တကွ ရပ်၍ကြည့်နေကြသော အာဏာသားများပင် အံ့အားသင့်သွားကြကုန်လေသည်။

❑

ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက် ငြိမ်သက်သွားသည်ဟုထင်ရ၏။ ထုံချူ၏တစ်ကိုယ်လုံးမှာ ဒေါသကြောင့် တုန်တုန်ယင်ယင်ဖြစ်နေလေသည်။

အတန်ကြာမှ သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ဒီမှာ ကီးချန်စန်း ... ခင်ဗျားက ဘာဖြစ်လို့ကျုပ်ကိုစွပ်စွဲတာလဲ"

ကီးချန်စန်းက ပြုံးလိုက်သည်။

"ကျုပ် ခင်ဗျားကို စွပ်စွဲတာမဟုတ်ဘူး၊ အမှန်တရားကို ဖော်ထုတ်နေတာ၊ ရှင်းရှင်းပြောရရင် ခင်ဗျားက ဒီမိန်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာတွေ့တယ်၊ သူ့အထုပ်ထဲမှာ ရွှေတွေလက်ဝတ်လက်စားတွေ ပါလာတာကိုတွေ့တော့ သူ့ကိုသတ်ပစ်လိုက်တယ်၊ နောက်ပြီး အလောင်းကို ဒီရေတွင်းထဲမှာ လာပစ်သွားတယ်ဆိုတာ ကျုပ်တိတိကျကျသိထားတယ်"

ထုံချူ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"ကျုပ်က စုယယ်နဲ့ရန်ငြိုးမှမရှိဘဲ ဘာဖြစ်လို့ ဒီလိုလုပ်ရမှာလဲဗျ"

ကီးချန်စန်းသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ ထုံချူ ... ခင်ဗျားက စုယယ်နဲ့ရန်ငြိုးမရှိပေမယ့် စုယယ်ကိုလူသတ်မှုနဲ့ဖမ်းပြီး သူ့ကိုလျှို့ဝှက်ချက်တစ်ခုစစ်ဆေးဖို့ ကြံစည်နေတယ်ဆိုတာ ကျုပ်သိထားပြီးပါပြီဗျာ"

ကီးချန်စန်း၏စကားကြောင့် ထုံချူ၏မျက်နှာသည် ပို၍ဖြူရော်သွားသည်။ ကီးချန်စန်းက စကားကိုဆက်လိုက်ပြန်သည်။

"အခု မန်ချူးအာဏာပိုင်တွေက ဗိုလ်မှူးဝမ်းဖုရဲ့သားဝမ်းလင်းကို မြေလှန်ပြီးရှာနေကြတယ်မဟုတ်လား၊ ဗိုလ်မှူးဝမ်းဖုနဲ့ ပတ်သက်တဲ့လူမှန်သမျှကိုလည်း နည်းအမျိုးမျိုးနဲ့ ညှဉ်းပန်းနှိပ်စက်ပြီး စစ်ဆေးမေးမြန်းနေကြတယ် မဟုတ်လား"

ထုံချူက အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ဒါနဲ့ ကျုပ်ကဘာဆိုင်လို့လဲဗျ"





ကီးချန်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဆိုင်တာပေါ့ကွာ၊ ရှင်းရှင်းပြောရရင် ခင်ဗျားဟာ သွေးစကြာဂိုဏ်းသမားတစ်ယောက် ဖြစ်ရမယ်ဆိုတာ ကျုပ်ပြောရဲတယ်"

ကီးချန်စန်း၏စကားကိုကြားလိုက်ရသောအခါ စုယယ်၏မျက်နှာမှာ သွေးမရှိသကဲ့သို့ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

ထို့နောက် ဇာချွေးများသည်လည်း ကျောကုန်းတစ်ခုလုံးစို့ရွှဲသွားလေတော့သည်။

သွေးစကြာဂိုဏ်း ...။

ဤသွေးစကြာဂိုဏ်းသည် မည်သည့်ဂိုဏ်းမျိုးဖြစ်ပါသနည်း။ သွေးစကြာဂိုဏ်းဟုကြားလိုက်ရုံနှင့် စုယယ်က အဘယ်ကြောင့် ယခုကဲ့သို့ တုန်လှုပ်ချောက်ချားသွားပါသနည်း။

❑

သွေးစကြာဂိုဏ်း ... ။ သွေးစကြာဂိုဏ်းကို မည်သူက ဖွဲ့စည်းတည်ထောင်ခဲ့ပါသနည်း။ ဂိုဏ်းသား မည်မျှရှိပါသနည်း။ မည်သူကမှ မသိပါ။

ယင်းသွေးစကြာဂိုဏ်းသည် သိုင်းလောကတွင် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်လာသည်မှာ တစ်နှစ်ကျော်ကျော်မျှသာ ရှိသည်။ သို့သော် သွေးစကြာဂိုဏ်း၏လုပ်ရပ်များသည် နိုင်ငံတစ်ဝန်း ဟိုးလေးတကျော် နာမည်ကြီးခဲ့လေသည်။

အထူးသဖြင့် သိုင်းလောကသားတို့သည် ထိုသွေးစကြာဂိုဏ်း၏အမည်ကိုကြားလိုက်ရသည်နှင့် ထိတ်လန့်ချောက်ချားသွားကြ၏။ အကြောင်းမှာ သွေးစကြာဂိုဏ်း၏ တန်ခိုးအာဏာတို့မှာ နိုင်ငံအဝှမ်းသို့ ပျံ့နှံ့နေသည်။ သူတို့၏လုပ်ရပ်များသည် ရက်စက်ကြမ်းကြုတ်သောကြောင့်ဖြစ်ပါသည်။

သိုင်းလောကတွင် ထိပ်သီးနေရာတွင်ရှိနေသော ရှောင်လင်ဂိုဏ်း၊ ဝူတန်ဂိုဏ်းနှင့်ခွန်လွန်ဂိုဏ်းတို့သည် ထိုလျှို့ဝှက်ဆန်းကြယ်သော သွေးစကြာဂိုဏ်းအား ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့သည်။

သို့သော် ... သူကို့သည် အချိန်ကုန်လူပန်းပြီး သွေးစကြာဂိုဏ်း၏အစအနကိုပင် မတွေ့ရှိခဲ့ကြပါ။

ယခုကယ်ပါဂိုဏ်းချုပ် ကီးချန်စန်းက ထုံချူအားသွေးစကြာဂိုဏ်းမှဟု စွပ်စွဲပြောဆိုလိုက်သောအခါ စုယယ်က တုန်လှုပ်ချောက်ချားသွားခြင်းဖြစ်ပါသည်။

□



ခြံဝင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေသည်။ အားလုံးသောသူများက မည်သူ့ကိုမှ စကားပြောကြဘဲငေး၍ရပ်နေကြသည်။

ညဦးနက်လာပြီဖြစ်ရာ ကောင်းကင်ပေါ်တွင် တိမ်တိုက်တစ်ခုသည်ဖြည်းညင်းစွာရွေ့လျားနေသည်။

ခြံဝင်း၏အစွန်ဆုံး သစ်ပင်များကြားမှ လူတစ်ယောက် အေးဆေးစွာလျှောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာအပြာရောင်အင်္ကျီရှည်ဝတ်ဆင်ထားသည်။ သူ၏မျက်နှာတွင် စာတတ်ပုဂ္ဂိုလ်တစ်ယောက်၏ ရုပ်သွင်လက္ခဏာများ တွေ့ရလေ၏။

သို့သော် ... အသက်မှာ သိပ်မကြီးသေးပါ။ သုံးဆယ်ကျော်ခန့်ရှိမည်ဟု ထင်ရ၏။ စုယယ်က ထိုသူအား သေသေချာချာ စိုက်ကြည့်လိုက်၏။

မျက်နှာစိမ်းတစ်ယောက်ဖြစ်သည်။ သို့သော် ... ထိုလူ၏အေးဆေးစွာလှုပ်ရှားပုံကိုကြည့်လိုက်သည်နှင့် ရင်ထိတ်သွားသည်။ ထိုလူမှာ ကဗျာဆရာလူသတ်သမားဖြစ်နေမည်လော။

□

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာလူသတ်သမား။ ထိုလူသည် အလွန်ရက်စက်ကြမ်းကြုတ်၏။ သိုင်းပညာအဆင့်မြင့်သည်ဟု စုယယ်က ကြားဖူး၏။

သူသည် ယခုကဗျာဆရာလူသတ်သမားနှင့် ရင်ဆိုင်တွေ့ဆုံရသောအခါ ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း၊ ခံပြင်းခြင်းစသည့် ခံစားချက်များ တစ်ပြိုင်နက်ထွက်ပေါ်လာလေသည်။

ကဗျာဆရာလူသတ်သမားအား စေ့စေ့ကြည့်လိုက်ပြီး ...

"မင်းက ..."

ကီးချန်စန်းက ကြားဖြတ်လိုက်သည်။

"ဒီမှာ ... မင်းက စုစန်း မဟုတ်လား"

အပြာရောင်ဝတ်ဆင်ထားသောသူက ခေါင်းညိတ်လိုက်သည်။ ကီးချန်စန်းက စကားဆက်လိုက်သည်။

"ဒါဖြင့် မင်းက ကဗျာဆရာလူသတ်သမားပေါ့"

ထိုလူက စကားတစ်ခွန်းမှမပြောပါ။ ခေါင်းကိုသာ ညိတ်ပြနေ၏။

"ဟား ဟား ဟား"

ကီးချန်စန်းသည် အားရပါးရရယ်မောလိုက်သည်။



"အလွန်နာမည်ကြီးတဲ့ ကဗျာဆရာလူသတ်သမားဟာ လက်စသတ်တော့ ဆွံ့အနေတဲ့ဒုက္ခိတတစ်ယောက်ကိုး ၊ဘာလဲ ... မင်းက စကားမပြောတတ်ဘဲ ခေါင်းကိုသာညိတ်တတ်သလား"

ကဗျာဆရာလူသတ်သမားသည် ဆွံ့အနေသောလူတစ်ယောက်မဟုတ်ပါ။ သူ၏လေသံက အေးစက်ခက်ထန်နေ၏။

"ဒီမှာ ဂိုဏ်းချုပ်ကြီး ... ကနေ့ည ခင်ဗျား နည်းနည်းလွန်လိမ့်မယ်လို့ မထင်မိဘူးလား"

"ငါက လွန်တယ် ... ဟုတ်လား ... ဟား ဟား ဟား"

"ဟုတ်တယ် ... ခင်ဗျား အတော်လွန်နေပြီလို့ ကျုပ်ထင်ပါတယ်"

ကီးချန်စန်းက ပြုံးလိုက်၏။ သူ၏မျက်လုံးအစုံသည် ကောင်းကင်ပေါ်ရှိ တိမ်တိုက်များကိုသာ မော့ကြည့်နေ၏။ အတန်ကြာမှ သူသည် စုစန်းအား တစ်ချက်ကြည့်လိုက်သည်။

"မင်းက ဘာကိုဆိုလိုတာလဲ"

"ကျုပ်ဆိုလိုတာက ခင်ဗျား မဆီမဆိုင်တဲ့အလုပ်ကို ဝင်ဇွက်မိတဲ့အတွက် ဒုက္ခအကြီးအကျယ်ရောက်လိမ့်မယ်လို့ ပြောချင်ပါတယ်"

"ဒုက္ခရောက်မယ် ... ဟုတ်လား ... ဟား ဟား ဟား"

ကီးချန်စန်းက အားရပါးရရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာစုစန်း ... ငါကီးချန်စန်းဆိုတဲ့ကောင်က သူတောင်း
စားပါကွ၊ ငါက အရက်မသောက်ရမှာကို ကြောက်တာတစ်ခုကလွဲရင်
ဘာကိုမှ ဂရုမစိုက်ပါဘူးကွ"

စုစန်းသည်ပါးစပ်ပိတ်ထားလိုက်သည်။ ကီးချန်စန်းက
စကားဆက်လိုက်၏။

"ဒီမှာစုစန်း ... ငါ ရှင်းရှင်းပြောလိုက်မယ်၊ ငါတို့သူတောင်း
စားတွေဟာ စပ်စုတယ်ဆိုတာ မင်းလည်းကြားဖူးမှာပေါ့၊ နို့မဟုတ်
ရင် လောကကြီးမှာ နေရတာ ပျင်းစရာကြီးဖြစ်နေမယ်"

စုစန်းက မျက်မှောင်ကုတ်သွား၏။

"ဒီမှာ ဂိုဏ်းချုပ်ကြီး ... ကျုပ်အရေးကြီးတဲ့ကိစ္စတစ်ခုဆွေး
နွေးချင်ပါတယ်"

ကီးချန်စန်းက မည်သို့မျှပြန်မပြောပါ။ သူသည် ခါးတွင်
ချိတ်ထားသော အရက်ဘူးကို ဖြည်းညင်းစွာ ကြိုးဖြည်လိုက်ပြီး
အရက်ကို တစ်ကျိုက်နှစ်ကျိုက်မော့ချလိုက်သည်။

စုစန်းသည် အေးအေးဆေးဆေးပင် စောင့်နေလေသည်။
အတန်ကြာသွားမှ ... ကီးချန်စန်းက စုစန်းဘက်သို့ လှည့်လိုက်ပြီး

"မင်းက ဘာဆွေးနွေးချင်သလဲ ... ပြောပါ"

စုစန်းက ပြုံးလိုက်သည်။

"တခြားတော့မဟုတ်ပါဘူး ... ကျုပ်က လူတစ်ယောက်ကို



ခေါ်သွားချင်လို့ပါ"

ကီးချန်စန်းသည် မျက်မှောင်ကုတ်သွား၏။

"လူတစ်ယောက်ကိုခေါ်သွားချင်တယ် ... ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးက လက်ခံမယ်ဆိုရင်
အခုဖြစ်ပျက်နေတဲ့ကိစ္စအားလုံးကို ချေဖျက်လိုက်ပါ့မယ်၊ နောက်
လည်း ခင်ဗျားကို ဒုက္ခမပေးဘူးဆိုတာ ကတိပေးလိုက်ပါ့မယ်"

ကီးချန်စန်းသည် စုစန်းအား မျက်မှောင်ကုတ်ကာကြည့်
လိုက်ပြန်သည်။

"ဒီမှာစုစန်း ... ငါပြောပြီးပကော၊ ဒုက္ခဘယ်လောက်ကြီး
ကြီး ငါ မကြောက်ပါဘူးလို့၊ အချိန်မရွေး ရင်ဆိုင်ဖို့ အသင့်ရှိပါတယ်"

စုစန်းက မဲ့ပြုံးပြုံးလိုက်၏။ အတန်ကြာမှ ကီးချန်စန်းသည်
စကားဆက်လိုက်ပြန်သည်။

"ငါ သဘောပေါက်ပြီ ... မင်းက စုယယ်ကိုခေါ်သွားမလို့
မဟုတ်လား"

စုစန်းက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးက သဘောပေါက်သားပဲ"

ကီးချန်စန်းက ခေါင်းခါယမ်းလိုက်သည်။

"ငါ လက်မခံနိုင်ပါဘူး"

စုစန်း၏မျက်နှာသည် ခက်ထန်ကြမ်းကြုတ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဂိုဏ်းချုပ်ကြီး ... ကျုပ်က ခင်ဗျားကို မျက်နှာသာ ပေးလို့ မကဲလာချင်စမ်းပါနဲ့ဗျာ"

ကီးချန်စန်းသည် နှုတ်ခမ်းကိုမဲ့လိုက်သည်။ စုစန်း၏မျက်နှာမှာပိုး၍ကြမ်းတမ်းခက်ထန်လာသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ မည်သူမျှ စကားမပြောပါ။

အတန်ကြာမှ ကီးချန်စန်းက စကားစတင်ပြောလိုက်သည်။

"ကဲ စုစန်း ... ငါ့ကိုသဘောတူချင်ရင် တစ်ခုတော့ မင်း ကတိပေးရလိမ့်မယ်"

"ဘာများလဲဗျ"

"မင်း ကနေ့ကစပြီး သိုင်းလောကက အပြီးအပိုင် အနားယူ သွားရမယ်"

စုစန်းက ထိုစကားကိုကြားလိုက်ရသောအခါ ဒေါသခြောင်း ခြောင်းထွက်လာသည်။ ယခု သူတို့နှစ်ယောက်၏ အေးအေးချမ်း ချမ်းဆွေးနွေးမှုများမှာ အောင်မြင်ခြင်းမရှိပါ။

ဤသို့ဆိုလျှင် သူတို့သည် တစ်ယောက်ကိုတစ်ယောက် အရှုံးအနိုင်ကိုသာ ယှဉ်ပြိုင်တိုက်ခိုက်တော့မည် မဟုတ်ပါလား။



စုစန်းသည် တိတ်ဆိတ်စွာ ရပ်နေ၏။ ထွက်နေသောဒေါသကို အတတ်နိုင်ဆုံးထိန်းချုပ်ထားလိုက်သည်။ သူသည် အလွန်ထက်မြက်သောဓားသမားတစ်ယောက်ဖြစ်သည်။

ဓားသမားကောင်းတစ်ယောက်သည် မည်သည့်အခါမဆို ဒေါသကို အမြဲတမ်းချုပ်တည်းနိုင်ရမည်။ စိတ်အေးအေးထားနိုင်ရမည် မဟုတ်ပါလော။

ယခု ကီးချန်စန်း၏စကားလုံးများက သူ၏ဒေါသကို နှိုးဆွပေးခြင်းဖြစ်သည်ကို ရိပ်စားမိ၏။ ကဗျာဆရာလူသတ်သမားဟူသည် သိုင်းလောကတစ်ခုလုံးတွင် ကျော်ကြားနေခြင်းမှာအကြောင်းမဲ့မဟုတ်ပါ။

အရည်အချင်းပြည့်ဝသော ဓားသမားတစ်ယောက်ဖြစ်ခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ ယခု ... သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာဖြင့် မျက်နှာချင်းဆိုင်ရပ်နေကြသည်။

ဝန်းကျင်တစ်ခုလုံးသည် လူပေါင်းသုံးဆယ်မျှရှိနေသည် ဖြစ်သော်လည်း သူတို့နှစ်ယောက်၏စိတ်ထဲတွင် မည်သူ့ကိုမျှ မမြင်တွေ့ရသည့်အလား တစ်ယောက်ပခုံးကိုတစ်ယောက် စိုက်ကြည့်နေကြလေသည်။ ဤသို့ကြည့်ခြင်းပင်လျှင် ထိပ်တန်းသိုင်းသမားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်သည်ကို ဖော်ပြနေပါသည်။

သာမန်သိုင်းသမားတစ်ယောက်သည် ရန်သူနှင့်ရင်ဆိုင်ရသောအခါ ထိုလူ၏လက်နှစ်ဖက်ကိုသာ သတိပြုကြည့်တတ်သည်။

အနည်းငယ်အဆင့်ရှိသော သိုင်းသမားတို့မှာမူ တစ်ဖက်ကလူ၏မျက်လုံးကိုသာ စိုက်ကြည့်တတ်ပေသည်။ ထိပ်တန်းသိုင်းသမားဆိုလျှင် တစ်ဖက်လူ၏ပခုံးကို သတိပြုတတ်ပေသည်။

အကြောင်းမှာ ... လူတစ်ယောက်ကိုတိုက်ခိုက်တော့မည့်အခါ သူ၏ပခုံးက ပထမဆုံးလှုပ်ရှားရမည်သာ မဟုတ်ပါလော။

ယခု ... ကဗျာဆရာလူသတ်သမား၏ ညာဘက်ပခုံးသည် ရုတ်တရက်လှုပ်ရှားသွား၏။ သူ၏ညာဘက်လက်ကို လျှပ်တစ်ပြက်ဝှေ့ယမ်းလိုက်၏။

ရွှေရောင်တစ်ချက် လက်ခနဲ လင်းသွား၏။

'ဗိုး ...'

စက်ဝိုင်းခြမ်းပုံသဏ္ဌာန်ရှိသောရွှေရောင်တန်းတစ်ခုသည် မှောင်မည်းသောဝန်းကျင်ကို ဝင်းလက်သွားစေလေသည်။ စုစန်း၏ လျှပ်တစ်ပြက် တိုက်ကွက်ဖြစ်ပါသည်။

ကီးချန်စန်းက ရန်သူအား အထင်မသေးရဲပါ။ သူ၏ခွေး ရိုက်တုတ်ဖြင့် ရွှေရောင်တန်းကလေးအား ခံပေးလိုက်လေသည်။

'ခြိမ်း'



ဟူသောအသံတစ်သံထွက်ပေါ်လာ၏။ ကီးချန်စန်း၏အသံတစ်သံပေါ်ထွက်လာ၏။ ကီးချန်စန်း၏ခွေးရိုက်တုတ်က စုစန်း ဓါးတိုကလေးနှင့်ထိတွေ့သွားလေသည်။

သိုင်းကွက်တစ်ကွက်။ သူတို့က သိုင်းကွက်တစ်ကွက်တိုက်ခိုက်ပြီးသည်နှင့် နှစ်ယောက်စလုံး နောက်သို့ကိုယ်စီဆုတ်သွားကြလေသည်။ သူတို့နှစ်ယောက်စလုံး၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။ ကီးချန်စန်းက စတင်၍ တစ်ချက်ပြုံးပြလိုက်သည်။

"မင်းက မဆိုးဘူး"

စုစန်း၏မျက်နှာက မည်သည့်ဟန်မူရာမှ မရှိ။ အေးတိအေးစက်ဖြင့်သာ ကြည့်နေ၏။

"ကဲ ... လာပြီ"

ဤတစ်ကြိမ် ကီးချန်စန်းကစတင်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ သူ၏ခွေးရိုက်တုတ်က 'လမ်းကြားထဲက ခွေးမောင်း' ဟူသောသိုင်းကွက်ဖြင့် စုစန်းအားတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

စုစန်းက ဘေးသို့ တစ်ချက်ရှောင်လိုက်ပြီး လက်ထဲမှရွှေဓားဖြင့် လှိုင်းတံပိုးပမာ ကီးချန်စန်းအား ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်သည် လျင်မြန်သော တိုက်ခိုက်နည်းဖြင့်သာ တိုက်ခိုက်နေရသောကြောင့် သူတို့၏လူလုံးများကိုပင် ခွဲ၍မရအောင် လုံးထွေးရစ်ပတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင် သူတို့သည် သိုင်းကွက်သုံးဆယ်မျှ တိုက်ခိုက်ခဲ့ပြီးဖြစ်ပါသည်။ မည်သူကမှ အသာစီးမရပါချေ။

❑

ရွှေဓားကလေးက အရောင်တလက်လက်ဖြင့် လှုပ်ရှားနေသည်။ စုစန်း၏တိုက်ခိုက်ခြင်းက လျင်မြန်သည်။ ပြင်းထန်သည်။ အပြောင်းအလဲမြန်ဆန်လှသည်။

ထိုပြောင်းလဲနေသောသိုင်းကွက်များက အလွန်ထက်မြက်၍ ကြမ်းကြုတ်သောတိုက်ကွက်များ ဖြစ်ပါသည်။ စုစန်း၏ ရွှေဓားကလေးက တစ်ပေခန့်မျှသာရှိမည်ဟု ထင်ရသော်လည်း ဓားရှည်တစ်လက်ထက်ပင် ကြောက်စရာကောင်းလေသည်။

ကီးချန်စန်း၏ ခွေးရိုက်တုတ်သိုင်းကွက်ကလည်း မခေပါ။ သူတို့နှစ်ယောက်သည် တစ်ယောက်ကဖိတိုက်လျှင် တစ်ယောက်က နောက်ဆုတ်လိုက်ပြီး ဘာတစ်ပြန် ကျားတစ်ပြန်ဖြင့် သဲသဲမဲမဲပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြလေသည်။

ရုတ်တရက် ... အေးစက်သောအသံတစ်သံက ခြံဝင်းထဲသို့ပျံ့လွင့်လာလေသည်။



"ခင်ဗျားတို့နှစ်ယောက် ခဏရပ်ကြပါဗျာ"

အသံက ကျယ်လောင်ခြင်းမရှိပါ။ သို့သော် ထိုအသံကို ကြားလိုက်သည်နှင့် စုစန်း၊ ကီးချန်စန်းတို့က တိုက်ခိုက်နေရာမှ ရုတ်တရက်ရပ်လိုက်ပြီး နောက်သို့ ခုန်၍ဆုတ်လိုက်ကြလေသည်။

အသံလာရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ခြံဝင်း၏တံခါးဝ၌ လူတစ်ယောက်ရပ်လျက်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကို အသက်နှစ်ဆယ်ခန့်ရှိမည်ဟု ထင်ရလေသည်။ သူ၏ကိုယ်ပေါ်တွင် အပြာရောင်အင်္ကျီကို ဝတ်ဆင်ထားလေသည်။

စုယယ်သည် ထိုလူအားတွေ့မြင်လိုက်ရသည်နှင့် မျက်လုံးများ တောက်ပသွားသည်။

BURMESE CLASSIC .com

❑

ဟုတ်ပါ၏။ ထိုလူငယ်မှာ လုဟန်လုံးပင်ဖြစ်ပါသည်။ နဂါးခံတပ်မှလက်ထောက်ခံတပ်မှူး လုဟန်လုံးပင်ဖြစ်ပါသည်။

စုယယ်သည် လုဟန်လုံးအားတွေ့မြင်လိုက်ရသည်နှင့် မျက်နှာတစ်ခုလုံးပြုံးရွှင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုဟာန်လုံးကိုး ... ကြွပါဗျာ ကြွပါ"

လုဟာန်လုံးက ပြုံးလိုက်သည်။

"ကျွန်တော် အခုလို မဖိတ်ဘဲလာတာကို ခွင့်လွှတ်ပါ ... တောင်းပန်ပါတယ်ဗျာ"

စုယယ်က ရယ်မောလိုက်သည်။

"အို ... တောင်းပန်စရာမလိုပါဘူး၊ အခုလို လာတာကို ဝမ်းသာလှပါပြီ"

ကီးချန်စန်းက လုဟာန်လုံးအား စကားမပြောဘဲ စေ့စေ့ကြည့်နေသည်။ လုဟာန်လုံးသည် စုစန်းဘက်သို့ လှည့်လိုက်သည်။ စုစန်းကလည်း သူ့အားမျက်မှောင်ကုတ်၍ ကြည့်နေလေသည်။

ဤသို့ဖြင့်သူတို့နှစ်ယောက်မှာတစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ စိုက်၍ကြည့်နေလေသည်။

❑

စုစန်းသည် မလှုပ်မယှက်ရပ်လျက်နေသည်။ သူ၏မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သောဟန်များ ပေါ်လွင်နေသည်။ လုဟာန်လုံးက မျက်မှောင်ကုတ်လိုက်သည်။



"ဘယ်လိုလဲ စုစန်း ... မတွေ့တာ အတော်ကြာပြီပဲ"

စုစန်းက အေးစက်စွာဖြင့် ...

"မင်းက ဒီကိုဘာလာလုပ်တာလဲ"

လုဟာန်လုံးက ရယ်မောလိုက်သည်။

"ဘယ့်နှယ်လဲ ... ခင်ဗျားကလာမှတော့ ကျွန်တော်လည်း လာခွင့်ရှိတာပေါ့"

"ဘာလဲ ... မင်းက ငါ့ကိစ္စကိုဝင်စွက်မလို့လား"

"ခင်ဗျားက ဝင်စွက်နေမှတော့ ကျွန်တော်ကလည်း ဝင်စွက်ခွင့်ရှိရမှာပေါ့"

BURMESE CLASSIC .com

စုစန်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကိုဝင်စွက်တာ သေချင်လို့ထင်တယ်"

လုဟာန်လုံးသည် အတန်ကြာစိုက်ကြည့်လိုက်ပြီးနောက် ဓားကိုလျှပ်တစ်ပြက်ဆွဲထုတ်လိုက်သည်။

သူ၏ဓားမှာလည်း တစ်ပေခန့်မျှသာရှိလေသည်။

စုစန်း၏ဓားနှင့် အရွယ်အစားရော၊ ပုံပန်းသဏ္ဍာန်ပါ တူနေလေသည်။

စုစန်း၏ဓားရောင်မှာ ရွှေရောင်ဖြစ်ပြီး လုဟာန်လုံး၏ဓားရောင်မှာ ငွေရောင်ဖြစ်နေသည်သာ ကွဲပြားနေလေသည်။

စုစန်းက မဲ့ပြုံးပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတခဏ်အချိန်တွင် ရွှေရောင်ငွေရောင်တန်းနှစ်ခုသည် လျှပ်တစ်ပြက် ဝင်းလက်သွားလေသည်။

❑

BURMESE CLASSIC .com

အမှန်မှာ စုစန်းနှင့်လုပဟန်လုံးတို့သည် ဆရာတစ်ဦးတည်းထွက် တပည့်များပင် ဖြစ်ကြလေသည်။ သူတို့နှစ်ယောက်တွင် စုစန်းက ပို၍ဝါရင့်သည်။

သိုင်းဆရာကြီးကုလုံသည် စုစန်း၏ဉာဏ်ပညာကို နှစ်သက်သဖြင့် တပည့်ကြီးအဖြစ် သိုင်းပညာရပ်များကို အိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့လေသည်။

စုစန်းသည် သူ့ဆရာထံမှပညာသင်ကြားပြီးနောက် သိုင်းဆရာအားနှုတ်ဆက်ကာ သိုင်းလောကထဲသို့ တိုးဝင်လာလေသည်။

သူတို့၏ဆရာကြီးကုလုံက သူ့အား အလွန်ထက်မြက်သော ရွှေဓားတစ်လက်ကို အမွေပေးလိုက်သည်။

သို့သော် ... စုစန်းက သိုင်းလောကသို့ ခြေချပြီး သုံးလေးနှစ်အကြာတွင် သူ့ဆရာ၏ဆုံးမဩဝါဒကို လုံးဝမေ့လျော့ကာ ကြေးစားလူသတ်သမားဘဝသို့ အသွင်ကူးပြောင်းလာခဲ့လေသည်။



သိုင်းဆရာကြီးကုလုံသည် ထိုသတင်းကိုကြားလိုက်သောအခါ မခံမရပ်နိုင်ဖြစ်ကာ စုစန်းအား လိုက်လံရှာဖွေပြီး ဆုံးမလေသည်။

သို့သော် ... စုစန်းသည်ဆရာကြီး၏သိုင်းပညာအားလုံးကိုအမွေရထားပြီးဖြစ်သောကြောင့် သူ၏ဆရာအား အံတုကာပြန်လည်ဆန့်ကျင်လာလေသည်။

သိုင်းဆရာကြီးကုလုံက မိမိ၏သိုင်းပညာကိုအိတ်သွန်ဖာမှောက်သင်ကြားပေးခဲ့ရသဖြင့် မိမိ၏တပည့်ကိုပင်မနိုင်တော့ဘဲ လက်လျှော့ခဲ့ရသည်ကို နောင်တကြီးစွာရနေလေသည်။

သို့သော် ... သူသည် မကျေနပ်ဖြစ်ခဲ့သည်။ စုစန်းအား သုတ်သင်ရှင်းလင်းရန်ရည်ရွယ်ကာနောက်ထပ်တပည့်တစ်ယောက်ကို လိုက်လံရှာဖွေရလေသည်။

နောက်ဆုံး ... သူသည် လုပဟန်လုံးအားတွေ့ရှိရသော အခါ အလွန်သဘောကျသွားလေသည်။ သို့သော် ... လုပဟန်လုံးအား စုစန်းကဲ့သို့ဖြစ်မသွားစေရန် လုပဟန်လုံးအား အမျိုးမျိုးစမ်းသပ် လေ့လာကြည့်သည်။

သူက စိတ်ချယုံကြည်သောအခါမှ သိုင်းပညာရပ်များကို သင်ကြားပေးလေသည်။

လုပဟန်လုံးသည် သုံးနှစ်တိုင်တိုင် သိုင်းပညာရပ်များကို

www.burmeseclassic.com

www.burmeseclassic.com



အားကြိုးမာန်တက် သင်ကြားပြီးနောက် ဆရာကြီး ကုလုံက သူ့အား ကျန်ရှိသော ငွေဓားတစ်လက်ကိုပေးလိုက်ပြီးလျှင်

"ငှါတပည့် ... မင်းကတော့ ငါ့ဆီမှာ ပညာအားလုံးရရှိပြီးပြီ၊ ဒီအချိန်ကစပြီး မင်းခြေထောက်နဲ့မင်း ရပ်တည်နိုင်ပြီလို့ ပြောရမယ်၊ ဒါပေမဲ့ ..."

သိုင်းဆရာကြီးကုလုံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းထက်ဦးတဲ့ ငါ့တပည့်တစ်ယောက်ရှိတယ်၊ သူ့နာမည်က စုစန်းပါပဲ၊ အခုတော့ ကဗျာဆရာလူသတ်သမားလို့ သိုင်းလောကမှာ နာမည်ကြီးနေမယ်"

လုဟန်လုံးက နားစွင့်လေသည်။ သိုင်းဆရာကြီးကုလုံသည် စကားကိုဆက်လိုက်ပြန်သည်။

"စုစန်းဟာ မင်းလိုပါပဲ၊ ပထမတော့ ရိုးသားဖြောင့်မတ်တဲ့ လူငယ်တစ်ယောက်ပါ၊ ပညာလည်း ကြိုးစားသင်ယူတယ်၊ ငါက သူ့ကို သိပ်ပြီးအားထားပါတယ်၊ သူဟာ သိုင်းလောကအတွက် တရားမျှတတဲ့ သိုင်းသမားတစ်ယောက်ဖြစ်လာမယ်လို့ ဆရာက ယုံကြည်ခဲ့တယ် ... ဒါပေမဲ့"

သိုင်းဆရာကြီးကုလုံး၏မျက်လုံးအစုံသည် အဝေးသို့ငေးကြည့်နေသည်။ သူ၏မျက်နှာတစ်ခုလုံးမှာလည်း ခံပြင်းသောအရိပ်အရောင်များထွက်ပေါ်နေလေသည်။



"ဒါပေမဲ့ ဒီကောင်က သိပ်မိုက်တယ်၊ ငွေရရှိရေးတစ်ခုကိုသာကြည့်ပြီး အလုပ်လုပ်တယ်၊ ငွေပေးရင် လူကိုသတ်ပေးတယ်၊ နောက်ဆုံးတော့ သူ့ကို ဆရာကိုယ်တိုင် လိုက်ပြီးဆုံးမတာတောင် မရတော့ပါဘူးကွယ်၊ အခု ဆရာသတင်းရထားတဲ့အတိုင်းဆိုရင် သူဟာ သွေးစကြာဂိုဏ်းရဲ့အရေးပါတဲ့လူတစ်ယောက်ဖြစ်နေတယ်လို့ ကြားခဲ့ရတယ်"

သိုင်းဆရာကြီးကုလုံ၏မျက်လုံးအစုံသည် လုဟန်လုံး၏ မျက်နှာပေါ်သို့ရောက်ရှိလာသည်။ သူ၏မျက်နှာတည်ကြည်လေးနက်လာသည်။

"ဒီမှာ ငါ့တပည့် ... အခု မင်းပထမဆုံးထမ်းဆောင်ရမယ့် တာဝန်ဟာ စုစန်းကို သုတ်သင်ရှင်းလင်းဖို့ပါပဲ၊ ငါ့တပည့် ကတိပေးနိုင်ပါ့မလား"

"ဟုတ်ကဲ့ ... ဆရာပေးတဲ့တာဝန်ကို ကျွန်တော် တစ်သဝေမတိမ်း ပြီးဆုံးသည့်တိုင်အောင် ထမ်းဆောင်ပါ့မယ်လို့ ကတိပေးပါတယ်"

ဆရာကြီးကုလုံက ခေါင်းညိတ်လိုက်သည်။

"အေး ... ငါ့တပည့်စကားကိုကြားရဟာ ဝမ်းသာလိုက်တာကွာ"

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



လုဟန်လုံးသည် ဆရာကြီးကုလုံပေးလိုက်သော ငွေဓား
လေးကိုယူကာ ထိုနေရာမှ ထွက်လာလေတော့သည်။

❑

စုစန်းလက်ထဲမှဓားသည် လျှပ်တစ်ပြက် လုဟန်လုံး၏ လည်ပင်းကို ထိုးသွင်းလိုက်သည်။ ဤသိုင်းကွက်က စုစန်း၏ အထက်ဆုံးသိုင်းကွက်ဖြစ်ပါသည်။

ဤသိုင်းကွက်ကြောင့် သိုင်းသမားများစွာတို့အား သတ်နိုင်ခဲ့လေသည်။ ယခုလည်း သူသည်ယင်းသိုင်းကွက်ဖြင့် လုဟန်လုံးအား တိုက်ခိုက်ခြင်းဖြစ်ပါသည်။

လုဟန်လုံးက မျက်မှောင်ကုတ်သွားသည်။ စုစန်း၏တိုက်ကွက်ကိုသူရိပ်စားမိလိုက်သည်။ သူ၏လက်ထဲမှ ငွေဓားအား ဝှေ
ယမ်းလိုက်သည်။

'ခြွမ်း'

သူ၏ငွေဓားသည် စုစန်း၏ရွှေဓားကို ရိုက်ထုတ်လိုက်လေ
သည်။ စုစန်း၏လက်ကောက်ဝတ်ကအောက်သို့ လှည့်လိုက်လေ
သည်။



သူ၏ရွှေဓားက လုဟန်လုံး၏ဝမ်းဗိုက်ဆီသို့တိုက်ခိုက်လိုက်ပြန်သည်။ လုဟန်လုံးက သူ၏ငွေဓားဖြင့်ခံပေးလိုက်သည်။

'ခြွမ်း'

ဤတစ်ကြိမ် ဓားနှစ်လက်ပြင်းပြင်းထန်ထန်ထိလိုက်သဖြင့် မီးပန်းများပွင့်ထွက်သွားလေသည်။ လုဟန်လုံး၏ငွေဓားက စုစန်း၏ရွှေဓားထက် မနေးပါချေ။

စုစန်းတိုက်ခိုက်လာသမျှသောတိုက်ကွက်များကို တစ်ကွက်ပြီးတစ်ကွက် ယှဉ်နိုင်ခဲ့လေသည်။

စုစန်း မျက်လုံးပြူးသွားသည်။

လုဟန်လုံးအား အထင်မသေးရဲတော့ပါ။ သူ့လက်ထဲမှ ရွှေဓားအား စက်ဝိုင်းပုံသဏ္ဍာန်အဖြစ် သိုင်းကွက်ပြောင်းသွားသည်။

သူသည် တစ်ဆရာတည်းဖြစ်သော လုဟန်လုံးအား အသေသတ်ရန် အားခဲထားခြင်းဖြစ်ပါသည်။ သို့သော် ... သိုင်းပညာအလွန်အဆင့်မြင့်နေသည်။

ဤသို့ဖြင့် ... သူတို့သည် အပြန်အလှန်တိုက်ခိုက်ရာ တိုက်ကွက်လေးဆယ်အထိပင် ရောက်ခဲ့လေသည်။ စုစန်းသည် တိုက်ရင်းခိုက်ရင်း ရင်ထိတ်လာသည်။

သို့သော် အနိုင်ရရန်ကားမလွယ်မှန်း ရိပ်စားမိလေသည်။

အထူးသဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်တွင် ကယ်ပါကိုဏ်းချုပ်ကြီး ချန်စန်းတစ်ယောက် စောင့်နေသည် မဟုတ်ပါလော။

❑

စုစန်း၏အခြေအနေမှာ သူ့အဖို့အန္တရာယ်များနေသည်ဟုသူတွက်မိ၏။ ထို့ကြောင့် ... သူသည် ယင်းသို့ဆက်၍ယှဉ်ပြိုင်လိုသောစိတ်ဆန္ဒမရှိတော့ပါ။

သူသည် ဤနေရာမှအမြန်ဆုံးထွက်နိုင်ရန်သာ ဆုံးဖြတ်လိုက်သည်။ ယင်းသို့ ဆုံးဖြတ်လိုက်သည်နှင့် သူက ရွှေဓားအား တရကြမ်း ဝှေ့ယမ်းလိုက်သည်။

လုဟန်လုံးသည် စုစန်း၏အကြံကို ရိပ်စားမိခြင်းမရှိပါ။ သူသည် ပြင်းထန်သောစုစန်း၏တိုက်ကွက်ကို ရှောင်တိမ်းရင်း နောက်သို့ဆုတ်သွား၏။

အခွင့်အရေးကိုချောင်းနေသော စုစန်းက လုဟန်လုံး နောက်သို့ ဆုတ်ခွာသွားသည်ကို တွေ့လိုက်သောအခါ သူသည် နောက်သို့ဆုတ်လိုက်ပြီး ချာခနဲလှည့်ကာ ပြေးလွှားသွားလေတော့သည်။



လုဟန်လုံးက စုစန်းထွက်ပြေးသွားသည်ကို မြင်တွေ့လိုက်ရသောအခါ ...

"ဟိတ် ... မပြေးနဲ့"

သူသည် ဤသို့အော်ရင်းနောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။ ကီးချန်စန်းက အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဒီလောက်နာမည်ကြီးတဲ့ ကဗျာဆရာလူသတ်သမားက အခုတော့ ခွေးလိုအမြီးကုပ်ပြီး ထွက်ပြေးနေရတယ်"

ဟု အော်ဟစ်ပြောဆိုလိုက်လေသည်။ ထိုစဉ်မှာပင် အော်ဟစ်သံတစ်သံထွက်ပေါ်လာပြန်၏။ ထိုလူကား တခြားမဟုတ်ပါ။ နှမပျောက်၍လိုက်ရှာနေသော လူသန်ကြီးပင်ဖြစ်ပါသည်။

❑

လူသန်ကြီးက မျက်လုံးအစုံအား အစွမ်းကုန်ပြူးကျယ်ထားပြီး ထုံချူအားရင်ဘတ်မှ အင်္ကျီစကိုဆွဲလိုက်ပြီး ...

"လက်စသတ်တော့ ကျုပ်ညီမကိုသတ်တာ ခင်ဗျားကိုး ... သေပေတော့"

www.burmeseclassic.com

www.burmeseclassic.com



သူကယင်းသို့အသံကုန်အော်ဟစ်ရင်းလက်ထဲမှဓားမြှောင်
ဖြင့် ထုံချူအားထိုးလိုက်လေသည်။

သို့သော် သူက ခွန်အား သန်စွမ်းသူဖြစ်၏။ သိုင်းပညာမှ
မှု လုံးဝနားလည်သောလူတစ်ယောက် မဟုတ်ပါ။

ထုံချူမှာ သိုင်းပညာအဆင့်အတော်အတန်ရှိသော သိုင်းသ
မားတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ... လူသန်ကြီး၏ဓားကိုအသာအယာရှောင်
တိမ်းလိုက်ပြီး သူ၏လက်ဝါးသည် လူသန်ကြီး၏လည်ကုပ်ကိုခုတ်
လိုက်လေသည်။

ထိုတဒင်္ဂအချိန်တွင် စုယယ်နှင့်ကီးချန်စန်းတို့က လူသ
ကြီးအားကယ်တင်ရန် ပြိုင်တူပြေးသွားသည်။ သို့သော် ... နောက်
ကျသွားချေပြီ။

ထုံချူ၏လက်ဝါးကလူသန်ကြီး၏ လည်ကုပ်သို့ပြင်းထန် စွာ
ခုတ်မိလိုက်ပြီဖြစ်ပါသည်။

'ဖုတ် ... ဖုတ်'

အရိုးကျိုးသွားသောအသံများ ထွက်ပေါ်လာသည်။

'အွန့်'

လူသန်ကြီးသည် မည်သို့မှမဟန်နိုင်တော့ဘဲ မြေပေါ်သို့
ခွေလဲကျသွားလေတော့၏။



ကီးချန်စန်းနှင့်စုယယ်တို့က ဒေါသထွက်လွန်း၍ မျက်နှာများပင် နီမြန်းလာ၏။

သူတို့သည် ထုံချူထံသို့လျှောက်သွား၏။ ကီးချန်စန်းက ထုံချူအားစူးရှစွာ တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီမှာထုံချူ ... ခင်ဗျားက သူ့ညီမကိုလည်း သတ်သေးတယ်၊ အခု သူ့ကိုလည်းသတ်လိုက်တယ်၊ ဘာပြောချင်သေးသလဲ"

ထုံချူကအခြေအနေမဟန်မှန်းသိလိုက်သဖြင့် နောက်သို့ဆုတ်သွားလေသည်။ စုယယ်ကမနေနိုင်တော့ပါ။ သူ၏လက်သီးတစ်လုံးအား ထုံချူ၏ရင်ဝသို့ထိုးသွင်းလိုက်သည်။

ထုံချူက ကပျာကယာနောက်သို့ဆုတ်သွားရင် အာဏာသားတို့ဘက်လှည့်လိုက်၏။

"ဟေ့ ... မင်းတို့ဘာရပ်ကြည့်နေတာလဲ၊ သူတို့ကိုဖမ်းပါတော့လား"

သို့သော် အာဏာသားတို့က မည်သူမျှမလှုပ်ရှားပါ။ ရပ်မြဲရပ်နေကြသည်။ ထုံချူသည် ရင်ထိတ်သွားသည်။ သူသည် အာဏာသားများကို အမိန့်ပေးမရမှန်းသိ၍ သိုင်းသမားများဘက်သို့ လှည့်လိုက်၏။

"ဟေ့ ... မင်းတို့ရော ဘာကြောင့်ကြည့်နေတာလဲ"

စစ်ကူတောင်းလိုက်သည်။ သို့သော် သိုင်းသမားတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ရုပ်မြဲရုပ်နေကြ၏။ သူတို့၏မျက်နှာများပေါ်တွင် ထုံချူအား အထင်သေးသောအကြည့်ဖြင့် ကြည့်နေကြ၏။

ထုံချူ၏လုပ်ရပ်ကို မည်သူမှမကျေနပ်သည်မှာ ထင်ရှားလှသည်။ ထုံချူကနောက်သို့တဖြည်းဖြည်းဆုတ်ရင်း ... စုတိုဘက်သို့ အကူအညီတောင်းသောမျက်လုံးဖြင့် ကြည့်လိုက်လေသည်။

စုတိုးက အခြေအနေမဟန်မှန်းသိရသည်ကတစ်ကြောင်း လက်အောက်ငယ်သားများကလည်း ကျေနပ်မှုမရှိသည်ကိုတွေ့ရသည်ကတစ်ကြောင်း သူက ထုံချူအား လုံးဝကူညီမှုမပေးဝံ့တော့ပါ။

ထို့ကြောင့် သူ၏မျက်နှာသည် တစ်ဖက်သို့လှည့်သွား၏။ အခြေအနေသည် အလွန်ဆိုးဝါးနေပြီဟု ထုံချူက ရိပ်စားမိလာသည်။

ထို့ကြောင့် ... သူက ထွက်ပြေးရန်သာ ဆုံးဖြတ်လိုက်လေတော့သည်။

❑

ထုံချူ၏သိုင်းပညာရပ်များက စုယယ်ထက် မနိမ့်ကျပါ။

သို့သော် ယခုမှာမူ သူ၏ကျူးလွန်ခဲ့သောအမှုကြောင့် စိတ်ထဲ၌ တုန်လှုပ်ချောက်ချားနေမိသည်။



အထူးသဖြင့် ... သူသည် လုံးဝသိုင်းမတတ်သော လူသန်ကြီးအား ထပ်မံအသေသတ်လိုက်သောကြောင့် သိုင်းလောက၏စည်းကမ်းဥပဒေကိုပါ ဖောက်ဖျက်ရာရောက်ရှိနေလေသည်။

ထို့ကြောင့် ...

သူသည် စုယယ်နှင့်ရင်ဆိုင်ရသောအခါ ကြောက်စိတ်များ လွှမ်းမိုးလာခြင်းဖြစ်ပါသည်။

စုယယ်မှာမူ မတရားစွပ်စွဲခံရခြင်း၊ ထုံချူ၏ရက်စက်ယုတ်မာသောလုပ်ရပ်များကိုတွေ့ရှိရသဖြင့် ခံပြင်းသောစိတ်များသည် ထိန်းမနိုင် သိမ်းမရဖြစ်ကာ ထုံချူအား တအားတိုက်ခိုက်လိုက်ခြင်းဖြစ်ပါသည်။

စုယယ်၏တိုက်ကွက်သည် လျင်မြန်သည်ဟု မဆိုသာပါ။ သို့သော် ... မာန်ဟုန်အပြည့်ဖြင့် ထုံချူ၏မျက်နှာကို ရိုက်ချလိုက်ခြင်းဖြစ်ပါသည်။

ထုံချူ ရင်ထိတ်သွားသည်။ နောက်သို့ဆုတ်၍လည်း မမီတော့ချေ။ ထို့ကြောင့် အံကိုကြိတ်ကာ ရင်ဆိုင်လိုက်ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကားပြီးဆုံးသွားပြီဖြစ်သည်။ ထုံချူမှာ မြေပေါ်တွင် လဲကျသေဆုံးသွားပြီဖြစ်ပါသည်။ သူသေဆုံးပုံမှာ လူသန်ကြီး သေဆုံးပုံနှင့် တစ်ပုံစံတည်းပင်ဖြစ်နေလေသည်။

"ဟား ဟား ဟား ... ကောင်းတယ်ဟေ့ ကောင်းတယ်"

ကီးချန်စန်းက အားရပါးရ ရယ်မောလိုက်သည်။

"ဒီလိုယုတ်မာတဲ့လူကို လောကပေါ်မှာ မထားတာဘဲ ကောင်းတယ်"

စုယယ်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အမှန်ပြောရရင် ဒီလူယုတ်မာရဲ့သိုင်းပညာဟာ ကျုပ်ထက်တော့ မညံ့ပါဘူးဗျာ၊ အခုလိုဖြစ်ရတာ သူလုပ်ခဲ့တဲ့ မကောင်းမှုတွေက သူ့ကိုဒုက္ခပေးသွားတယ်လို့ ဆိုရမှာပဲ"

သူက ဤသို့ပြောနေစဉ်မှာပင် သူ၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"အွန့်"

သူ၏ပါးစပ်မှ သွေးများအန်ထုတ်လိုက်သည်။ ကီးချန်စန်းက ခေါင်းညိတ်လိုက်၏။

"အင်း ... ကောင်းတယ် ကောင်းတယ်၊ ဒီသွေးတွေအန်ထုတ်လိုက်တာ ဒဏ်ရာသက်သာသွားတာပေါ့"

အမှန်မှာ ... ထုံချူ၏လက်ချက်ကြောင့် စုယယ်မှာဒဏ်



ရာရရှိသွားခြင်းဖြစ်ပါသည်။ စုယယ်က အိတ်ထဲမှ ကြွေဘူးကလေးကို ထုတ်လိုက်သည်။

ကြွေဘူးထဲမှ ဆေးလုံးနှစ်လုံးယူလိုက်ပြီး ပါးစပ်ထဲသို့ပစ်သွင်းလိုက်လေသည်။ တစ်ခဏအကြာတွင် ... သူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေရာမှ အနည်းငယ်သွေးရောင်သန်းလာလေ၏။ ကီးချန်စန်းက ပြုံးလိုက်သည်။

"အမှန်ပြောရရင် ခင်ဗျားသူ့ကိုနိုင်ဖို့ဆိုတာ မလွယ်ပါဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားကမစ်ချင်စိတ်နဲ့သူ့ကိုတိုက်ခိုက်မယ်၊ သူကလည်း မဟုတ်တာတွေလုပ်ထားတော့ သူစိတ်လှုပ်ရှားလွန်းပြီး ထိတ်လန့်နေချိန်နဲ့ တိုက်ဆိုင်နေလို့ခံသွားရတာပါ"

စုယယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ အခုသူ့ကိုအနိုင်သာရတာ ကျုပ်ကိုယ်ကျုပ်အံ့သြနေမိမယ်"

ကီးချန်စန်းက တစ်စုံတစ်ရာကို သတိရလာကာ ...

"အခုမှ သတိရတော့တယ်၊ လုဟန်လုံးဆိုတဲ့လူငယ်က ကဗျာဆရာလူသတ်သမားနောက် လိုက်သွားတာ ဘယ်လိုအခြေအနေလဲ မသိဘူး"

စုယယ်က မျက်မှောင်ကုတ်သွားသည်။ လုဟန်လုံးအတွက်လည်း စိုးရိမ်လာမိသည်။ လုဟန်လုံးနှင့်စုစန်းတို့က ဆရာတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းမှ တပည့်များဖြစ်နေကြသည်။

သူတို့၏သိုင်းပညာမှာလည်း မတိမ်းမယိမ်းရှိမည်ဟု ယုံကြည်မယ်၊ သို့သော် ... လုပဟန်လုံးက ရိုးသားဖြောင့်မတ်၏။ စိတ်နှလုံးကောင်းရှိသည်။

စုစန်းက ရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်စဉ်းလဲသည်။ သူတို့နှစ်ယောက်က သိုင်းပညာချင်းသာ ယှဉ်ပြိုင်လျှင် မည်သူမှ အသာရမည်မဟုတ်ပါ။

သို့သော် ... ကောက်ကျစ်စဉ်းလဲသော စုစန်းသည် အကယ်၍သာ ညဏ်နီညဏ်နက်ကို အသုံးပြုခဲ့ပါလျှင် ...။

❑

စုယယ်က ယင်းသို့တွေးနေစဉ်မှာပင် အဝေးမှ အသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ယင်းအသံများသည် သံအချင်းချင်း ထိခိုက်သောအသံများဖြစ်သည်။ စုယယ်က မျက်နှာပျက်သွား၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျား ခဏနေပါဦး ... ကျုပ်လိုက်ဦးမယ်"

သူသည် ကီးချုန်စန်းအားပြောဆိုပြီး အသံလာရာသို့ ပြေး



လွှားထွက်ခွာသွားလေသည်။

သို့သော် ကီးချုန်စန်းက သူကထက်ဦးအောင်ပင် ပြေးလွှားသွားပြီဖြစ်ရာ စုယယ်ကခြံဝင်းထဲ၌ပင် ကျန်ရစ်ခဲ့လေတော့သည်။

❑

ဤနေရာသည် ကျယ်ပြန့်သောလွင်ပြင်တစ်ခုဖြစ်ပေသည်။ လွင်ပြင်၏မြောက်ဘက်၌ မယ်တော်ဘုရားကျောင်းတစ်ခု ရှိသည်။

ထိုမယ်တော်ကျောင်း၏ရှေ့တွင် လူနှစ်ယောက်က ပြင်းပြင်းထန်ထန်တိုက်ခိုက်နေ၏။ ကီးချုန်စန်းက ထိုလူနှစ်ယောက်သဲသဲမဲမဲတိုက်ခိုက်နေသည်ကို တွေ့လိုက်သောအခါ။

သူသည် လုပဟန်လုံးရှုံးနိမ့်သွားမည်ကို စိုးရိမ်သောစိတ် ကလွှမ်းကဲနေသဖြင့် စဉ်းစားဆင်ခြင်ခြင်းမရှိ။ ထိုလူနှစ်ယောက် ထံသို့ တစ်ဟုန်ထိုးပြေးလွှားသွားလေသည်။

သဲသဲမဲမဲတိုက်ခိုက်နေသောလူနှစ်ယောက်က ကီးချုန်စန်း ရောက်ရှိလာသည်ကိုတွေ့ရှိလိုက်သည်နှင့် သူတို့၏တိုက်ခိုက်ခြင်း ရုတ်တရက် ရပ်တန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်သွားရုံမကဘဲ သူတို့သည် ဝင်ရောက်လာသော ကီးချန်စန်းအား ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ကြလေသည်။

"ဟိုက် ... ဒုက္ခပဲ"

ကီးချန်စန်းက ရင်ထဲ၌ညည်းညူလိုက်မိသည်။ သူသည် ရန်သူဆင်ထားသော ထောင်ချောက်တစ်ခုထဲသို့ ကျံဝင်သွားသည်ကို ချက်ချင်းပင်ရိပ်စားမိလိုက်လေသည်။

အကြောင်းမှာ ထိုတိုက်ခိုက်နေသောလူနှစ်ယောက်သည် လုဟာန်လုံနှင့် စုစန်းတို့မဟုတ်။ အခြားလူနှစ်ယောက်သာ ဖြစ်သည်။

ကီးချန်စန်းသည် ကယ်ပါဂိုဏ်းချုပ်ဖြစ်သည့်အားလျော်စွာ အတွေ့အကြုံအလွန်ဝါရင့်သော သိုင်းသမားဖြစ်သည်။ ထိုလူနှစ်ယောက်တိုက်ခိုက်နေခြင်းမှာ ဟန်ရေးပြခြင်းသာဖြစ်သည်။

မိမိကိုမျှားခေါ်လာခြင်းဖြစ်သည်ကိုသာ သဘောပေါက်လာလေသည်။ သူသည် ထိုလူနှစ်ယောက်အား ...

"ဟေ့ ... မင်းတို့ ဘယ်သူတွေလဲကွ"

သူ၏ဝဲဘက်တွင်တိုက်ခိုက်နေသူက ...

"ဂိုဏ်းချုပ်ကြီး ခင်ဗျားက ကျုပ်တို့အစုဆင်ထားတဲ့ အကွက်ထဲရောက်နေပြီဗျ"

ကီးချန်စန်းက ထိုစကားကိုကြားလိုက်ရသောအခါ ရင်ထိတ်သွားသည်။ သူသည် စုယယ်၏အခြေအနေကို စိုးရိမ်ပူပန်



လာမိ၏။ အကြောင်းမှာ ... ရန်သူက ယခုကဲ့သို့အကွက်ဆင်ခြင်းမှာ စုယယ်ကိုအမိအရဖမ်းဆီးရန်မဟုတ်ပါလော။

❑

သူသည် ယင်းသို့တွေးမိလိုက်သည်နှင့် ဆက်၍မနေတော့ဘဲ ကပျာကယာလှည့်၍ထွက်လာလေသည်။ သူ၏စိတ်ထဲ၌ စုယယ်အတွက် ရတက်မအေးဖြစ်လာသည်။

သူသည် ကိုယ်ဖော့ပညာကိုအသုံးပြု၍ စုယယ်၏ခြံဝင်းထဲသို့ ပြေးလွှားသွားလေသည်။ သူခြံဝင်းထဲသို့ပြန်လည်ရောက်ရှိလာသောအခါ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

အကြောင်းမှာ သူသည် ခြံဝင်းထဲသို့လှမ်းဝင်လိုက်သည်နှင့် ခြံဝင်းတစ်ခုလုံးမှာ တိတ်ဆိတ်ပြီး လူသူတစ်စုံတစ်ယောက်မှ မတွေ့ရသောကြောင့် ဖြစ်ပါသည်။

သူသည် ထိတ်လန့်တုန်လှုပ်သွားသည်။

"စုယယ် ... စုယယ်"

အသံကျယ်လောင်စွာဖြင့်အော်၍ခေါ်ကြည့်သည်။ ခြံဝင်းထဲ၌ စုယယ်၏အရိပ်ပင်မတွေ့ရပါ။ စုတိုးနှင့်အပေါင်းပါတို့ လည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှမတွေ့ရတော့ပါ။ သူသည် စိတ်ပျက်သွားသည်။

"ငါ မှားလေခြင်း"

ဟုလည်း နောင်တရသွားလေသည်။ ရုတ်တရက် သူ၏ မျက်လုံးအစုံသည် ရေတွင်းဘေးသို့ရောက်ရှိသွားသည်။ ရေတွင်း ပျက်၏နံဘေး၌ လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ထိုလူထံသို့ ကပျာကယာ ပြေးလွှားသွားသည်။ ထိုလူမှာ လုဟန်လုံးပင်ဖြစ်ပါသည်။

လုဟန်လုံးသည် ဒဏ်ရာပြင်းထန်စွာရ၍ လဲလျောင်းနေခြင်းဖြစ်သည်။ ကီးချန်စန်းက လုဟန်လုံး၏ရင်ဝကိုစမ်းလိုက်သည်။

လုဟန်လုံး၏အသက်ရှူခြင်းမှာလည်း အတော်အားနည်းနေသည်ကို တွေ့လိုက်ရသည်။ လွယ်အိတ်ထဲမှ ဆေးလုံးကိုယူ၍ လုဟန်လုံး၏ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။

ထို့နောက် သူသည် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ...

"စုချန်းရယ် ... မင်းကိုငါ တစ်သက်လုံးမကျေဘူးကွ"

ဟု ကြုံးဝါးလိုက်လေတော့သည်။

❑



မည်မျှအချိန်ကြာသွားမှန်း မသိ ... လုဟန်လုံးသည် ပြန်လည်သတိရလာလေသည်။ သူ သတိရလာသောအခါ ရေတွင်းပျက်အနီး၌ မဟုတ်တော့ပါ။

အလွန်နူးညံ့ပျော့ပျောင်းသော အိပ်ရာတစ်ခုပေါ်၌ လဲလျောင်းနေခြင်းဖြစ်ပါသည်။ သူခေါင်းအုံးထားသောခေါင်းအုံးမှာလည်း မွှေးကြိုင်သောအနံ့များ ခံစားလိုက်ရ၏။

ထိုမွှေးကြိုင်သောအနံ့များသည် အခြားအနံ့အသက်နှင့် မတူပါ။ အလွန်စိတ်အေးခေါင်းကြည်လင်သော အနံ့များဖြစ်ပါ သည်။

အလွန်လှပပြီးသပ်ယပ်သော အခန်းတစ်ခုဖြစ်ပါသည်။ ခုတင်၏ခေါင်းရင်း၌ ကျောက်စားပွဲတစ်လုံးရှိသည်။ ထိုကျောက်စားပွဲပေါ်တွင် ပန်းအိုးတစ်လုံးကို တွေ့ရလေ၏။

ပန်းအိုးထဲ၌လှပ၍နီရဲသော နှင်းဆီပန်းကလေးများ ထိုးထားလေသည်။ ထိုပန်းကလေးသည် လှပသည်။

ထိုစဉ်မှာပင် ... နှင်းဆီပန်းကလေးထက်ပို၍ ပို၍လှပသော မိန်းကလေးအား တွေ့လိုက်ရလေသည်။

ထိုမိန်းမပျိုသည် နှင်းဆီပန်းကဲ့သို့ပင် နီရဲသောအဝတ်အစားများ ဝတ်ဆင်ထားသည်ကိုတွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိန်းမပျို၏မျက်နှာကို ငေး၍ကြည့်နေသည်။ မိန်းမပျိုမှာမူ ပြုံး၍ကြည့်နေသည်။

"ငါ အိပ်မက်များ မက်နေသလား"

သူသည် ဤသို့တွေးမိလေသည်။ ထို့ကြောင့် ... သူသည် မျက်လုံးကို ပြန်လည်မှိတ်ထားလိုက်လေတော့သည်။ တစ်ခဏအကြာတွင် လုပ်ဟန်လုံး မျက်လုံးကိုပြန်လည်ဖွင့်လိုက်သည်။

သူမြင်တွေ့ရသောမြင်ကွင်းကို ပြန်လည်မြင်တွေ့ရလေသည်။ နှင်းဆီပန်းနှင့်အပြိုင်လှပနေသော မိန်းမပျိုကိုလည်း မြင်တွေ့ရလေသည်။ သူက အံ့သြနေစဉ်မှာပင် ... မိန်းမပျို၏ ချိုလွင်သောအသံက ထွက်ပေါ်လာလေတော့သည်။

"ဘယ့်နှယ်လဲ ... ရှင် တော်တော်သက်သာသွားပြီလား"

လုပ်ဟန်လုံးမှ မျက်လုံးပြူးကျယ်သွားသည်။ ယခု ... သူသည် လူကိုတွေ့မြင်ရရုံမက အသံကိုပင်ကြားလိုက်ရပြီ မဟုတ်ပါလော။

သူသည် အိပ်မက်မက်နေခြင်းမဟုတ်သည်ကို ချက်ချင်းသဘောပေါက်လာသည်။

"ဒီမှာရှင့် ... ရှင် ဘယ့်နှယ်နေသေးလဲလို့ ကျွန်မမေးနေမယ်"

မိန်းကလေးက ထပ်မံ၍မေးလိုက်မှ လုပ်ဟန်လုံးက ထစ်ငေါ့ငေါ့ဖြင့် ...



"ဟုတ် ... ဟုတ်ကဲ့"

မိန်းမပျိုသည် ရယ်မောလိုက်သည်။

"ဒါဖြင့် အိပ်ရေးဝအောင် အိပ်လိုက်ပါဦးရှင်"

"ဟုတ် ... ဟုတ်ကဲ့"

မိန်းမပျိုက မျက်မှောင်ကုတ်သွားသည်။

"ရှင့်နာမည် ဘယ်လိုလဲ"

လုပ်ဟန်လုံးက မိန်းမပျိုကိုသာငေး၍ကြည့်နေမိသည်။ မိန်းမပျိုကမေးလိုက်သည်ကို သူသတိမပြုမိပါ။ ထို့ကြောင့် ...

"ဟုတ် ... ဟုတ်ကဲ့"

ဟုပင် ဖြေလိုက်လေသည်။

"ရှင်က ဘယ်လိုလဲ။ ဟုတ်ကဲ့ကလွဲလို့ ဘာမှမဖြေတတ်ဘူးလား"

လုပ်ဟန်လုံးက မိမိအမှားမှားအယွင်းယွင်းဖြစ်နေသည်ကို ယခုမှ သတိရလာသည်။

"ဗျာ ... ခင်ဗျား ဘာမေးတာလဲဗျ"

"ရှင့်နာမည်ကိုမေးနေတာရှင့်"

"ကျွန်တော့်နာမည် လုပ်ဟန်လုံးပါ"

"လုပ်ဟန်လုံး"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက နာမည်ကို တစ်လုံးချင်းရေရွတ်လိုက်သည်။

"ဪ ... ဒါနဲ့ ကျွန်တော် ဘယ်နေရာရောက်နေပါသလဲခင်ဗျာ"

မိန်းမပျိုက ပြုံးလိုက်သည်။

"ဘယ်နေရာ ရောက်နေတယ်ဆိုတာ ရှင်မေးစရာမလိုပါဘူး"

"ဘာဖြစ်လို့လဲဗျ"

"ရှင့်ဒဏ်ရာက တော်တော်များတယ်ရှင့်၊ အခုတော့ ငြိမ်ငြိမ်လေးအနားယူဖို့ပဲ ရှိတယ်"

လုပဟန်လုံးက မျက်မှောင်ကုတ်သွားသည်။

"ကျွန်တော် ဘယ်မှာရောက်နေတယ်ဆိုတာ သိချင်ပါတယ်"

မိန်းမပျိုက မျက်မှောင်ကုတ်လိုက်သည်။

"ရှင့်ကိုပြောပြီးပြီကော ... ကျွန်မ မပြောနိုင်ဘူးလို့"

လုပဟန်လုံးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးဗျ၊ ကျွန်တော့်ကိုမပြောရင်တော့ ဒီက ထွက်သွားရမှာပဲ"

သူသည် ပြောဆိုပြီးသည်နှင့်ခြုံထားသော ဓမ္မကပ်များကို ခွာလိုက်ရန် ဟန်ပြင်လိုက်သည်။



"ဟိုက်"

သူက လွှတ်ခနဲ ညည်းတွားလိုက်သည်။ အကြောင်းမှာ သူ၏ကိုယ်ပေါ်တွင် အတွင်းခံဘောင်းဘီမှအပ မည်သည့်အဝတ်အစားများမှ မရှိသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

မိန်းမပျိုလေးသည် ခေါင်းခါယမ်းလိုက်ပြီး သက်ပြင်းချလိုက်သည်။

"ရှင် တော်တော်စိတ်မြန်တဲ့သူပါလား၊ ရှင့်ရဲ့ဒဏ်ရာဟာ ပေါ့ပေါ့တန်တန်နေလို့ မဖြစ်ဘူး၊ ဒါကြောင့်မို့ ရှင့်ကို အေးအေးဆေးဆေးလှဲနေပါလို့ ပြောနေတာ"

လုပဟန်လုံးက စကားထပ်မံမပြောတော့ဘဲ ခုတင်ပေါ်တွင်သာ လှဲလျောင်းနေရလေသည်။

❑

အတန်ကြာမှ သူကမိန်းမပျိုကလေးအား ...

"ခင်ဗျားနာမည်ဘယ်လိုခေါ်သလဲ"

"ကျွန်မနာမည်ကို ရှင်ဘာဖြစ်လို့ သိချင်တာလဲ"

မိန်းမပျိုလေး၏စကားကြောင့် လုပဟန်လုံမှာ မျက်မှောင်

www.burmeseclassic.com

www.burmeseclassic.com



ကုတ်သွားသည်။ ဤမိန်းမပျိုသည် အလွန်လှချို့ဝှက်သော မိန်းမပျိုကလေးတစ်ယောက် ဖြစ်နေသည်။

ဤနေရာသည် မည်သည့်နေရာဖြစ်သနည်း။ ဤအနီရောင်ဝတ်ဆင်ထားသောမိန်းမပျိုက မည်သူဖြစ်ပါသနည်း။ သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မျက်လုံးများကိုမှိတ်ထားလိုက်လေသည်။

အတန်ကြာမှ မိန်းမပျိုကလေး၏ရယ်မောသံကို ကြားလိုက်ရသည်။

"ဘာလဲ ... ရှင်စိတ်ဆိုးသွားတယ် မဟုတ်လား"

လုဟာန်လုံးက မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ကျွန်တော် စိတ်မဆိုးပါဘူးဗျာ၊ ခင်ဗျားနာမည် မပြောချင်တာကို ကျွန်တော် မမေးဘဲနေလိုက်ရုံပေါ့"

မိန်းမပျိုကလေး ပြုံးလိုက်သည်။

"ကျွန်မနာမည် စုံယိဖုန်းပါ"

လုဟာန်လုံးက ခေါင်းညိတ်လိုက်၏။

"အင်း ... ဒီနာမည်ဟာ တော်တော်လှပါတယ်ဗျာ"

သူသည် မိန်းမပျိုကလေးအား တစ်ချက်ပြုံးပြလိုက်၏။

"ကျွန်တော် ..."

မိန်းမပျိုကလေးက ကြားဖြတ်မေးလိုက်သည်။



"ရှင် ... ဘဲဘကီးချန်စန်းကို သိတယ်မဟုတ်လား"

"ကီးချန်စန်း ... ကယ်ပါဂိုဏ်းချုပ်ကြီး ကီးချန်စန်း မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"သူက ကျွန်တော့်ကို ..."

"ဟုတ်ပါတယ်၊ သူကသာ ရှင့်ကို ဒီအရောက် အချိန်မီ လာမပို့ရင် ရှင် အခုလောက်ဆို အသက်ရှိမှာတောင် မဟုတ်တော့ဘူး"

လုဟာန်လုံးသည် မျက်မှောင်ကုတ်သွား၏။ စုံယိဖုန်းကပြုံး၍ စကားဆက်ပြန်သည်။

"ရှင် ဒီကိုရောက်နေတာ သုံးရက်လောက်ရှိသွားပြီရှင့်"

"ဗျာ"

လုဟာန်လုံးက အံ့အားသင့်သွားသည်။

"ကျွန်တော် ... ကျွန်တော် ဒီကိုရောက်နေတာ သုံးရက်လောက်ရှိသွားပြီ ... ဟုတ်လား"

"ဟုတ်ပါတယ်၊ ရှင် သတိမေ့နေတာ သုံးရက်တောင်ရှိသွားပြီရှင့်"

လုဟာန်လုံးသည် ပို၍အံ့ဩသွားသည်။ စုံယိဖုန်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"ဖေဖေက ရှင့်ကိုဆေးကုပေးလို့သာ ရှင် အခုလို မြန်မြန်

www.burmeseclassic.com

www.burmeseclassic.com



သက်သာလာနိုင်တာပေါ့"

လုပ်ဟန်လုံးက သက်ပြင်းချလိုက်သည်။

"အင်း ... ခင်ဗျားအဖေကို ကျွန်တော်ကျေးဇူးတင်ပါတယ်ဗျာ၊ ဪ ... ဒါနဲ့ ခင်ဗျားအဖေက ဘယ်သူလဲဗျ"

ထိုစဉ် အခန်းဝမှ အသံတစ်သံထွက်ပေါ်လာသည်။

"ငါ့နာမည် စုံဝူးစွမ်းပါ"

လုပ်ဟန်လုံးက အခန်းဝသို့လှမ်းကြည့်လိုက်သည်။ အခန်းထဲသို့ အသက်ငါးဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုက အလွန်သန်မာထွားကျိုင်းပြီး မျက်လုံးအစုံမှာလည်း စူးရှတောက်ပ၍နေသည်။ အဘိုးအိုက လုပ်ဟန်လုံးထံသို့ ဖြည်းညင်းစွာလျှောက်လာပြီး သေသေချာချာကြည့်လိုက်သည်။

"အင်း ... မင်းအခြေအနေ တော်တော်ကောင်းသွားပြီပဲ"

လုပ်ဟန်လုံးက ခေါင်းညိတ်လိုက်၏။

"ဟုတ် ... ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျာ"

သူက အဘိုးအိုမှာ မိမိ၏ဒဏ်ရာများကို ကုသပေးသော စုံယိဖုန်း၏ဖခင်ဖြစ်မည်ဟု ရိပ်စားမိလိုက်လေ၏။

"ကိစ္စမရှိပါဘူးကွာ"

အဘိုးအိုက တစ်ချက်ပြုံးပြလိုက်ပြီး ...



"ကီးချန်ဟန်းဟာ ငါ့ပြိုင်ဘက်ကွ"

ယင်းအဘိုးအိုက သိုင်းလောကတွင် အလွန်ကျော်ကြားသော သမားတော်နှစ်ယောက်အနက် တစ်ယောက်ဖြစ်သော 'အရက်သမားတော်' စုံဝူးစွမ်းဖြစ်နေသည်ကို လုပ်ဟန်လုံးက သဘောပေါက်လာလေသည်။

❑

အရက်သမားတော်စုံဝူးစွမ်းနှင့် ကယ်ပါဂိုဏ်းချုပ်ကြီး ကီးချန်စန်းတို့မှာ အလွန်ရင်းနှီးသောမိတ်ဆွေများ ဖြစ်ကြလေသည်။ ပြိုင်ဘက်ဆိုသည်မှာ သူတို့အချင်းချင်း အရက်အပြိုင်သောက်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

သူတို့တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံလိုက်သည်နှင့် အရက်များ အပြိုင်အဆိုင်သောက်တတ်ကြပါသည်။ သို့သော် သူတို့သည် မည်သူက မည်သူ့ကိုမှ မနိုင်ခဲ့ကြပါ။

သူသည် အခန်းထဲသို့လှမ်းဝင်လာသည်။ တစ်ခန်းလုံးရှိ အမွှေးနံ့များကို သူ့ကိုယ်ပေါ်မှ ပါလာသောအရက်နံ့ကလွှမ်းမိုးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာမှာလည်း အမြဲပြုံးစိစိဖြင့် လူရွှင်တော်တစ်ယောက်နှင့်တူလှပေသည်။ စံပူးစွမ်းက လုဟာန်လုံးအားပြုံးပြလိုက်သည်။

"မင်းက ကျေးဇူးတင်ချင်ရင် ငါ့ကိုမတင်နဲ့ ... ကီးချန်စန်းကို တင်ပါ"

ကီးချန်စန်းဟုကြားလိုက်ရတော့မှ လုဟာန်လုံးက သတိရလာသည်။

"ဟို ... ဟို ... ဂိုဏ်းချုပ်ကြီးဘယ်မှာလဲဗျ"

စံပူးစွမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"သူက ငါနဲ့အရက်ပြိုင်သောက်ရမှာ ကြောက်လို့ထွက်ပြေးသွားပြီလေ"

စံပူးစွမ်းက လုဟာန်လုံး၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"မင် းအခု တော်တော်သက်သာသွားပြီ မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အေး ... မင်းရဲ့ဒဏ်ရာက ပေါ့ပေါ့နေလို့မဖြစ်ဘူး၊ ငြိမ်ငြိမ်ကလေးနေပြီး အနားယူရဦးမယ်၊ ငါပြောတာ ကြားရဲ့လား"

"ဟုတ်ကဲ့ ... ကြားပါတယ်ခင်ဗျာ"

"အေး ... ကြားရင် ငါ့စကားနားထောင်၊ ဒဏ်ရာမပျောက်



ခင် ဘယ်မှမသွားရဘူး၊ မင်းသေသွားတာက အရေးမကြီးဘူး ... ငါ့နာမည် ပျက်နေဦးမယ်"

စံပူးစွမ်းက ထိုသို့စကားပြောဆိုပြီးနောက် အခန်းထဲမှ ထွက်သွားလေတော့သည်။ လုဟာန်လုံးမှာ ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့သည်။

စုံယိဖုန်းက အားတုံ့အားနာဖြစ်သွား၏။

"အားနာစရာကောင်းလိုက်တာရှင်၊ ဖေဖေက အားလုံးကောင်းပါတယ် ... ဒါပေမဲ့ ဘုပြောတာဆိုးပါမယ်"

"ဘုပြောတာတော့ မဟုတ်ပါဘူး၊ သူက ဘွင်းဘွင်းပြောတတ်လို့ပါ"

စုံယိဖုန်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး ...

"ဟင် ... ရှင်ကလည်း ကျွန်မဖေဖေလို စိတ်ဓာတ်မျိုးပါပဲလား၊ ကဲ ... ကျွန်မဖေဖေပြောသလို အနားယူလိုက်ပါဦးရှင့်၊ ကျွန်မသွားတော့မယ်"

သူမသည် ယင်းသို့ပြောဆိုပြီးသည်နှင့် အခန်းထဲမှ သွက်လက်ပေါ့ပါးစွာထွက်ခွာသွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် ကုန်မှန်းမသိ ကုန်ဆုံးသွားလေသည်။ တစ်လခန့်ကြာသောအခါ လုပ်ဟန်လုံး၏ဒဏ်ရာများ လုံးဝပျောက်ကင်းသွားပြီဖြစ်ပါသည်။

သို့သော် ... လုပ်ဟန်လုံးသည် ဤနေရာ၌ပင် သောင်တင်နေသေးသည်။ အကြောင်းမှာကား ... သူသည် စုံဂူးစွမ်း၏သမီးဖြစ်သူ စုံယိဖုန်းအပေါ် မေတ္တာမိုးရွာခဲ့ရသောကြောင့် ဖြစ်ပါသည်။

စုံယိဖုန်းမှာလည်း သူ့အား ဆေးဝါးကုသပေးရင်း နီးနီးကပ်ကပ်နေခဲ့ရ၍လည်း လုပ်ဟန်လုံးအပေါ် မေတ္တာမျှခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ... ။

❑

ညနေဆည်းဆာအချိန် ဖြစ်ပါသည်။ ကောင်းကင်တစ်ခုလုံးသည် ပုစွန်ဆီရောင်များဖြင့် ခြယ်သထားလျက်ရှိသည်။

ရွှေဝါရောင်သန်းနေသော နေဝန်းကြီးက အနောက်ဘက်တောင်စွယ်သို့ ငုပ်လျှိုးစပြုနေလေပြီ။ ဤနေရာမှာ ... ရေကန်၏ကန်ဘောင်လမ်းကလေးတစ်ခု ဖြစ်သည်။



ကန်ဘောင်လမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် အမည်မဖော်ပြနိုင်သော သစ်ပင်များက အစီအရီ အလေ့ကျပေါက်နေ၏။

ထိုအပင်များမှ ပွင့်ပန်းများလည်း လှပ၍နေလေသည်။ လမ်းလေးပေါ်တွင် လုလင်ပျိုတစ်ယောက်နှင့် လုံမပျိုတစ်ယောက်တို့သည် ပခုံးချင်းယှဉ်၍ ဖြည်းညင်းစွာ လမ်းလျှောက်နေကြ၏။

ထိုသူနှစ်ယောက်မှာ လုပ်ဟန်လုံးနှင့် စုံယိဖုန်းတို့ပင်ဖြစ်ကြပါသည်။ သူတို့သည် လမ်းလျှောက်ရင်း အသံတိုးတိုးဖြင့်တီးတိုးပြောဆိုလာကြသည်။

တစ်ချက်တစ်ချက် သူတို့ပြိုင်တူရယ်မောလိုက်သောအသံများသည် လေနှင့်အတူ အဝေးမှလွင့်ပျံသွား၏။

"ကဲ အစ်ကိုရယ် ... ရှင့်ဒဏ်ရာတော့ ပျောက်ကင်းသွားပါပြီ၊ ရှေ့ဆက် ဘာလုပ်မယ်လို့ စိတ်ကူးထားပါသလဲ"

စုံယိဖုန်းကမေးလိုက်ခြင်းဖြစ်ပါသည်။

"အစ်ကိုကတော့ စုစန်းကို ကလဲ့စားချေမယ်၊ သွေးကြောဂိုဏ်းကိုဖြိုခွဲမယ် ... ဒါပဲ"

လုပ်ဟန်လုံးက စဉ်းစားမနေတော့ဘဲ ပြန်ဖြေလိုက်သည်။ စုံယိဖုန်းကလည်း သက်ပြင်းချလိုက်၏။

"စုစန်းရဲ့ သိုင်းပညာက တော်တော်ထက်မြက်တယ်လို့ ကြားရတယ်၊ အစ်ကိုက သူ့ကိုနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



လုဟန်လုံးကမျက်မှောင်ကုတ်သွားသည်။ မှန်ပါသည်။ စုဖုန်း၏သိုင်းပညာမှာ လုဟန်လုံးထက်သာလွန်နေသဖြင့် လုဟန်လုံးသည် စုစန်း၏လက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည် မဟုတ်ပါလော။ လုဟန်လုံးသည် အတန်ကြာတိတ်ဆိတ်နေရာမှ ပြတ်သားသောအသံဖြင့် ...

"ဟုတ်ပါတယ် ... စုစန်းကို အစ်ကို နိုင်မယ်,မနိုင်ဘူးဆိုတာ မပြောနိုင်ပါဘူး၊ ဒါပေမဲ့ အစ်ကိုက လက်လျှော့တတ်တဲ့လူတစ်ယောက် မဟုတ်ဘူး"

စုံယိဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ဟုတ်ပါတယ် အစ်ကိုရယ် ... ဒါပေမဲ့ ကိုယ်မခံနိုင်မှန်းသိလျက်နဲ့ ..."

လုဟန်လုံးက လက်ကာ၍ သူမ၏စကားကို ဟန့်တားလိုက်သည်။

"ဆက်မပြောပါနဲ့ ညီမ၊ အစ်ကို အသက်သေသွားပါစေ ... စုစန်းကိုတော့ ဖြစ်တဲ့နည်းနဲ့သုတ်သင်ရှင်းလင်းပစ်ရမှာပဲ၊ ဒါဟာ အစ်ကို့ဆရာရဲ့အမိကပေးအပ်လိုက်တဲ့ တာဝန်တစ်ရပ်ဖြစ်နေလို့ပါ"

စုယိဖုန်းသည် အတန်ကြာတိတ်ဆိတ်နေပြီးမှ ခြေလှမ်းရပ်တန့်လိုက်ပြီး လုဟန်လုံးအား မော့ကြည့်လိုက်သည်။

"ထားပါတော့လေ ... စုစန်းဟာ သွေးစကြာဂိုဏ်းအဖွဲ့ဝင်



တစ်ယောက်လို့ ပြောတယ် ... ဟုတ်သလားဟင်"

"ဟုတ်ပါတယ်"

စုံယိဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလိုဆိုရင် စုစန်းကိုကလဲ့စားချေဖို့ဟာ မလွယ်ကူဘူးလို့ ညီမထင်တယ်"

လုဟန်လုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ညီမ ... ဒါကြောင့်လည်း အစ်ကိုဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး ရင်လေးနေတယ်"

"နေပါဦး အစ်ကိုရယ် ... သွေးစကြာဂိုဏ်းဆိုတာ ဘယ်လိုအဖွဲ့အစည်းမျိုးလဲ"

"အစ်ကိုသိသလောက်ပြောရမယ်ဆိုရင် သွေးစကြာဂိုဏ်းဟာ မန်းချူးအာဏာပိုင်တို့က မျိုးချစ်သိုင်းသမားတွေကိုဖြိုခွင်းသုတ်သင်ဖို့တည်ထောင်ထားတဲ့ လျှို့ဝှက်ဂိုဏ်းတစ်ခုလို့ သိခဲ့ရတယ်"

စုံယိဖုန်းက မျက်လုံးအစုံပြူးကျယ်သွားသည်။

"ဟင် ... ဒါဖြင့် ဒီသွေးစကြာဂိုဏ်းဟာ နှယ်နှယ်ရရမှ မဟုတ်ဘဲ"

"ဟုတ်ပါတယ်ညီမ ... အလွန်ကြောက်စရာကောင်းတဲ့ဂိုဏ်းတစ်ခုပါ၊ ရှောင်လင်ဂိုဏ်းလိုပုဂ္ဂိုလ်မျိုးကတောင် သူတို့ရဲ့ရန်ကိုရှောင်နေရတယ်"

www.burmeseclassic.com

www.burmeseclassic.com



စုံယိဖုန်းက ထိုစကားကိုကြားလိုက်ရသောအခါ သူမ၏ မျက်နှာတစ်ခုလုံးမှာ ညှိုးငယ်သွားသည်။

"အစ်ကိုရယ် ... ဒါလောက်ကြောက်စရာကောင်းတဲ့ ဂိုဏ်းကြီးတစ်ခုကို အစ်ကိုတစ်ယောက်ရဲ့အင်အားနဲ့ ဘယ်လိုလုပ်ပြီး ဖြို ခွင်းနိုင်မှာလဲ"

လုဟန်လုံးသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"ဟုတ်ပါတယ် ညီမ ... ဒါပေမဲ့ အစ်ကိုတစ်ယောက်တည်း မဟုတ်ပါဘူး၊ ရှိသမျှ မျိုးချစ်သိုင်းသမားတွေက အစ်ကို့ဘက်က ရပ် တည်နေမှာပါ"

စုံယိဖုန်းက စကားဆက်မပြောတော့ချေ။ သူမသည်ခေါင်း ငိုက်စိုက်ချကာ ရှေ့ကိုသာဆက်၍လျှောက်သွားလေသည်။

နေဝန်းနီသည် တောင်စွယ်နောက်သို့ ကွယ်ပျောက်သွား လေရာ အမှောင်ထုသည် တစ်စထက်တစ်စ မင်းမူလာနေပြီ မဟုတ် ပါလော။ အိမ်ခန်းတွင် မီးများထွန်းထားပြီဖြစ်ပါသည်။ စုံယိဖုန်းနှင့် လုဟန်လုံးတို့က ထမင်းစားနေကြသည်။ ထမင်းစားပြီးစီးသောအခါ သူတို့က စကားပြောရင်း သွေးစကြာဂိုဏ်းအကြောင်းသို့ ရောက်ရှိ လာပြန်၏။

စုံယိဖုန်းက လုဟန်လုံးအတွက် ရေနွေးကြမ်းတစ်ခွက် ထည့်ပေးရင်း ...



"အစ်ကိုပြောတဲ့စကားအရ သွေးစကြာဂိုဏ်းကို ဘယ်သူ ကမှ နှိမ်နင်းလို့မရတော့ဘူးပေါ့"

လုဟန်လုံးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ သိုင်းလောကမှာ သတ္တိ ခဲတွေတော်တော်များများရှိပါမယ်၊ မျိုးချစ်စိတ်လည်းပြင်းထန်ကြ ပါမယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဒါပေမဲ့ သူတို့က စုစုစည်းစည်းမရှိကြပါဘူး၊ ကိုယ့်နည်း ကိုယ့်ဟန်နဲ့သာ မန်ချူးကိုတော်လှန်နေကြပါတယ်"

"ဟုတ်ပါ့ဘယ်အစ်ကို ... သူတို့ကိုသာ စုစည်းနိုင်မယ်ဆိုရင် တော်တော်ကြီးမားတဲ့ အင်အားဖြစ်လာမှာပဲ"

"ဟုတ်ပါတယ်၊ မန်ချူးအစိုးရကလည်း ဒါကိုမြင်တယ်၊ ဒါ ကြောင့် သူတို့က လက်ဦးပြီး ကျော်ကြားတဲ့ဂိုဏ်းတွေကို တစ်ခုချင်း လိုက်ပြီးတော့ ဖြိုဖျက်နေတာပေါ့"

"တစ်ခုတော့ ညီမ မရှင်းဘူးအစ်ကို"

"ဘာများလဲ"

"မန်ချူးအစိုးရက သူတို့စစ်တပ်နဲ့တိုက်ခိုက်နိုင်ရဲ့သာ ဘာဖြစ်လို့ သွေးစကြာဂိုဏ်းကိုဖွဲ့ပေးရတာလဲ"

"ဒီလိုပါ ... ရှောင်လင်ဂိုဏ်းတို့လို ဂိုဏ်းကြီးတွေဟာ အ

www.burmeseclassic.com

www.burmeseclassic.com



များပြည်သူလေးစားခံရတဲ့ ဂိုဏ်းတွေမဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"လူအများကြည်ညိုတဲ့ဂိုဏ်းကို စစ်တပ်အင်အားသုံးပြီး ဖြိုဖျက်လိုက်ရင် ပြည်သူလူထုက သူတို့ကို ကြည်ညိုမှာမဟုတ်တော့ဘူး မဟုတ်လား၊ သူတို့ကိုမကြည်ညိုရင် သူတို့က ပြည်သူလူထုကို စည်းရုံးနိုင်ပါဦးမလား"

စုံယိဖုန်းက ခေါင်းညိတ်လိုက်သည်။

"အင်း ... ညီမ သဘောပေါက်ပါပြီ၊ ဒါကြောင့် သူတို့က သွေးစကြာဂိုဏ်းကို ဖွဲ့စည်းတာပေါ့"

"ဟုတ်တယ် ညီမ၊ သွေးစကြာဂိုဏ်းဟာ ဥပဒေကိုစောင့်စည်းစရာမလိုဘဲ သူတို့လုပ်ချင်တာ သွားလုပ်လို့ရတယ်၊ နောက်ပြီး ဒီဂိုဏ်းကိုလည်း သူတို့ဂိုဏ်းပါလို့ ဘယ်သူကမှ လက်ညှိုးထိုးလို့မရဘူးမဟုတ်လား"

စုံယိဖုန်းသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"အင်း ... နယ်ချဲ့တွေဟာ တော်တော်အကြံပက်စက်တယ်နော် အစ်ကို"

လုဟာန်လုံးက လက်သီးဆုပ်လိုက်သည်။

"အခုအရေးကြီးဆုံးက စုစန်းကို ရှင်းပစ်ဖို့ပဲ"

"ဟုတ်ပါတယ်အစ်ကို၊ စုစန်းဟာမျိုးချစ်ပုဂ္ဂိုလ်တော်တော်





များများကို သတ်ခဲ့တဲ့ သစ္စာဖောက်ပါ"

"ဟုတ်တယ် ညီမ ... သူ့ကို ဦးအောင်မသတ်ရင် သူက တော့ ဗိုလ်မှူးဝမ်းဖုရဲ့သားကို လိုက်ရှာပြီး ကျူပင်ခုတ် ကျူငုတ်မကျန် သတ်ပစ်လိမ့်မယ်"

"ဟုတ်တယ် အစ်ကို၊ ဪ ... ဒါနဲ့ စုယယ် ဘယ်လိုအဖမ်းခံသွားရတယ်ဆိုတာ ပြောပြပါဦး"

လုဟာန်လုံးက အနည်းငယ်စဉ်းစားလိုက်သည်။

"ဒီလိုပါ ... စုစန်းထွက်ပြေးတော့ အစ်ကို နောက်ကလိုက်သွားတယ်၊ ဟိုရောက်တော့ လမ်းမှာ ဝါးနှစ်လက်ကိုင်ထားတဲ့လူတစ်ယောက်က အစ်ကို့ကို ဖြတ်ပြီးတိုက်ခိုက်တယ်လေ"

"ဒီလူက ဘယ်သူလဲ ... စုစန်းထက် တော်လို့လား"

"မတော်ပါဘူး ... သူက စုစန်းထက်တောင် ညံ့သေးတယ်"

"ဒါဖြင့် သူက ရှင့်ကိုဘယ်နိုင်မလဲ"

"ဟုတ်ပါတယ်၊ ဆယ်ကွက်တောင်မတိုက်ရပါဘူး ... သူထွက်ပြေးသွားပါတယ်၊ ဒါပေမဲ့ စုစန်း ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး"

"နောက်တော့ရော"

"စုစန်းကို ဘယ်မှာမှရှာမတွေ့လို့ အစ်ကိုပြန်လာရတာပေါ့"

"အစ်ကို စုယယ်ဆီပြန်ရောက်တော့ စုယယ်ကိုတွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပါတယ်"

"စုယယ်ကိုတွေ့တော့ ဘာဖြစ်သေးလဲ"

"အစ်ကို ခြံဝင်းထဲပြန်ရောက်တဲ့အခါမှာ မီးခိုးရောင်ဝတ်ဆင်ထားတဲ့အဘိုးအိုနှစ်ယောက်က စုယယ်ကိုဖမ်းထားတာ တွေ့ရတယ်"

စုံဖီဖုန်းက မျက်မှောင်ကုတ်သွားသည်။

"စုယယ်ရဲ့သိုင်းပညာက မညံ့ပါဘူး"

"ဟုတ်ပါတယ်"

"ဒါဖြင့် သူ့ကိုဖမ်းတဲ့အဘိုးအိုနှစ်ယောက်က သူ့ထက်သာတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်ပါတယ် ... ဒီအဘိုးအိုနှစ်ယောက်ရဲ့သိုင်းပညာဟာ မယုံကြည်စရာကောင်းလောက်အောင် အလွန်တော်ပါတယ်"

လုဟန်လုံးသည် သက်ပြင်းချလိုက်ပြီး စကားဆက်လိုက်သည်။

"အစ်ကိုက စုယယ်အဖမ်းခံရတာတွေ့တော့ ဝင်ပြီးကယ်တာပေါ့ ... ဒါပေမဲ့"

"အစ်ကိုလည်း ဒဏ်ရာရသွားတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ... အစ်ကိုလည်း အဘိုးအိုရဲ့လက်ဝါးတစ်ချက်ရိုက်တာ ခံလိုက်ရပြီး လုံးဝသတိမေ့သွားတာပဲ"



စုံယီဖုန်းက အနည်းငယ် မျက်မှောင်ကုတ်စဉ်းစားလိုက်ပြီး

"အင်း ... တော်တော်စဉ်းစားစရာကောင်းတဲ့ကိစ္စပဲ၊ သွေးစကြာဂိုဏ်းက ဘာဖြစ်လို့ ဆယ့်ငါးနှစ်အရွယ်လောက်ရှိတဲ့ ဝမ်းလင်းကို သဲသဲမဲမဲလိုက်ရှာနေရတာလဲ"

လုဟန်လုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ညီမ၊ ဒါ စဉ်းစားစရာကောင်းတဲ့ကိစ္စတစ်ခုပဲ"

"အစ်ကို ... ညီမ တစ်ခုတော့ စဉ်းစားမိမယ်"

"ဘာများလဲညီမ"

"ဝမ်းလင်းဆီမှာ အလွန်အရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ခုရှိရမယ်"

လုဟန်လုံးသည်စားပွဲကိုလက်သီးနှင့်ဖွဖွလေးတစ်ချက်ထုလိုက်သည်။

"ဟုတ်တယ် ... အစ်ကိုလည်း ဒီအချက်ကိုအတွေးရခက်နေတာ၊ အခု ညီမ့ပြောတော့မှပဲ သဘောပေါက်လာမယ်"

သူတို့သည် ဤသို့ပြောဆိုနေစဉ် ရုတ်တရက် ဧည့်ခန်းထဲသို့ လူတစ်ယောက်ပြေးဝင်လာသည်ကိုတွေ့လိုက်ရလေသည်။ ထိုလူ၏တစ်ကိုယ်လုံးမှာ သွေးများခြင်းခြင်းနီရဲနေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် တစ်ကိုယ်လုံးဒဏ်ရာများဖြင့် သွေး
ခြင်းခြင်းနီရဲနေ၏။ သူကား စုယယ်ထံသို့ လာရောက်သတင်းပို့
သော ဘုန်းတော်ကြီးပင် ဖြစ်နေပါသည်။

စုံယိဖုန်းက ထိုဘုန်းတော်ကြီးအား တွေ့မြင်လိုက်သည်နှင့်
မျက်နှာမှာ ကွက်ခနဲပျက်သွား၏။

"ဟင် ... ဆရာတော်'ချင်းပင်' ပါလား"

ဟု လွှတ်ခနဲ အော်မိလေသည်။

"ဟုတ်ပါတယ် ... ငါပါ"

ချင်းပင်ဆရာတော်၏အသံက မောဟိုက်နေပုံရသည်။

"ဆရာတော် ... ဘယ်လိုဖြစ်လာတာလဲ ဘုရား"

စုံယိဖုန်း၏အမေးကို ဆရာတော်ချင်းပင်က မဖြေပါ။

"မင်းအဖေ ဘယ်မှာလဲ"

ဟုသာ အလောတကြီးမေးနေ၏။

"အိမ်မှာ ရှိပါတယ်ဘုရား"

"ဒါဖြင့် မြန်မြန်သွားခေါ်စမ်း"

"တင်ပါ့ဘုရား"

စုံယိဖုန်းက အခန်းထဲသို့ ပြေးဝင်သွားသည်။ လုပဟန်လုံး



ချင်းပင်ဆရာတော်အား နေရာထိုင်ခင်းပေးပြီးနောက် ရေနွေးကြမ်း
ထည့်ပေးလိုက်သည်။

ထို့နောက် ချင်းပင်ဆရာတော်၏ဒဏ်ရာများကို ဆေး
ကြောပေးရင်း ...

"ဆရာတော် ဘာတွေဖြစ်ခဲ့တာလဲ ဘုရား"

ချင်းပင်ဆရာတော်က သူ့အား တစ်ချက်ကြည့်လိုက်သည်။

"ဒကာလေးက ဘယ်သူလဲ"

"တပည့်တော်လုပဟန်လုံးပါ၊ နဂါးတပ်က ဒုခံတပ်မှူးပါ"

ချင်းပင်ဆရာတော်သည် ထိုစကားကိုကြားရသောအခါ
ခေါင်းညိတ်လိုက်သည်။

"ဒကာလေးက နဂါးခံတပ်ကကိုး"

"တင်ပါ့ဘုရား"

ချင်းပင်ဆရာတော်က အနည်းငယ်အမောဖြေလိုက်ပြီး
နောက် ...

"ငါ့ကို သွေးစကြာဂိုဏ်းက လာပြီးတော့ဖမ်းဆီးဖို့ကြံစည်
နေတယ်၊ ငါကလည်း မခံဘူးပေါ့၊ သူတို့ကိုပြန်တိုက်တယ်လေ၊ ဒါ
ပေမဲ့ သွေးစကြာဂိုဏ်းထဲက မီးခိုးရောင်ဝတ်ထားတဲ့ အဘိုးအိုတစ်
ယောက်က တော်တာကိုး"

လုပဟန်လုံးကမျက်မှောင်ကုတ်သွား၏။ ချင်းပင်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့သော မီးခိုးရောင်ဝတ်ဆင်ထားသည့် အဘိုးအိုမှာ မိမိအား ဒဏ်ရာပြင်းထန်စွာရစေသည့် အဘိုးအိုပင်ဖြစ်ရမည်ဟု စိတ်ထဲ၌ တွေးမိလေ၏။

ချင်းပင်ဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီအဘိုးကြီးလက်ချက်နဲ့ ငါလည်း ဒဏ်ရာရတာမွေ့၊ အဲဒီအချိန်မှာပဲ ကယ်ပါဂိုဏ်းချုပ်ကြီးကီးချန်စန်း ရောက်လာတယ်၊ သူလည်း ငါ့လို ဒဏ်ရာရသွားတာပေါ့"

လုဟန်လုံး၏မျက်နှာမှာ ပျက်သွား၏။

"ကယ်ပါဂိုဏ်းချုပ်ကြီး ဒဏ်ရာရသွားတယ် ... ဟုတ်လား ဘုရား"

"ဟုတ်တယ် ... သူက ငါ့ထက် ဒဏ်ရာပိုပြင်းတယ်ကွဲ့၊ ဒါကြောင့် ငါက ဒကာကြီး 'စုဝူးစွမ်း' ဆီပြေးလာရတာပေါ့"

"အခု ကယ်ပါဂိုဏ်းချုပ်ကြီး ဘယ်မှာရှိသလဲဘုရား"

"တာမင်ဟုမြို့ စင်းစင်းတည်းခိုခန်းမှာရှိပါတယ်"

ထိုစဉ် စုံယိဖုန်းသည် အခန်းထဲမှ ပြန်လည်ထွက်လာလေသည်။

"မင်းအဖေကော"

ချင်းပင်ဆရာတော်က အလောတကြီးမေးလိုက်သည်။ စုံယိဖုန်းက ခေါင်းညိတ်လိုက်သည်။



"တင့်ပါ ... အခုပဲ ထွက်လာတော့မယ် ဘုရား"

"မြန်မြန်လုပ်စမ်းပါ ... ငါ့အတွက်က အရေးမကြီးဘူး၊ ဂိုဏ်းချုပ်ကြီးကို အချိန်မီလုပ်မပေးနိုင်ရင် ဒုက္ခရောက်သွားလိမ့်မယ်"

❑

သမားတော်ကြီးစုံဝူးစွမ်းသည် အခန်းထဲမှထွက်လာပြီဖြစ်ပါသည်။ သူ၏တစ်ကိုယ်လုံးတွင် ခေါင်းမှအစ ခြေထောက်အဆုံး ရေမျှားရွှဲရွှဲစိုနေလေသည်။

ထို့အပြင် ... သူ၏လက်ထဲမှာလည်း ရေပုံးတစ်လုံးကို ဆွဲထားသည်။ ရေပုံးထဲမှာ ရေအပြည့်ရှိနေ၏။

"ဆရာတော် ဘယ်လိုဖြစ်လာတာလဲ"

ချင်းပင်ဆရာတော်က ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

"မြင်တဲ့အတိုင်းပဲလေ"

"ကဲ ကဲ ... ဆရာတော့်ဒဏ်ရာ ပြစမ်းပါ"

"အို ... ငါ့ဒဏ်ရာက အရေးမကြီးဘူး၊ ကီးချန်စန်းအတွက် အချိန်မီ ..."

ချင်းပင်ဆရာတော်က စကားမဆုံးမီ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ကီးချုန်ဟန်းက ဘာဖြစ်လို့လဲဘုရား"

"သူ့ဒဏ်ရာ တော်တော်ပြင်းနေလို့ကွ"

'ဝုန်း'

စုံဝူးစွမ်းသည် လက်ထဲရှိရေပုံးမှရေများကို ခေါင်းပေါ်သို့ လောင်းချလိုက်သည်။

"အခု သူဘယ်မှာလဲ"

စုံဝူးစွမ်းသည် အလောတကြီးမေးလိုက်ပြန်သည်။

"တာမင်ဟု စင်းစင်းတည်းခိုခန်းမှာ"

စုံဝူးစွမ်းသည် ယခုမှ ချင်းပင်ဆရာတော်၏ဒဏ်ရာများ ကို သတိပြုမိလေသည်။

"ဟင်း ... ဆရာတော်ကလည်း ဒဏ်ရာကြီးနဲ့ပါလား"

သူကပြောရင်း စုံယိဖွန်းဘက်သို့လှည့်လိုက်သည်။

"သမီး ... ဖေဖေ့ဆေးသေတ္တာယူခဲ့စမ်း"

❑

တာမင်ဟုမြို့ ... ။

တာမင်ဟုမြို့တွင် အခမ်းနားဆုံး၊ အကြီးကျယ်ဆုံးမှာ



'စင်းစင်းတည်းခိုခန်း' ဖြစ်ပါသည်။

ဤတည်းခိုခန်းသို့ လာရောက်တည်းခိုကြသော ခရီးသည်များမှာ များသောအားဖြင့် ကုန်သည်ပွဲစားများဖြစ်ပါသည်။

ထို့ကြောင့်လည်း ... ဤတည်းခိုခန်းက ကုန်သည်ပွဲစားများ လာရောက်တည်းခိုသောနေရာတစ်နေရာဖြစ်လာသည်။

သို့သော် ...

ယခု ဤစင်းစင်းတည်းခိုခန်းမှာ ယခင်နှင့်မတူတော့ချေ။

အံ့သြထိတ်လန့်ဖွယ်ရာနေရာတစ်နေရာအဖြစ် ပြောင်းလဲသွားပြီဖြစ်ပါသည်။ စင်းစင်းတည်းခိုခန်း၏ အဆောက်အအုံသည် ပြာပုံအဖြစ် ပြောင်းလဲသွားလေ၏။

အပြစ်မဲ့သောလူတချို့က အကျည်းတန်စွာ ဖရိုဖရဲမီး လောင်မြေပေါ်၌ လဲလျောင်းနေ၏။ အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသောလူတစ်စုက မီးလောင်မြေပေါ်တွင် ရှိနေကြသည်။

သူတို့၏အင်္ကျီပေါ်၌ ရွှေရောင်ခြည်များဖြင့် စကြာပုံသဏ္ဍာန် အမှတ်အသားတစ်ခု ရှိသည်။ စင်းစင်းတည်းခိုခန်းပိုင်ရှင် ဘာဘာအန်းက သေတ္တာတစ်လုံးပေါ်တွင် ထိုင်နေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ကြောက်ရွံ့တုန်လှုပ်နေသည်။ သူ့ရှေ့တွင် အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေ၏။

သူ၏လက်ထဲတွင် ဓားတစ်လက်ကိုင်ထားသည်။ ဓားဖျားက ဘဘအန်း၏ရင်ဝသို့ ချိန်ရွယ်ထားသည်။

"ပြောစမ်း ... ကယ်ပါဂိုဏ်းချုပ်ကို ဘယ်မှာဝှက်ထားသလဲ"

ဘဘအန်းက မျက်နှာရှုံ့မဲ့သွားပြီး ...

"ကျုပ် ... ကျုပ်မသိပါဘူး၊ ခင်ဗျားတို့ ရှာလည်းရှာပြီးပြီ၊ အိမ်ကိုတောင် မီးရှို့လိုက်ပြီ၊ ကျုပ် သိ သိရင် ပြောပြမှာပေါ့"

"ဟေ့ ... တိတ်စမ်း၊ ကယ်ပါဂိုဏ်းချုပ်ဟာ မင်းတို့တည်းခိုခန်းကို ဝင်လာတာ ငါတို့လူက သေသေချာချာမြင်တွေ့လိုက်တယ်၊ မင်းက ဖုံးကွယ်ထားချင်သေးလို့လား"

အနက်ရောင်ဝတ်ဆင်ထားသောအဘိုးအိုက အော်ငေါက်ကာ မေးလိုက်သည်။ ထိုအခါ ... ဘဘအန်းသည် ပို၍တုန်လှုပ်ချောက်ချားသွားသည်။

"မဟုတ်ရပါဘူး၊ ရှိတဲ့ဧည့်သည်တွေလည်း အားလုံးထွက်ပြေးသွားပါပြီ၊ သူလည်း ဧည့်သည်တွေနဲ့ ပါသွားမှာပေါ့"

"ဘာကွ မင်းက လိမ်ချင်သေးသလား ... သူဟာ ဒဏ်ရာပြင်းလွန်းလို့ လမ်းတောင်မလျှောက်နိုင်တော့ဘူးဆိုတာ ငါတို့ သိထားတယ်"



အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုက မဲ့ပြုံးပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"ဒီမှာ ငါ နောက်ဆုံးမေးမယ် ... ကယ်ပါဂိုဏ်းချုပ်ကို ဘယ်မှာဝှက်ထားသလဲ"

ဘဘအန်း၏တစ်ကိုယ်လုံး တုန်ခါသွားသည်။

"ကျုပ် ... ကျုပ်မသိပါဘူးဗျာ"

အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုက ဒေါသခြောင်းခြောင်းထွက်သွားသည်။

"ဘာကွ ... မင်း သေချင်လို့လား၊ ကဲ ... ဒီလောက်တောင်မပြောချင်ရင်တော့ မင်းလက်တစ်ဖက် ကိုဖြတ်ပစ်ရမှာပဲ"

သူက ပြောရင်း ဓားကိုဆွဲထုတ်လိုက်သည်။

'ခွမ်း ...'

ရုတ်တရက် အရာဝတ္ထုတစ်ခုက အဘိုးအိုကိုင်ထားသော ဓားပေါ်သို့ တည့်တည့်ထိမှန်သွားလေသည်။

အဘိုးအိုက မမျှော်လင့်ဘဲခံလိုက်ရသဖြင့် သူ၏ဓားမှာ မြေပေါ်သို့ လွင့်ကျသွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ထိုအရာဝတ္ထုလာရာသို့ လှည့်ကြည့်လိုက်သည်။ လူလေးယောက်ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုလူလေးယောက်ကား သမားတော်ကြီးစုံဂူစွမ်း၊ စုံယိဖုန်း၊ လုဟန်လုံးနှင့် ချင်းပင်ဆရာတော်တို့ပင် ဖြစ်ပါသည်။ အဘိုးအိုက သူတို့အား စိုက်ကြည့်လိုက်ပြီး ကောက်ကျစ်စွာပြုံးလိုက်သည်။

"ဘယ်သူလဲကွ ... တို့ကို ဝင်နှောင့်ယှက်နေတာ"

စုံယိဖုန်းက ပြုံးလိုက်သည်။

"ကျွန်မပါရှင်"

အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီလောက်တောင် နှောင့်ယှက်ချင်တာ ထမင်းကောင်းကောင်းမစားချင်လို့နဲ့ တူတယ်"

သူသည် ဤသို့ပြောပြီးသည်နှင့် လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။ ဓားပါးလေးတစ်လက်သည် စုံယိဖုန်း၏ရင်ဝသို့ တန်းတန်းမတ်မတ် ပစ်လွှတ်လိုက်လေ၏။

သမားတော်ကြီးစုံဂူစွမ်းက ရင်ထိတ်သွားသည်။ လုဟန်လုံးက ဓားကိုဆွဲထုတ်ကာ ထိုဓားပါးလေးအား ရိုက်ချရန် ဟန်ပြင်လိုက်သည်။

သို့သော် ... သူကအနည်းငယ်အလှမ်းဝေးနေသဖြင့် မီ



မည်မဟုတ်မှန်း သိလိုက်ရ၏။ စုံယိဖုန်းအား စိုးရိမ်စွာဖြင့် ...

"သတိထား ညီမ"

အော်၍ သတိပေးလိုက်သည်။ စုံယိဖုန်းက ပြုံးကာ သူမ၏လက်ဝါးဖြင့် ပစ်လွှတ်လာသောဓားပါးအား ရိုက်ချလိုက်ရာ ...

'ဖုတ်'

ဓားပါးလေးမှာ မြေပေါ်သို့ လွင့်ကျသွားလေသည်။ စုံယိဖုန်း၏ ပြသလိုက်သောသိုင်းပညာကြောင့် အနက်ရောင်ဝတ်ထားသော အဘိုးအိုသာမက စုံဂူစွမ်းအပါအဝင် လုဟန်လုံးနှင့်ချင်းပင်ဆရာတော်တို့ပါ အံ့သြမိနေကြလေသည်။

အကြောင်းမှာ အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအို ပစ်လွှတ်လိုက်သော ဓားပါးသည် အတွင်းအားဖြင့်အသုံးပြု၍ ပစ်လွှင့်လိုက်သောကြောင့် မည်သူမဆိုရှောင်တိမ်းရမည်သာ ဖြစ်သည်။

သို့သော် ... စုံယိဖုန်းသည် ရှောင်တိမ်းခြင်းမပြုဘဲ လက်ဝါးဖြင့်ရိုက်ချလိုက်သည်မှာ တော်ရုံတန်ရုံသိုင်းပညာအဆင့်မြင့်ပင် မပြုလုပ်နိုင်ပါ။

ထို့ကြောင့် ... စုံဂူစွမ်းပင်လျှင် မိမိ၏သမီးသည် ဤမျှ သိုင်းပညာထက်မြက်လိမ့်မည်ဟုပင် မထင်မိချေ။

သူတို့က ယင်းသို့ကြောင်အမ်းအမ်းဖြစ်နေစဉ်မှာပင် အနက်ရောင်ဝတ်ဆင်ထားသောအဘိုးအိုက လျှပ်တစ်ပြက် ဓားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စုံယိဖုန်းအား တိုက်ခိုက်လိုက်လေသည်။ စုံဂူးစွမ်းသည် ရင်ထိတ်သွားသည်။

"သတိထား သမီး"

ဟုအော်၍ သတိပေးလိုက်သည်။ ချင်းပင်ဆရာတော်သည်လည်း ထိုအဘိုးအိုအားမှတ်မိလိုက်လေသည်။

ယင်းအနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုမှာ မိမိအား တိုက်ခိုက်လိုက်သော သွေးစကြာဂိုဏ်းမှလူပင် ဖြစ်နေလေသည်။

ထို့ကြောင့် သူက စုံယိဖုန်းအတွက် စိုးရိမ်သွားလေသည်။

"ဒကာမလေး သတိထား"

သူတို့သည် ယင်းသို့သတိပေးလိုက်သော်လည်း စုံယိဖုန်းက ကြောက်ရွံ့သောဟန်အမူအရာလုံးဝမရှိပါ။ တိုက်ခိုက်လာသော အဘိုးအို၏တိုက်ကွက်များကို ရှောင်တိမ်းခြင်းမပြုဘဲ ဓားကိုလှျပ်တစ်ပြက် ဆွဲထုတ်လိုက်ပြီး ခုခံပေးလိုက်သည်။

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုက လျှပ်တစ်ပြက် ဓားသုံးချက်ဆင့်ကာ ဆင့်ကာခုတ်လိုက်သည်။ ထိုအခါ ... စုံယိဖုန်းက တိုက်ခိုက်လာသောဓားသုံးချက်ကို ထိထိမိမိခုခံနိုင်ခဲ့လေသည်။



အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ဟဲ ဟဲ ဟဲ ... ဘယ်ဆိုးလို့တုံး"

သူသည်ပြောရင်း စုံယိဖုန်းအား ဆက်၍တိုက်ခိုက်လိုက်ပြန်၏။ ယင်းသို့ဖြင့် သူတို့က ဘတစ်ပြန်ကျားတစ်ပြန် သဲသဲမဲမဲ တိုက်ခိုက်ကြလေတော့သည်။

အဘိုးအိုက တစ်ကွက်ပြီးတစ်ကွက် ဖိ၍တိုက်ခိုက်နေ၏။ သူက အဆင့်အလွန်မြင့်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

စုံယိဖုန်းကဲ့သို့သော နုပျိုသည့်မိန်းကလေးတစ်ယောက်က မိမိအား အံတုယှဉ်ပြိုင်လာသည်ကို ခံပြင်းနေ၏။

ထို့ကြောင့် စုံယိဖုန်းအား အသေသတ်ရန် ဖိ၍တိုက်ခိုက်လိုက်ခြင်းဖြစ်ပါသည်။

သို့သော် ... စုံယိဖုန်းကလည်း အညံ့မခံပါ။ အဘိုးအို၏ တိုက်ကွက်ကိုလည်း တစ်ကွက်ပြီးတစ်ကွက် ခုခံနိုင်ခဲ့သည့်အပြင် တစ်ချက်တစ်ချက်ပင် ပြန်လည်တိုက်ခိုက်နိုင်ခဲ့လေသည်။

သူတို့၏တိုက်ပွဲကား အလွန်ကြည့်ကောင်းသော လက်ညီသည့် လျှို့ဝှက်ဆန်းကြယ်သောတိုက်ပွဲတစ်ခု ဖြစ်လာလေသည်။ ထိုတိုက်ပွဲအား ကြည့်နေရသော စုံဂူးစွမ်းတို့လူစုများပင် အံ့အားသင့်နေကြလေ၏။

အထူးသဖြင့် ... စုံဂူစွမ်းက မိမိသမီးမှာ ဤမျှသိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့်နေသည်ကို မယုံကြည်နိုင်သဖြင့် မျက်လုံးပြူး၍ ငေးမောကာ ကြည့်နေမိလေသည်။

ဒုတိယအံ့ဩသူမှာ ချင်းပင်ဆရာတော်ပင် ဖြစ်နေပါသည်။ ချင်းပင်ဆရာတော်က စုံဂူစွမ်းမိသားစုတို့နှင့် အလွန်ရင်းနှီးခဲ့ကြသူပင်ဖြစ်သည်။

စုံဂူစွမ်း၏သိုင်းပညာကို သူကောင်းကောင်းသိခဲ့သည်။ စုံဂူစွမ်းက ဆေးဝါးကုသရာတွင် နာမည်ကျော်ကြားသော်လည်း သိုင်းပညာရပ်မှာမူ သူသည် အရက်အလွန်အကျွံသောက်နေသောကြောင့် တိုးတက်မှုမရှိပါ။

အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုက သွေးစကြာဂိုဏ်းမှ အလွန်အရေးပါအရာရောက်သော လူတစ်ယောက်ဖြစ်သည်။

သိုင်းပညာရပ်များမှာလည်းအံ့ဩဖွယ်ရာကောင်းလောက်အောင်ထက်မြက်သည်။ ထို့ကြောင့်လည်း ... ထိုအဘိုးအို၏လက်ချက်ကြောင့် မိမိမှာဒဏ်ရာရရှိပြီး ကီးချန်စန်းမှာမူ အပြင်းအထန်ဒဏ်ရာရရှိသွားသည် မဟုတ်ပါလော။

သို့သော် ... အခု သူအထင်မကြီးခဲ့သော စုံယိဖုန်းမှာ ထိုအဘိုးအိုအား လက်ညှိုးစွာဖြင့် ပြန်လည်တိုက်ခိုက်နေသည်ကို သူမအံ့ဩဘဲမနေနိုင်တော့ပါ။



သူတို့အံ့ဩနေသည်သာမက လုဟန်လုံးကလည်း အံ့ဩနေမိသည်။ သူသိထားသည့် စုံယိဖုန်းမှာ သိုင်းပညာရပ်တွင် မတောက်တခေါက်တတ်ထားသည်ဟု သူသိထား၏။

ယခုမှာမူ စုံယိဖုန်း၏ပညာက မိမိထက်သာလွန်နေသည်ကိုလည်း ရိပ်စားမိလေ၏။ သူတို့က ယင်းသို့အံ့ဩခြင်းကိုယ်စီဖြင့် ငေးမောကြည့်နေစဉ်မှာပင် ...

"ယား ..."

အဘိုးအို၏ ဟိန်းထွက်လာသောအသံကို ကြားလိုက်ရ၏။ အဘိုးအိုက စုံယိဖုန်းနှင့်သိုင်းကွက်ငါးဆယ်အထိ ယှဉ်ပြိုင်လာသည့်တိုင်အောင် စုံယိဖုန်းအား အနိုင်မယူနိုင်သည့်အတွက် ခံပြင်း၍ ဒေါသခြောင်းခြောင်းထွက်လာကာ သူ၏ထက်မြက်ဆုံးသော သိုင်းကွက်ဖြစ်သော 'မိုးကြိုးလက်ဝါး' ကို အသုံးပြုလိုက်လေသည်။

ထိုသိုင်းကွက်အားတွေ့မြင်လိုက်ရသည်နှင့် စုံဂူစွမ်းမှာ ထိတ်လန့်သွားလေသည်။ သူသည် စုံယိဖုန်းအား ဝင်ရောက်ကူညီရန် ရှေ့သို့ထွက်လာလေ၏။

ချင်းပင်ဆရာတော်က သူ့အား ကပျာကယာ ဆွဲထားလိုက်လေသည်။

"ဟေ့ ဒကာကြီး ... ဒါ ဘာလုပ်တာလဲ"

"ဆရာတော် မတွေ့ဘူးလား ... တပည့်တော်[illegible]မိုး ဒုက္ခ

www.burmeseclassic.com

ရောက်တော့မယ်"

"အေးပါ ... ငါတွေ့ပါတယ်ကွာ၊ စိတ်မပူပါနဲ့ဒကာကြီးရဲ့၊ သမီးဟာ ဒကာကြီးထက် တော်နေမယ်ကွ"

ဟုတ်ပါသည်။ ချင်းပင်ဆရာတော်၏စကားသည် မှန်ကန်နေပါသည်။ အကြောင်းမှာ အဘိုးအို၏အထက်မြက်ဆုံးသော သိုင်းကွက်ဖြစ်သည့် 'မိုးကြိုးလက်ဝါး' က စုံယိဖုန်း၏ခေါင်းပေါ်သို့ ရွယ်၍ခုန်ချလိုက်ရာ စုံယိဖုန်းက အနည်းငယ်မျှကြောက်ရွံ့တုန်လှုပ်ခြင်း မရှိဘဲ အသာအယာရှောင်တိမ်းနိုင်ခဲ့လေသည်။

အဘိုးအိုက ရင်ထိတ်သွားလေသည်။ နှစ်ပေါင်းသုံးဆယ်အတွင်း သူက ယင်း 'မိုးကြိုးလက်ဝါး' ဖြင့် ထိပ်တန်းသိုင်းသမားများစွာကို သူအောင်နိုင်ခဲ့လေသည်။

၎င်း'မိုးကြိုးလက်ဝါး' ဖြင့် သူသည် သွေးစကြာဂိုဏ်းမှ အဆင့်မြင့်သောနေရာကို ရရှိခဲ့သည် မဟုတ်ပါလော။

ယခုမှာကား သူ၏အားအထားရဆုံးသော မိုးကြိုးလက်ဝါးသည် မည်သို့မှ အရာမရောက်ဖြစ်နေသည်ကိုတွေ့လိုက်ရသောအခါ သူသည် ဆက်၍မတိုက်ခိုက်နိုင်တော့ဘဲ တအံ့တဩဖြင့် စုံယိဖုန်းအား ငေး၍ကြည့်နေမိလေသည်။

❑



အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုက အတန်ကြာငေးကြည့်နေပြီးမှ ...

"သိုင်းဆရာကြီးဝူဖုန်းက မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

စုံယိဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမတော်ပါဘူးရှင်"

အဘိုးအို၏မျက်နှာမှာ အံ့ဩသွားသည်။

"ဒါဖြင့် မင်းရဲ့သိုင်းပညာတွေကို ဘယ်ကရလာမယ်ဆို တာပြောပြပါလား"

စုံယိဖုန်းက နှာခေါင်းရှုံ့လိုက်သည်။

"ဒါ ရှင်နဲ့မဆိုင်ပါဘူး"

အဘိုးအိုသည် မချိပြုံးပြုံးလိုက်သည်။

"မင်းရဲ့ပညာကိုတော့ ကျုပ်ချီးကျူးပါတယ်"

စုံယိဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

"မလိုပါဘူးရှင်"

အဘိုးအိုက လက်နှစ်ဖက်ဆုပ်ကိုင်ပြီး ...

"ကနေ့တော့ ကျုပ်အရှုံးပေးလိုက်ပါပြီ ... ဒါပေမဲ့ တစ်

www.burmeseclassic.com



နေ့နေ့တော့ ကျူပ် ပြန်ပြီး ကလွဲစားချေရမှာပဲ”

သူသည် ပြောဆိုပြီးနောက်ချာခနဲလှည့်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။ စုံယိဖုန်းက ထိုအဘိုးအိုနောက်သို့ လိုက်သွားခြင်းမရှိပါ။

ယင်းအဘိုးအိုကို မိမိမနိုင်သော်လည်း ရှုံးနိမ့်သွားခြင်းမ ရှိပါ။ ယခု အဘိုးအိုထွက်ပြေးသွားခြင်းမှာ အကြောင်းတစ်ခုခု ရှိရ မည်ဟု သူမ သံသယဖြစ်လေ၏။

သူမက မတ်တတ်ရပ်၍ငေးကြည့်နေစဉ် ရယ်မောသံတစ် သံက သူတို့နောက်မှ ထွက်ပေါ်လာသည်။

“ဟား ဟား ဟား … ငါ့တူမက ဘယ်ဆိုးလို့တုံး”

ထိုအသံနှင့်အတူ ပြုံလဲနေသောအုတ်နံရံနောက်ကွယ်မှ လူတစ်ယောက် ထွက်ပေါ်လာ၏။ ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိ သည်။ ဥပမိရုပ်အလွန်ခံ့ညားပြီး အထက်တန်းကျစွာ ဝတ်ဆင်ထား လေသည်။

❑

ထိုအဘိုးအို၏နောက်ကွယ်တွင် လူရှစ်ယောက်ပါလာလေ



သည်။ ထိုလူရှစ်ယောက်တို့သည် ကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ပြီး ခါးတွင် ဓားကိုယ်စီထိုးထားကြသည်။

ထိုလူရှစ်ယောက်နောက်ကွယ်တွင် လူလေးယောက်ပါရှိ လာပြန်သည်။ မိန်းကလေးလေးယောက်ဖြစ်သည်။ အလွန်နုနယ် လှပသော မိန်းကလေးများဖြစ်ကြပါသည်။

စုံယိဖုန်းသည် ထိုလူစုအားတွေ့လိုက်ရသည်နှင့် ပထမ တွင် ကြောင်အမ်းအမ်းဖြစ်ပြီးမှ ဝမ်းသာသွားသည်။ သူမသည် က ပျာကယာ ရှေ့သို့ပြေးလွှားသွားကာ ဦးညွှတ်အံလေးပြုလိုက်လေ သည်။

“ဘဘ … ကျွန်မ စုံယိဖုန်းက အလေးပြုပါတယ်”

“ဟား ဟား ဟား”

အဘိုးအိုက အားရပါးရရယ်မောလိုက်သည်။

“နှစ်နှစ်လောက်မတွေ့ရတာ ငါ့တူမက အပျိုကြီးဖားဖား တောင် ဖြစ်နေပါပေါ့လား”

စုံယိဖုန်းက ခေါင်းကလေးငုံ့သွားသည်။

“အောင်မာ … ဒါ ရှက်သွားတာပေါ့လေ၊ အင်း … ငါ့ညီမ က မဆိုးဘူးကွ၊ မင်းလို တပည့်မတစ်ယောက်ရတာကိုပဲ ငါ ဝမ်းသာ တယ်ဟေ့”

စုံယိဖုန်းနှင့်အဘိုးအိုတို့သည် ရင်းနှီးစွာစကားပြောဆိုနေ

www.burmeseclassic.com

www.burmeseclassic.com



ကြခြင်းကို ဖခင်ဖြစ်သူစုံဂူးစွမ်က အံ့အားသင့်ကာငေးကြည့်နေလေသည်။

သူသည် ချင်းပင်တောင်ဆရာတော်ဘက်သို့ လှည့်လိုက်ပြီး

...

"ဘယ်လိုဖြစ်ကြတာလဲဆိုတာ တပည့်တော်ကိုလည်း ပြောပြပါဦး"

ချင်းပင်ဆရာတော်က ရယ်မောလိုက်သည်။

"ဒီမှာ ဒကာကြီး ... ဒကာကြီးရဲ့သမီးဟာ သိပ်ပြီးကံကောင်းတယ်ကွဲ့"

"ဘုရားတပည့်တော် နားမရှင်းပါလားဘုရား"

"ဒီလိုကွဲ့ ဒကာကြီး ... ဒကာကြီးရဲ့သမီးဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သိုင်းဆရာကြီးဆင့်အိစုံးရဲ့တပည့်ဖြစ်ဖူးတယ်လေ ... ဒါကြောင့်လည်း သူက သိုင်းပညာအလွန်ကောင်းနေတာကွဲ့"

စုံဂူးစွမ်းက မျက်မှောင်ကုတ်သွား၏။

"ဗျာ ... တပည့်တော်ရဲ့သမီးဟာ ဆင့်အိစုံးဆီမှာသိုင်းပညာသင်တယ် ... ဟုတ်လား"

"ဟုတ်တယ်လေ ဒကာကြီး"

"ဒကာကြီး ဘယ်သိပ့်မလဲ ... ဒကာကြီးက နေ့ရော ညပါ အရက်မူးနေတာကိုး"



ချင်းပင်ဆရာတော်က ယင်းသို့ပြောရင်း အဘိုးအိုအား ဦးညွတ်လိုက်၏။

"ဟောဒီ ဒကာကြီးကတော့ ဝမ်းချစ်လို့ခေါ်မယ်၊ ဒကာကြီးက သူ့နာမည်ကို ကြားဖူးမှာပေါ့"

စုံဂူးစွမ်းက မျက်မှောင်ကုတ်သွားသည်။

"ဝမ်းချစ် ... ဩော် ... သိပြီ သိပြီ ... သူဟာ နဂါးလက်ဝါးကျားလက်သီး ဝမ်းချစ်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွာ ... သူဟာ ဆင့်အိုစုံးနှင့် ဆရာတစ်ဆူတည်းက ပညာသင်ယူကြတဲ့လူပါ"

ဝမ်းချစ်က ရယ်မောလိုက်၏။ သူသည် စုံဂူစွမ်းအား အရိုအသေပေးလိုက်သည်။

"ခင်ဗျားက သိုင်းလောကမှာနာမည်ကြီးတဲ့ သမားတော်ကြီးစုံဂူးစွမ်းထင်ပါ့"

"ဟုတ်ပါတယ်ခင်ဗျား"

"ဩော် ... တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ကျုပ်ကလည်း ဝမ်းသာပါတယ်ဗျာ"

ဝမ်းချစ်က ရယ်မောလိုက်သည်။

"သမားတော်ကြီးက အရက်လည်းတော်တော်သောက်နိုင်မယ်လို့ ကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပင်ဆရာတော်က ပြုံးလိုက်သည်။

"ဒီဒကာကြီးက အရက်သောက်တဲ့နေရာမှာတော့ မပြောနဲ့ ... လောကတစ်ခုလုံးကို မေ့နေတယ်ကွ"

"ဟာ ... ဒီလိုဆိုရင် ကျုပ်နဲ့ ပျော်ပျော်ပါးပါး သောက်ရအောင်ဗျာ"

စံပူးစွမ်းက သက်ပြင်းချလိုက်သည်။

"ဟုတ်ကဲ့ သိပ်ဝမ်းသာတာပေါ့ဗျာ ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လို့လဲဗျ"

"ကယ်ပါဂိုဏ်းချုပ်ကြီးကို ကုသပေးရမယ့်တာဝန် ရှိသေးလို့ပါ"

ဝမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"ဗျာ ... ကီးချန်စန်းက ဘာဖြစ်လို့လဲ"

စံဂူစွမ်းက သက်ပြင်းချလိုက်သည်။

"သူ့ဒဏ်ရာ တော်တော်ပြင်းထန်နေလို့ပါ"

"ဟုတ်လား ... ဘယ်သူကများ သူ့ကို ဒဏ်ရာရအောင် လုပ်သွားနိုင်တာလဲ"

"သွေးစုကြာဂိုဏ်းကပါ"

ဝမ်းချစ်က မျက်မှောင်ကုတ်သွားလေ၏။ ထိုစဉ်မှာပင် အသံတစ်သံ ထပ်မံပေါ်ထွက်လာသည်။



"ဟား ဟား ဟား ... ကီးချန်စန်းရဲ့ဒဏ်ရာကို မင်းလို အရက်သမား ကုဖို့စောင့်ရရင်တော့ အခုလောက်ဆိုရင် အရိုးတောင် ဆွေးသွားပြီကွ"

❑

အသံသည် အေးစက်မာကျောနေသည်။ လေသံကလည်း ရန်လိုသောအသံဖြစ်သည်။ သို့သော် စံဂူးစွမ်းမှာမူ ဒေါသထွက်ခြင်းမရှိပါ။

သူသည် ထိုအသံအား ကောင်းကောင်းကျက်မှတ်မိနေပြီဖြစ်သည်။ ယင်းအသံရှင်ကိုလည်း သူ သိကျွမ်းခဲ့ဖူးပါသည်။

အသံရှင်ကား မြေဝါတောင်တန်းတစ်ရာတောင်ကြား မှဂူးဝါးရသေ့ ဖြစ်လေသည်။ ဂူးဝါးရသေ့က စံဂူးစွမ်းနှင့်အပြိုင် ကျော်ကြားသော သမားတော်တစ်ယောက်လည်း ဖြစ်ပါသည်။

အသံဆုံးသွားသည်နှင့် ရသေ့ကြီးတစ်ပါး ထွက်ပေါ်လာသည်။ စံဂူးစွမ်းသည် ထိုရသေ့ကြီးအားတွေ့လိုက်သည်နှင့် ...

"အင်း ... မတွေ့ရတာ ကြာသွားပါပြီလား"

ဖူးဝါးရသေ့ကြီးက သူ့အားပြုံးစိစိဖြင့်ကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဂူးစွမ်း ... မင်းက ဟိုတုန်းကလို အရက်အိုးထဲမှာ စိမ်နေတုန်းပဲလား"

ချင်းပင်ဆရာတော်ကဂူးဝါးရသေ့ကြီးအားတစ်ချက်ကြည့်လိုက်ပြီး ...

"ကီးချန်စန်းရဲ့ ဒဏ်ရာ ဘယ့်နှယ်နေသေးသလဲ"

ဟု မေးလိုက်သည်။ ဂူးဝါးရသေ့က ဦးညွတ်ကာ ...

"တပည့်တော်ရှိတဲ့နောက်တော့ သူ မသေနိုင်တော့ပါဘူး"

စုံဂူးစွမ်းသည် ထိုစကားကြားလိုက်ရသောအခါ ရင်ထဲတွင် သက်သာရာရရှိသွားသည်။ ဂူးဝါးရသေ့ကြီး၏ ဆေးကုသမှုပညာက မိမိထက်သာနေသည်ကို နားလည်လိုက်သဖြင့် သူသည် ကီးချန်စန်းမှာ အသက်အန္တရာယ်စိုးရိမ်မှုမရှိတော့ဟု စိတ်ချသွားလေသည်။

သို့သော် ... ဂူးဝန်းရသေ့ကြီးကပန်းတစ်ရာတောင်ကြားတွင်နေထိုင်ပြီး နှစ်အတန်ကြာအပြင်မထွက်ဘဲနေသည်ကို သိရလေသည်။

ယခု ... ကီးချန်စန်းသည် ဂူးဝါးရသေ့ကြီးနှင့်လာပြီး ဆုံတွေ့နေရသည်ကို သူကအံ့ဩနေလေ၏။

"နေပါဦး ... ရသေ့ကြီးက ပန်းတစ်ရာတောင်ကြားမှာနေပြီး ကီးချန်စန်းနဲ့ ဘယ်လိုလုပ်ပြီး လာတွေ့ရတာလဲ"

ဂူးဝါးရသေ့ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။



"အမှန်အတိုင်းပြောရရင် ငါက ပန်းတစ်ရာတောင်ကြားအတွက် လာရလို့ပေါ့"

"ပန်းတစ်ရာတောင်ကြားက ဘာအကြောင်းကြောင့် ထွက်လာရတာလဲ"

"အို ... တခြားလူက ငါ့ကိုမောင်းထုတ်လိုက်လို့ပေါ့"

"ဟောဗျာ"

စုံဂူစွမ်းက အံ့အားသင့်သွားသည်။

"နေပါဦး ... ဘယ်သူကမောင်းထုတ်လိုက်တာလဲ"

"စစ်တုရင်ပေါ့"

စုံဂူးစွမ်းက ထိုစကားကိုကြားလိုက်ရသောအခါ မျက်လုံးပြူးသွားသည်။

"ရသေ့ကြီး ... ခင်ဗျား စိတ်မှကောင်းရဲ့လား"

ဂူးဝါးရသေ့က မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲကွ"

"ရသေ့ကြီးကို စစ်တုရင်က မောင်းထုတ်တယ်ဆိုလို့ပေါ့"

ဂူးဝါးရသေ့က သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"ဒီလိုကွ သူငယ်ချင်း ... ငါ လူငယ်တစ်ယောက်နဲ့ စစ်တုရင်ယှဉ်ပြိုင်ခဲ့တယ်ကွ"

သူ၏စကားမဆုံးမီ စုံဂူးစွမ်းက ကြားဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သိပြီ ... ရသေ့ကြီးရှုံးသွားလို့ ဆိုပါတော့"

ဝူးဝါးရသေ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... နိုင်တဲ့လူက ငါ့ဆီက ဘာမှမလိုချင်ဘူး၊ ပန်းတစ်ရာတောင်ကထွက်ပြီး သုံးနှစ်တိုင်တိုင် ဆေးကုသပေးရမယ့် လို့ ကတိတောင်းသွားမယ်၊ မင်းစဉ်းစားကြည့်စမ်း ... ဘယ်လောက် ဒေါသထွက်စရာကောင်းသလဲ"

စုံဝူးစွမ်းက ရယ်မောလိုက်သည်။

"ဒေါပွကယ်သာဆိုတယ် ... မျက်နှာကပြုံးစိစိနဲ့ပါလား"

ဝူးဝါးရသေ့စကားမပြောတော့ချေ။ စုံဝူးစွမ်းက သူ့အား တစ်ချက်ကြည့်လိုက်ပြီး

"ရသေ့ကြီးကစစ်တုရင်မှာ ပြိုင်ဘက်တော်တော်ရှားသား ပဲ၊ အခု ဘာလို့ ရှုံးသွားရတာလဲ၊ ရသေ့ကြီးကို အနိုင်ထိုးနိုင်တဲ့လူ ဘယ်သူလဲ"

ဝူးဝါးရသေ့က သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။ သူ၏မျက်လုံးအစုံသည် ဝမ်းချစ်ဘက်သို့ကြည့်လိုက်လေသည်။

"ငါ့ကိုနိုင်တဲ့သူက သူပေါ့၊ သုံးပွဲအပြတ်နိုင်သွားတော့ ငါ တစ်သက်မှာ ဒီတစ်ခါလောက်ရှုံးချက်နာတာ မရှိဘူး"

စုံဝူးစွမ်းက ဒီစကားကိုကြားလိုက်ရသည်နှင့် အံ့သြစွာဖြင့် ဝမ်းချစ်အားကြည့်လိုက်သည်။ ဝမ်းချစ်က ရယ်မောလိုက်၏။



"ကျုပ်က တော်တာမဟုတ်ဘူးဗျ၊ ကံကောင်းလို့ဆိုရမှာ ပေါ့"

အမှန်မှာ ဝမ်းချစ်က ယဉ်ကျေးမှုအရသာပြောဆိုခြင်း ဖြစ်သည်။ သို့သော် ဝူးဝါးရသေ့သဘောကျသွားသည်။

"ဟုတ်တယ် ဟုတ်တယ်၊ ကျုပ်က ညံ့လို့ရှုံးတာမဟုတ်ပါ ဘူး၊ ကံမကောင်းလို့ပါ၊ တကယ်လို့ အခွင့်အလမ်းရှိရင် တစ်ပွဲတစ် လမ်း ယှဉ်ပြိုင်ချင်ပါသေးတယ်"

စုံဝူးစွမ်းသည် ထိုစကားကြားရသောအခါ မနေနိုင်တော့ ဘဲ တဟားဟား ရယ်မောလိုက်သည်။ ဝူးဝါးရသေ့က သူ့အား မျက် လုံးပြူးကာကြည့်နေပြီး ...

"မင်း ဘာရယ်တာလဲကွ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ဟာကိုယ် အသုံးမကျလို့ ရှုံးတာကို အရှက်ပြေပြော နေလို့ပါ"

ဝူးဝါးရသေ့ကြီး ပို၍ ဒေါသထွက်လာသည်။ သူက ပြန်လည် ရန်တွေ့ရန် ဟန်ပြင်လိုက်စဉ်မှာပင် ဝမ်းချစ်က အချိန်မီ လက်ကာ၍ ဟန့်တားလိုက်လေ၏။

"တော်ပါတော့ဗျာ ... ခင်ဗျားတို့အချင်းချင်းတွေပဲ၊ ဘာမ ဟုတ်တဲ့ကိစ္စနဲ့ စကားမများကြပါနဲ့၊ အမှန်အတိုင်းပြောရမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



အခုလို ဝူးဝါးရသေ့ကြီးကို ပန်းတစ်ရာတောင်ကြားကထွက်ပြီး ဆေးကုသဖို့ဖိတ်ခေါ်ခြင်းဟာ အလွန်အရေးကြီးတဲ့ အကြောင်းတစ်ခုရှိလို့"

တစ်ချိန်လုံးငြိမ်၍နားထောင်နေသော လုပဟန်လုံးက ကြားဖြတ်လိုက်သည်။

"ဆရာတော်က ရသေ့ကြီးကိုတော်လှန်ရေးတပ်မှာ သမားတော်ကြီးအဖြစ် အကူအညီတောင်းချင်လို့ မဟုတ်လား"

ဝမ်းချစ်က မိမိ၏သဘောထားကို ယခုကဲ့သို့မေးလိုက်ခြင်းခံလိုက်ရသဖြင့် အံ့ဩသွားလေတော့သည်။ သူသည် လုပဟန်လုံး အားအကဲခတ်၍ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲကွ"

လုပဟန်လုံးက လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

"ကျွန်တော့်နာမည်လုပဟန်လုံးပါ"

ဝမ်းချစ်က မျက်မှောင်ကုတ်လိုက်သည်။

"လုပဟန်လုံး ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

စုံယိဖုန်းက ကြားဖြတ်လိုက်သည်။

"သူက နဂါးခံတပ်က ဒုခံတပ်မှူးပါရှင်"

ဟု မိတ်ဆက်ပေးလိုက်လေသည်။ ဝမ်းချစ်က ပို၍အံ့ဩသွားသည်။ စုံယိဖုန်းက စကားဆက်လိုက်ပြန်သည်။



"ဘဘက နဂါးခံတပ်ကို ခဏခဏချီးမွမ်းနေတယ် မဟုတ်လား"

ဝမ်းချစ်က ရယ်မောလိုက်သည်။

"ဟုတ်တယ် နဂါးခံတပ်က မျိုးချစ်စိတ်အပြည့်ရှိမယ်လို့ ကျုပ်တို့သိခဲ့ရလို့ လေးစားနေတာကြာပါပြီ၊ အခုလို နဂါးခံတပ်ရဲ့ ဒုခံတပ်မှူးကိုတွေ့ရတော့ ဝမ်းသာပါမယ်"

လုပဟန်လုံးက ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ နဂါးခံတပ်ကတော့ သူတစ်ပါးကျွန်မခံချင်လွန်းလို့ အခုလိုအင်အားစုပြီး နယ်ချဲ့ကျူးကျော်လာတဲ့ မန်ချူးစစ်တပ်ကိုတော်လှန်နေတာပါ"

ဝမ်းချစ်က သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"အင်း ... အခုအခါမှာ သွေးစကြောဂိုဏ်းဟာ အတော်ကလေးလှုပ်လှုပ်ရှားရှားဖြစ်နေတယ်ကွဲ့၊ ဒါကြောင့် ကျုပ်က လက်ပိုက်ကြည့်မနေနိုင်ဘဲ ဂိုဏ်းပေါင်းစုံတွေကိုသွားပြီး အဆက်အသွယ် လုပ်နေရတယ်ကွဲ့"

ချင်းပင်ဆရာတော်က ခေါင်းညိတ်လိုက်သည်။

"အင်း ... ဆရာကြီးရဲ့မျိုးချစ်စိတ်ကိုတော့ ကျုပ် ချီးကျူးပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းချစ်သည် လက်အုပ်ချီကာဦးညွတ်လိုက်သည်။

"တင်ပါ့ဘုရား ... တပည့်တော်ကတော့ အသက်စွန့်ရရင် စွန့်ရပါစေ ... ရှေ့ဆုံးကနေပြီး သွေးစကြာဂိုဏ်းနဲ့ယှဉ်ပြိုင်တိုက်ခိုက်ဖို့ အဓိဋ္ဌာန်ချထားပြီးပါပြီ"

စုံငူးစွမ်းက လက်ခုပ်တီးလိုက်သည်။

"ကောင်းတယ် ... သိပ်ကောင်းတယ်၊ ခင်ဗျားလို ပုဂ္ဂိုလ်ကြီးက ဆောင်ရွက်မယ်ဆိုရင် ဂိုဏ်းပေါင်းစုံကပုဂ္ဂိုလ်တွေကလည်း လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး၊ ခင်ဗျားရဲ့ဦးဆောင်မှုကို ခံယူပြီး နယ်ချဲ့ကျူးကျော်တဲ့လူတွေကို တိုက်ခိုက်မှာပဲ"

ဝူးဝါးရသေ့က ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် ... သိပ်ကောင်းတယ်၊ ကျုပ်ကတော့ ဓားမကိုင်တတ်ပေမယ့် ကျုပ်ဆေးဝါးကုသမှု ပညာနဲ့တစ်တပ်တစ်အား ပါဝင်ပါ့မယ်"

သူ၏စကားကြောင့် အားလုံးက ရယ်မောလိုက်လေတော့သည်။ ထိုအချိန်တွင် ... ရယ်မောသံများထွက်ပေါ်လာသည်။

❑



လှောင်ပြောင်သော ရယ်မောသံများဖြစ်ပါသည်။ ရယ်မောသံနှင့်အတူ လူရှစ်ယောက် အစီအရီလျှောက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူရှစ်ယောက်သည် အကျီအဖြူများဝတ်ဆင်ထားပြီး ခါးတွင် ဓားကိုယ်စီချိတ်ဆွဲထားသော သိုင်းသမားများပင် ဖြစ်ပါသည်။

ထိုလူများအား တွေ့မြင်လိုက်ရသည်နှင့် အားလုံးက အံ့အားသင့်သွားကြသည်။ ထိုလူရှစ်ယောက်နောက်တွင် လူတစ်ယောက် ထပ်မံ၍ တွေ့လိုက်ရပြန်သည်။

ဖြူဖွေးသောဆံပင်၊ ဖြူဖွေးသောအကျီရှည်၊ ဖြူဖွေးသောဖိနပ်ကိုစီးသောလူတစ်ယောက်ဖြစ်ပါသည်။ သူ၏မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်ပြီး မာန်မာနကြီးသော အရိပ်အယောင်များ ပေါ်လွင်နေသည်။

သူ၏ခြေလှမ်းများမှာလည်း တည်ငြိမ်စွာလျှောက်လာလေသည်။ ထိုလူအားတွေ့လိုက်ရသည်နှင့် အားလုံးသောလူများမှာ မျက်မှောင်ကုတ်သွားကြ၏။

ထိုလူအား မည်သို့ပင်ကြည့်ကြည့် အသက်နှစ်ဆယ်ကျော်ခန့်ရှိသေးသော လူငယ်တစ်ယောက်ပင်ဖြစ်ပါသည်။ သို့သော်သူ၏ဦးခေါင်းပေါ်မှ ဆံပင်များက အနက်ရောင်ဆံပင်တစ်ပင်မှ မရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ဆွတ်ဖြူဖွေးနေသည်။

ထိုလူငယ်အား မည်သူကမှ မတွေ့ဖူးပါချေ။ ထိုလူကို မည်သူမည်ဝါလို့လည်း မတွေ့ရှိကြပါ။ ဝမ်းချစ်သည် ထိုလူငယ်အားစေ့စေ့ကြည့်လိုက်သည်။

"မင်း ဘယ်သူလဲ"

လူငယ်က ဝင့်ကြွားစွာဖြင့်ပြုံးလိုက်သည်။

"ကျုပ်နာမည် သိစရာမလိုဘူး"

ဝမ်းချစ်က ထိုလူအားခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြန်သည်။

"တန်တော့ မင်းက သွေးစကြာဂိုဏ်းက ဖြစ်ရမယ်"

လူငယ်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်အထင်မမှားဘူးဆိုရင် မင်းဟာသွေးစကြာဂိုဏ်း၊ ဂိုဏ်းချုပ်အောက်က ခေါင်းဆောင်ငါးယောက်အနက် တစ်ယောက်ဖြစ်ရမယ်"

လူငယ်က ချီးကျူးသောအကြည့်ဖြင့် ဝမ်းချစ်အားကြည့်၍ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား အကဲခတ် မဆိုးဘူးဗျ"

ဝမ်းချစ်က ...

"ဒါဖြင့် မင်းကခေါင်းဆောင်ငါးယောက်ထဲမှာ အဆ



ဘယ်လောက်လဲ"

လူငယ်ကလက်သုံးချောင်းထောင်ပြလိုက်သည်။

"ကျုပ်က တတိယပါ"

ဝမ်းချစ်က မျက်ခုံးမွေးတစ်စုံက နဖူးပေါ်သို့မြင့်တက်သွားလေသည်။

"ဒီလိုဆိုရင် မင်းကသွေးစကြာဂိုဏ်းထဲက တော်တော်အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ"

ဝမ်းချစ်က နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်က သွေးစကြာဂိုဏ်းကိုဖြိုခွဲမယ်ဆိုတာ မင်းသိသလားကွ"

"ဟား ဟား ဟား"

လူငယ်က မထီမဲ့မြင်ရယ်မောလိုက်သည်။

"စိတ်ချပါ ... ခင်ဗျားမပြောလည်း ကျုပ်ကအားလုံးသိပြီးပါပြီ"

ဝမ်းချစ်က ထိုလူငယ်အားစေ့စေ့ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံက ရွံ့မုန်းသောအသွင်များပေါ်ပေါက်လာသည်။

လူငယ်က လုံးဝမမှုပါ။ သူက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ သိုင်းဆရာကြီး ... ခင်ဗျားမှာ အလွန်တော်တဲ့

www.burmeseclassic.com

www.burmeseclassic.com



တပည့်သုံးယောက် ရှိတယ်မဟုတ်လား”

ဝမ်းချစ်က စကားမပြောဘဲ သူ့အားစက်ဆုပ်စွာကြည့်နေသည်။ လူငယ်က စကားဆက်လိုက်ပြန်သည်။

“ခင်ဗျားရဲ့အချစ်ဆုံးတပည့်သုံးယောက်ဟာ ကျုပ်တို့လက်ချက်နဲ့သေသွားရတော့ မုန်းတာသဘာဝကျပါတယ်”

ဝမ်းချစ်၏မျက်နှာတစ်ခုလုံးက ဒေါသရောင်များလွှမ်းမိုးလာသည်။

“ဟုတ်တယ် ... မင်းတို့က တစ်ယောက်ချင်း ယှဉ်ပြိုင်ရင်တော့ သူသေသေ,ကိုယ်သေသေ မပြောလိုဘူး၊ ဒါပေမဲ့ အခုတော့ မင်းတို့က ဉာဏ်ဆင်ပြီးသတ်လိုက်တယ်ဆိုတော့ မင်းတို့ဂိုဏ်းဟာ အလွန်ယုတ်ညံ့တဲ့ဂိုဏ်းဆိုတာ ထင်ရှားမနေဘူးလား”

လူငယ်က ခေါင်းခါယမ်းလိုက်သည်။

“ဒီမှာ ဘာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် သူသေကိုယ်သေယှဉ်ပြိုင်တဲ့အခါ နည်းပရိယာယ်သုံးသင့်ရင်သုံးရမှာပဲ”

ဝမ်းချစ်သည် ဒေါသအမျက်ထွက်လာသည်။

“ဘာပဲဖြစ်ဖြစ် မင်းတို့မတရားတဲ့နည်းနဲ့လုပ်တာတော့ ကျုပ် မကျေနပ်ဘူးကွ”

လူငယ်က မဲ့ပြုံးပြုံးလိုက်သည်။

“ခင်ဗျားဟာ အသက်ကြီးသလောက် စကားပြောတာ



ကလေးဆန်လှပါတယ်ဗျာ”

“ဘာဖြစ်လို့လဲကွ”

“ကျုပ်တို့သွေးစကြာဂိုဏ်းက ဌာနမှူးတစ်ယောက်ကို ခင်ဗျားတို့သတ်ပစ်လိုက်တာကတော့ တရားတယ်တဲ့လား”

ဝမ်းချစ်က နှာခေါင်းရှုံ့လိုက်သည်။

“ဒါကတော့ မင်းရဲ့ဌာနမှူးဟာ ကျုပ်တို့မျိုးချစ်ပုဂ္ဂိုလ်တွေတော်တော်များများကိုသတ်ပစ်နေလို့ ကျုပ်က သူ့ကိုသတ်လိုက်တာဟာ မတရားပါဘူးလို့ ဘယ်သူကပြောနိုင်မှာလဲ”

လူငယ်က လှောင်ပြောင်ပြောလိုက်သည်။

“ခင်ဗျားက အသက်ကြီးသလောက် စကားပြောတဲ့နေရာမှာ တစ်ဖက်သတ်ကျလွန်းမနေဘူးလား”

ဝမ်းချစ်သည် ဆက်၍စကားပြောရန်ဆန္ဒမရှိတော့ပါ။

“မင်းနဲ့ငါစကားစစ်ခင်းနေလို့ အကြောင်းထူးမှာ မဟုတ်ပါဘူး၊ အဲဒီတော့ မင်းသေသွားရင်း မြေပုံမှာ နာမည်ရေးနိုင်အောင်တော့ နာမည်တစ်ဆိတ်လောက်”

လူငယ်က အေးစက်စွာရယ်မောလိုက်သည်။

“သေချာလှချည်လားဗျ ... ဘယ်သူက မြေပုံမှာသွားနေရမယ်ဆိုတာ တော်ကြာ သိလာရမှာပါ၊ ကျုပ်နာမည်က 'ပုလောက်' လို့ ခေါ်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ပုလောက်ဟူသောအသံကိုကြားလိုက်ရသောအခါ အားလုံးသောသူများက အံ့သြထိတ်လန့်သွားကြသည်။ အကြောင်းမှာ 'ပုလောက်' ဟူသောအဓိပ္ပာယ်မှာ 'မအိုသေးတဲ့လူ' ဟု အဓိပ္ပာယ်ရသည်။

လွန်ခဲ့သော အနှစ်သုံးဆယ်က သိုင်းလောကတွင် ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်ဖြူဖွေးနေသော သိုင်းသမားတစ်ယောက် ထွက်ပေါ်လာဖူးသည်။

ထိုသိုင်းသမားသည် သိုင်းပညာထူးချွန်ပြီး ရက်စက်ကြမ်းကြုတ်သည့်နေရာမှာလည်း နာမည်ကြီးလှသည်။ သူသည် နှစ်ပေါင်းများစွာ ကျော်ကြားခဲ့၏။

သို့သော် ... သူ၏ရုပ်သွင်သည် အိုမင်းရင့်ရော်ခြင်းမရှိသည့်အတွက် သိုင်းလောကသားများက သူ့အား မအိုသေးသောလူ (ဝါ) ပုလောက်ဟု ခေါ်ဝေါ်ကြလေသည်။

ဤသို့ဖြင့် သူ၏နာမည်ရင်းကို မည်သူကမှ မသိတော့ချေ။ ဝမ်းချစ်သည် ယခုရင်ဆိုင်ရသောလူမှာ တစ်ချိန်တုန်းက အလွန်ကျော်ကြားသော ပုလောက်ဖြစ်နေသည်ကို သိလိုက်ရသဖြင့် ပို၍စက်ဆုပ်ရွံရှာလာသည်။ သူသည် နှာခေါင်းရှုံ့လိုက်ပြီး ...

"လက်စသတ်တော့ မင်းက ပုလောက်ကိုး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်က မင်းနာမည်ကို ကျုပ်ကြားဖူးပါတယ်"



ပုလောက်က ဝင့်ကြွားစွာဖြင့် ရယ်မောလိုက်သည်။

"ဟဲ ဟဲ ... ကြားဖူးမှာပေါ့ ... ကျုပ်နာမည်က မသေသေးဘဲကိုး"

ဝမ်းချစ်က ရှေ့သို့တစ်လှမ်းတိုးလိုက်သည်။

"ကျုပ်က မင်းနာမည်ကိုကြားဖူးကတည်းက မင်းရဲ့အဲသက်ခြေသိုင်းကွက် သုံးဆယ့်ခြောက်ကွက်ကို ဗဟုသုတအနေနဲ့ လေ့လာချင်နေတာ အတော်ပဲ၊ အခု မမျှော်လင့်ဘဲ လာတွေ့ဆုံရတော့ ကျုပ်ဖြင့် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်ဗျာ"

ပုလောက်၏မျက်နှာမှာ မည်းမှောင်သွားသည်။

"ကောင်းပြီလေ ... ကြည့်ကြသေးတာပေါ့"

'ခွမ်း'

ပုလောက်သည် ဓားကိုလျှပ်တစ်ပြက်ဆွဲထုတ်လိုက်ပြီး ဝမ်းချစ်အားချိန်ရွယ်ထားလိုက်သည်။ ဝမ်းချစ်၏သိုင်းပညာ အလွန်အဆင့်မြင့်သည်ကိုလူတိုင်းက သိထားကြသည်။

ပုလောက်၏သိုင်းပညာမှာလည်း အလွန်နာမည်ကြီးခဲ့သည်။ ယခု ... သူတို့နှစ်ယောက် ရင်ဆိုင်တွေ့ရှိပြီဖြစ်ပါသည်။

သိုင်းလောကတွင် နာမည်ကြီးသော သိုင်းသမားတစ်ယောက်က မည်သည့်နည်းနှင့်မျှ အေးအေးချမ်းချမ်းနေနိုင်လေ့မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား လာရောက်ယှဉ်ပြိုင်သောသူများမှာ တစ်ယောက်ပြီးတစ်ယောက် အဆက်မပြတ် လာတတ်လေသည်။ နာမည်ကျော်ကြားလေလေ လာရောက်ယှဉ်ပြိုင်မည့်သူ များပြားလေလေဖြစ်ပါသည်။

တပည့်ပေါင်းများစွာမွေးထုတ်ထားသော သိုင်းဆရာကြီးတစ်ယောက်လည်း ဖြစ်သည်။ ပုလောက် သိုင်းလောကကိုခြေချလိုက်သည်နှင့် နာမည်ကျော်ကြားသော ဓားသမားများကို တစ်ယောက်ပြီးတစ်ယောက် ယှဉ်ပြိုင်ခဲ့သည်။

ယခုအချိန်အထိ သူသည် တစ်ကြိမ်တစ်ခါမှ ရှုံးနိမ့်ခြင်းမရှိခဲ့ပါ။ ယခု သူသည် အလွန်ကျော်ကြားသော ဝမ်းချစ်နှင့် ထိပ်တိုက်တွေ့ဆုံရမည်မဟုတ်ပါလော။

သူတို့နှစ်ယောက်၏အရည်အချင်းမှာလည်း မတိမ်းမယိမ်းဖြစ်နေပြီ မဟုတ်ပါလား။

ဤသို့ဆိုလျှင် ... သူတို့တွင် မည်သူက အနိုင်ရရှိမည်နည်း။

❑

ပုလောက်က ရုတ်တရက် ဓားဖြင့်တိုက်ခိုက်လိုက်သည်။



တိုက်ခိုက်လိုက်သည်နှင့် သူ၏အကျော်ကြားဆုံးသော အသက်ခြေဓားသိုင်းသုံးဆယ့်ခြောက်ကွက်ကိုအသုံးပြုလိုက်လေသည်။

ယခု ... သူသည် အသက်ခြေသုံးဆယ့်ခြောက်ကွက်ထဲ မှ သိုင်းကွက်တစ်ကွက်ဖြစ်သော ‘ငရဲလမ်းသို့ သက်ဆင်းခြင်း’ သိုင်းကွက်ကို အသုံးပြုလိုက်ခြင်းဖြစ်ပါသည်။

ပုလောက်သည် ဤသိုင်းကွက်တစ်ကွက်တည်းဖြင့် သိုင်းသမားများစွာကို အသက်ခြေခဲ့ခြင်းဖြစ်ပါသည်။ များစွာသောသိုင်းသမားတို့သည် ပုလောက်၏ပထမသိုင်းကွက်ကိုပင် ခုခံနိုင်စွမ်းမရှိခဲ့ပါ။

ယခု သူရင်ဆိုင်နေရသော ပြိုင်ဘက်မှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်တစ်ယောက်မဟုတ်ပါ။ အလွန်ကျော်ကြားသော သိုင်းဆရာကြီးဝမ်းချစ်ပင်ဖြစ်သည်။

ဝမ်းချစ်၏အခြားအမည်တစ်ခုမှာ ‘နဂါးလက်ဝါးကျားလက်သီး’ ပင်ဖြစ်ပါသည်။ ဝမ်းချစ်က မည်သူနှင့်ပင်တိုက်ခိုက်ရပါစေ ဓားကိုအသုံးမပြုပါ။

အခြားလက်နက်ကိုလည်း အသုံးမပြုပါ။ သူ၏လက်ဝါးနှင့်သာ ယှဉ်ပြိုင်ခုခံခြင်းဖြစ်ပါသည်။

ယခု ... သူက အလွန်ရက်စက်ကြမ်းကြုတ်သော နာမည်ကြီးသိုင်းသမားပုလောက်နှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင်လည်း ဓားကိုအသုံးမပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်လက်ဝါး၊ ဝဲဘက်လက်သီးနှင့်သာ ရင်ဆိုင်တိုက်ခိုက်နေခြင်းဖြစ်ပါသည်။ ဤယှဉ်ပြိုင်ပွဲမှာ အလွန်ပြင်းထန်ပြီး ရက်စက်သောယှဉ်ပြိုင်ပွဲတစ်ခုဖြစ်ပါသည်။

ပုလောက်က သွေးစကြာဂိုဏ်း၏ လက်ရုံးတစ်ဆူဖြစ်သည်။ ဝမ်းချစ်က သွေးစကြာဂိုဏ်းကို ဖြိုခွဲမည့်ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သည်။

သူတို့၏တိုက်ပွဲကား အလွန်အရေးကြီးသော တိုက်ပွဲတစ်ခုဖြစ်လာသည်ကိုပြောဖွယ်ရာမရှိပါ။ ပုလောက်၏ဓားသည် လျှပ်စီးလက်သည့်ပမာ လျင်မြန်လေသည်။

မိုးခြိမ်းသည့်ပမာ အံတုပြင်းထန်သည်။ မျက်စိတစ်မှိတ်အချိန်အတွင်း ပုလောက်က ဓားသိုင်းကိုးကွက်တိတိကို တိုက်ခိုက်လိုက်ပြီးဖြစ်ပါသည်။

□

ပုလောက်က ကျော်ကြားသည့်အတိုင်း အလွန်ထက်မြက်သောဓားသမားတစ်ယောက်အမှန်ပင်ဖြစ်ပါသည်။ သူတို့တိုက်ခိုက်သော တိုက်ကွက်သိုင်းကွက်များက မာန်ဟုန်ပြင်းထန်လှပေသည်။



သူ၏သိုင်းကွက်တစ်ကွက် တိုက်ခိုက်တိုင်း ဝမ်းချစ်က နောက်သို့ တစ်လှမ်းဆုတ်သွားရလေသည်။ ထို့ကြောင့်လည်း ပုလောက်က သိုင်းကွက်ကိုးကွက်တိုက်ခိုက်လိုက်သောအချိန်တွင် ဝမ်းချစ်က နောက်သို့ ခြေလှမ်းကိုးလှမ်းဆုတ်ခွာသွားရလေသည်။

အားလုံးသောသူများက ဝမ်းချစ်မှာ နောက်သို့ တဖြည်းဖြည်းဆုတ်ခွာသွားသည်ကို တွေ့မြင်လိုက်ရသောအခါ ရင်ထိတ်သွားကြသည်။

သို့သော် ... စုံယိဖုန်းမှာမူ ဝမ်းချစ်၏သိုင်းပညာကို ယုံကြည်သည်။ ဝမ်းချစ် နောက်သို့ဆုတ်ရသည်ဖြစ်သော်လည်း ခြေလှမ်းယိမ်းယိုင်၍ ဆုတ်ခြင်းမဟုတ်ဘဲ အလွန်မာန်ဟုန်ပြင်းလှသော ပုလောက်၏တိုက်ခိုက်မှုကို ရှောင်တိမ်းနေခြင်းဖြစ်သည်ကို ရိပ်စားမိလေသည်။

ထို့ကြောင့် ... သူမသည် အများကဲ့သို့ ရင်ထိတ်ခြင်းမရှိပါ။ ဝမ်းချစ်က မနိုင်သော်လည်း ရှုံးနိမ့်သွားမည်မဟုတ်ဟု ယုံကြည်သည်။

ထို့ပြင် ဝမ်းချစ် နောက်သို့ဆုတ်နေသော်လည်း သူ၏လက်သီးနှင့်လက်ဝါးတို့က ရှေ့သို့တိုးဝင်လာကာ ပုလောက်၏ခန္ဓာကိုယ်အား တစ်ချက်တစ်ချက် ပြန်လည်တိုက်ခိုက်နေသည်ကို တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၍အုံ့ညြနေသူမှာ ပုလောက်ပင် ဖြစ်သည်။ ပုလောက်က နှစ်ပေါင်းသုံးဆယ်ကျော်တွင် သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့သည်။

ယခုအထိ ပြိုင်ဘက်မတွေ့ဖူးသေးချေ။

သူသည် ဝမ်းချစ်နှင့်ရင်ဆိုင်တိုက်ခိုက်လိုက်ရသောအခါ ဝမ်းချစ်အား သူက နောက်သို့ဆုတ်သွားအောင် ဖိတိုက်နိုင်ခဲ့သည်။

သို့ရာတွင် ... ဝမ်းချစ်က ရှုံးနိမ့်၍နောက်ဆုတ်ခြင်းမဟုတ်သည်ကို ရိပ်စားမိလိုက်လေသည်။

ထို့ကြောင့် ...

သူက တိုက်ခိုက်ရင်း တစ်စထက်တစ်စ ရင်ထိတ်လာလေတော့သည်။

❑

တိုက်ပွဲက ဝိုင်း၍ပြင်းထန်လာသည်။ ပုလောက်၏ဓားသည် လျှပ်တစ်ပြက် တိုက်ခိုက်ဟန် အမျိုးမျိုးဖြင့် ဝမ်းချစ်အား သဲသဲမဲမဲ တိုက်ခိုက်နေသည်။

ဝမ်းချစ်ကလည်း အညံ့မခံပါ။ သူ၏လက်သီး၊ လက်ဝါးတို့



မှာလည်း ဖျားကောင်ပမာ ပုလောက်၏ဓားကြားမှ ကွေ့ပတ်ဝှေ့ယမ်းကာ ပုလောက်၏ခန္ဓာကိုယ်ကို ပြန်လည်တိုက်ခိုက်နေလေတော့သည်။

နံဘေးမှရပ်ကြည့်နေသောသူများမှာ ယင်းကဲ့သို့ ကြောက်မက်ဖွယ်ရာတိုက်ပွဲကို ဤတစ်ကြိမ်မျှသာမြင်ဖူးခဲ့သည်။ စုံဂူးစွမ်းက ဝမ်းချစ်၏သိုင်းပညာကို တဖြည်းဖြည်းကြည့်ရင်း နားလည်လာလေသည်။

စုံယီဖုန်းမှာမူ ဝမ်းချစ်က တဖြည်းဖြည်းအသာရလာသည်ကိုရိပ်စားမိလိုက်လေတော့သည်။ ပုလောက်၏သိုင်းကွက်များက တဖြည်းဖြည်း ကုန်ဆုံးလာပြီဖြစ်သည်။

သူ၏သိုင်းကွက်သုံးဆယ့်ခြောက်ကွက်အနက် သိုင်းကွက်သုံးဆယ်မျှ အသုံးပြုပြီးဖြစ်ပါသည်။ သို့သော် ဝမ်းချစ်အား မည်သို့မှ ထိခိုက်နိုင်စွမ်းမရှိခဲ့ပါ။

သူက တိုက်ခိုက်ရင်း တဖြည်းဖြည်း ရင်ထိတ်၍လာလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ယခု ပုလောက်က သိုင်းကွက်သုံးဆယ့်ငါးကွက်မျှပင် အသုံးပြုပြီးဖြစ်နေလေသည်။ သူ့တွင်နောက်ဆုံးသိုင်းကွက်တစ်ကွက်မျှသာ ကျန်တော့သည်။

ဤနောက်ဆုံးသိုင်းကွက်နှင့်မနိုင်ခဲ့ပါမူ သူကရှုံးနိမ့်ခြင်းကိုရင်ဆိုင်ရမည်မှာ မလွဲတော့ချေ။

ထို့ကြောင့် ... သူ၏နောက်ဆုံးသိုင်းကွက်ဖြစ်သော 'သွေးမြေကျ' သိုင်းကွက်ကို အသုံးပြုလိုက်လေသည်။ သူ၏ဓားသည်စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် ဝှေ့ယမ်းကာ ထိုစက်ဝိုင်း၏အလယ်တွင်သူ၏လက်သီးတစ်လုံးက တိတ်တဆိတ် ထိုးသွင်းလိုက်သည်။

အကယ်၍သာ ... ဝမ်းချက်က အတွေ့အကြုံနုနယ်သောသိုင်းသမားတစ်ယောက်ဖြစ်ပါက သို့မဟုတ် သိုင်းပညာရပ်များမကျွမ်းကျင်ခဲ့ပါလျှင် ယခု ပုလောက်၏ တိုက်ခိုက်သောတိုက်ကွက်ကို ရှောင်တိမ်းနိုင်မည်မဟုတ်ဘဲ ဒုက္ခရောက်သွားနိုင်မည်ဖြစ်ပါ၏။

သို့သော် ဝမ်းချစ်က ဝမ်းချစ်သာဖြစ်သည်။ သူ၏ကျော်ကြားခြင်းသည် အကြောင်းမဲ့သက်သက်ကျော်ကြားခြင်းမျိုးမဟုတ်ပါ။

သေမင်းနှင့်အကြိမ်ပေါင်းများစွာ သတ်ပုတ်ရန်းကန်၍ရရှိလာသော ရလာဒ်ပင်ဖြစ်ပါသည်။ သူက ပုလောက်၏တိုက်ကွက်ကိုတိုက်ခိုက်ရင်း ရေတွက်နေသည်။



ပုလောက်၏ပထမသိုင်းကွက်နှင့် နောက်ဆုံးသိုင်းကွက်မှာ အလွန်လျို့ဝှက်ဆန်းကြယ်နေသည်ကို သူ ကြိုတင်ခန့်မှန်းမိသည်။

ထို့ကြောင့်လည်း သူသည်ဝီရိယကြီးစွာဖြင့်နားမျက်စိအကုန်ဖွင့်ကာ ယှဉ်ပြိုင်နေခြင်းဖြစ်ပါသည်။

သူက ယင်းသို့ သတိပြုနေစဉ်မှာပင် ပုလောက်၏ဓားသိုင်းကြားမှ လက်သီးတစ်လုံးက တိတ်တဆိတ်တိုးဝင်လာသည်ကို သတိပြုမိလေသည်။

ထို့ကြောင့် ... သူက ကပျာကယာနောက်သို့ဆုတ်လိုက်ပြီးရှောင်တိမ်းလိုက်ရလေသည်။

"ယား ..."

ပုလောက်၏ပြောသံသည် ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းထွက်သွားသည်။ သူ၏လက်သီးက ဝမ်းချစ်ဝမ်းဗိုက်ဆီသို့ ထိုးသွင်းလိုက်လေသည်။

သို့သော် ... သူ၏လက်သီးက လေထဲသို့ထိုးမိသွားပြီဖြစ်ပါ၏။

သူက တွေဝေနေစဉ်မှာပင် ဝမ်းချစ်က အသံကျယ်လောင်စွာဖြင့် ...

"ယား ..."

တစ်ချက်အော်လိုက်ပြီး သူ၏ခြေလှမ်းက ရှေ့သို့လျှပ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ပြက် ချဉ်းကပ်သွားပြီးလျှင် သူ၏ညာလက်ဝါးက ပုလောက်၏ငယ်ထိပ်ကို ခုတ်ချလိုက်လေတော့သည်။

❑

"ယား …"

ဝမ်းချစ်၏ဖြာသံသည် ပတ်ဝန်းကျင်တစ်ခုလုံးအား ပဲ့တင်ထပ်သွားလေသည်။

သူ၏ညာလက်ဝါးသည် ပုလောက်၏ငယ်ထိပ်ကို ခုတ်ချလိုက်လေသည်။

ပုလောက်က လုံးဝကြောက်ရွံ့ခြင်းမရှိပါ။ သူက အတွေ့အကြုံရင့်ကျက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

ဝမ်းချစ်၏လက်ဝါးကို သူကမည်သို့ရှောင်တိမ်းရမည်ကိုလည်း ချက်ချင်းအကြံရလာသည်။

ထို့ကြောင့် … သူကခေါင်းကိုကန့်လန့်ဖြတ်ကာ သူ၏ငယ်ထိပ်ကို ခုတ်ချလိုက်သော လက်ဝါးအားခံပေးလိုက်လေသည်။

အကယ်၍သာ ဝမ်းချစ်က လက်ဝါးကိုရုပ်သိမ်းခြင်းမပြုပါက သူ၏ခေါင်းနှင့်တွေ့ပါပြီး လက်ပြတ်ထွက်သွားမည်သာဖြစ်ပါသည်။



သို့သော် သူကတစ်ခုမေ့လျော့နေသည်။ သူက "နဂါးလက်ဝါးကျားလက်သီး" ဟု နာမည်ကြီးခဲ့သည်။

ယခု … သူ အသုံးပြုသောသိုင်းကွက်မှာလည်း သူ၏အထက်မြက်ဆုံးသော "နဂါးလက်ဝါးကျားလက်သီး" သိုင်းကွက်ဖြစ်ပါသည်။

သူ၏လက်ဝါးက ပုလောက်၏ ငယ်ထိပ်သို့ခုတ်ချမည့်တဒင်္ဂတွင် သူ၏ဘယ်ဘက်လက်သီးက လျှပ်တစ်ပြက် ပုလောက်၏ ဝမ်းဗိုက်ကိုထိုးသွင်းလိုက်လေသည်။

ပုလောက်က ဝမ်းချစ်၏လက်ဝါးသို့သာ အာရုံရောက်နေသည်။ တိတ်ဆိတ်စွာ တိုက်ခိုက်လိုက်သော ဝမ်းချစ်၏ဘယ်ဘက်လက်သီးကိုမူ သတိမပြုမိချေ။

ဤသည်ပင် ပုလောက်၏အမှားတစ်ခုဖြစ်ပါသည်။

'ဝုန်း'

ဝမ်းချစ်၏လက်သီးတစ်လုံးက ပုလောက်၏ခါးသို့ ထိုးမိသွားလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



'အွန့်'

ပုလောက်၏မျက်နှာတစ်ခုလုံး ညှိုးမည်းသွားလေသည်။ ခြေလှမ်းများက နောက်သို့သုံးလေးလှမ်းခန့် ယိမ်းယိုင်သွားသည်။

သူက ဝမ်းချစ်၏နဂါးလက်ဝါးကျားလက်သီး သိုင်းကွက် အကြောင်းကြားဖူးခဲ့သည်။ သို့သော် သူကအထင်မကြီးခဲ့ပါ။

ယခုမှာမူ ... ရန်သူအား အထင်သေးခဲ့၍ အမိခံလိုက်ရခြင်း ဖြစ်ပါသည်။

သူက အံကိုတင်းတင်းကြိတ်လိုက်ပြီး ဓားကိုဆုပ်ကိုင်လိုက်သည်။ ထို့နောက် ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် ... သူ၏တစ်ကိုယ်လုံးမှာ အင်အားကုန်ဆုံးသွားသည်ကို ခံစားလိုက်ရလေသည်။

ဝမ်းချစ်က လက်ကိုနောက်ပစ်ကာ သူ့အား စေ့စေ့ကြည့်နေလေ၏။ ပုလောက်က မချိပြုံးပြုံးလိုက်ပြီး ...

"ကျုပ်တော့ရှုံးပြီ၊ ခင်ဗျားတို့သဘောပဲ ... သတ်ချင် သတ်လိုက်"

ဝမ်းချစ်က မဲ့ပြုံးပြုံးပြီး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မင်းကိုသတ်ဖို့မရည်ရွယ်ပါဘူး"

"ခင်ဗျားရဲ့ ကျားလက်သီးတစ်လုံးမိထားတော့ ကျုပ် အလွန်ဆုံးနေရရင် မနက်ဖြန်ပေါ့"



"မဟုတ်သေးဘူး၊ ကျားလက်သီးဟာ လူကိုသေစေနိုင်ပေမယ့် ကုလို့တော့ ရပါသေးတယ်"

"ဗျာ ... ခင်ဗျားက ကျုပ်ကိုကုပေးနိုင်မယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ် ... ကျုပ်တင်မကဘူး ... စုံဂူးစွမ်းတို့လည်း မင်းကို ကုပေးနိုင်တယ်"

ပုလောက်က တဟားဟားရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဝမ်းချစ် ... ခင်ဗျားက ဘာကိုလိုချင်လို့လဲ ပြောစမ်းပါ"

ဝမ်းချစ်က ပြုံးလိုက်သည်။

"မင်းမဆိုးဘူး ... ဒီလိုပါကွာ မင်းက ဘယ်သူလဲဆိုတာ, နောက်ပြီး ဌာနချုပ်ဘယ်မှာရှိသလဲဆိုတာ ပြောပြရင် ကျုပ်က မင်းကိုကုပေးလိုက်မယ် ... ဘယ့်နှယ်လဲ"

ပုလောက်က ရယ်မောလိုက်ပြန်သည်။

"ဟား ဟား ဟား ... ခင်ဗျားတို့အကြံ မဆိုးဘူး"

ဝမ်းချစ်ကလည်း ရယ်မောလိုက်၏။

"ဟုတ်ပါတယ် ... ဘယ်သူမဆို အကြံရှိမှပဲ အသက်ချမ်းသာမယ် မဟုတ်လား"

ပုလောက်က ရယ်မောရာမှရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မပြောရင်ရော ... ခင်ဗျားတို့က မကုဘူးပေါ့"

"မင်းမပြောရင် သေဖို့ပဲရှိတာပေါ့ကွ"

ပုလောက်က မချိပြုံး ပြုံးလိုက်ပြီး ...

"ကျုပ်ကလည်း သေချင်ပါတယ်ဗျာ ... ဒါကြောင့် ခင်ဗျားတို့ရဲ့အကြံတွေဟာ ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး"

ဝမ်းချစ်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး ...

"ဘာလဲ ... မင်းက ကိုယ့်ကိုယ်ကိုယ် သတ်သေမလို့လား"

ပုလောက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူ၏စကားဆုံးသွားသည်နှင့် သူ၏ခန္ဓာကိုယ်မှာ မြေပေါ်သို့လဲကျသွားလေတော့သည်။

❑

ပုလောက်သည် အလွန်ခေါင်းမာပြီး မာနကြီးသူတစ်ယောက် ဖြစ်သည်။ သူက ကိုယ့်ကိုယ်ကိုယ်သတ်သေမည်ဟု ပြောပြီးသည်နှင့် သူ၏ပါးစပ်ထဲသို့ အဆိပ်ဆေးလုံးတစ်လုံး ပစ်သွင်းလိုက်ပြီ ဖြစ်သည်။



ထို့ကြောင့် ... ပြင်းထန်လှသော အဆိပ်ကြောင့် သူ၏ခန္ဓာကိုယ်က မြေပေါ်သို့လဲကျကာ အသက်ဆုံးရှုံးသွားလေတော့သည်။

❑

ပုလောက် သေဆုံးသွားပြီဖြစ်သည်။ သူ့နောက်မှ လိုက်ပါလာသော အဖြူရောင်ဝတ်ဆင်ထားသည့် ဓားသမားရှစ်ယောက်တို့က ထိတ်လန့်တုန်လှုပ်ခြင်းမရှိပါ။

သူတို့၏မျက်လုံးများတွင် ကြမ်းတမ်းပြီး ရက်စက်မည့် အသွင်များ ပေါ်ပေါက်နေသည်။ ဝမ်းချစ်က ထိုလူများအား အကဲခတ်ကြည့်ရင်း ရင်ထဲ၌ ထိတ်လန့်သွားသည်။

ထိုလူရှစ်ယောက်က ပုလောက်၏လက်အောက်ငယ်သားများဖြစ်သည်ဟု ယူဆသည်။ ဖြစ်သင့်သည်မှာ ပုလောက်သေဆုံးသွားသည်နှင့် ဤလူရှစ်ယောက်သည် ထွက်ပြေးတိမ်းရှောင်သွားမည်သာ ဖြစ်ပါ၏။

ယခုမှာမူ ... ထိုလူရှစ်ယောက်က ထွက်ပြေးတိမ်းရှောင်ခြင်းမရှိသည့်အပြင် သူတို့၏ဟန်အမူအရာမှာလည်း အေးစက်မာကျောနေပြီး တည်ငြိမ်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ထိုရှစ်ယောက်တို့၏ သိုင်းပညာရပ်များက ပုလောက်ထက်ပင် သာ၍လော။ ဝမ်းချစ်က ထိုလူရှစ်ယောက်အား အတန်ကြာအကဲခတ်ကြည့်ရာမှ …

"ဒီမှာ … မင်းတို့က ပုလောက်အတွက် ကလဲ့စားချေမလို့လား"

ထိုလူရှစ်ယောက်အနက် မျက်နှာရှည်ရှည်ရှိသောလူတစ်ယောက်က အေးစက်စွာဖြင့် …

"ပုလောက်ဟာ ခင်ဗျားကို မနိုင်လို့ သေသွားတာ မဆန်းပါဘူး … ကျုပ်တို့က သူ့အတွက်ကလဲ့စားချေဖို့ မလိုဘူးဗျ"

ထိုလူ၏အသံက အနိမ့်အမြင့်မရှိ တစ်ပြေးတည်းရှိနေသောကြောင့် သူ၏အသံကို ကြားလိုက်ရသည်နှင့် ရင်ထဲ၌ ဖော်မပြနိုင်သော ထူးခြားချက်တစ်ခုကို ခံစားလိုက်ရလေသည်။

ဝမ်းချစ်က ရင်ထိတ်သွားသည်။ ထိုလူများက ထိပ်တန်းအဆင့်အတွင်းအားကို ရရှိထားသော သိုင်းသမားများဖြစ်သည်ဟု ရိပ်စားမိသည်။

"နေပါဦး … မင်းတို့က ဘယ်သူတွေလဲ"

မျက်နှာရှည်ရှည်ရှိသောလူက …

"ကျုပ်နာမည် အာမုလို့ ခေါ်ပါတယ်"

"အာမု"



"ဟုတ်တယ်"

ဝမ်းချစ်က ထိုလူများအား သေသေချာချာဂရုပြုကြည့်လိုက်သည်။ လူရှစ်ယောက်က နှစ်ယောက်တစ်တွဲဖြစ် လေးတွဲခွဲကာ ရပ်နေပုံမျိုး ရှိနေသည်။

ထိုပုံဟန်သည် သိုင်းပညာအသုံးပြုကာတိုက်ခိုက်ပါက တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်တွဲကာ ပူးပေါင်းတိုက်စစ်ဆင်သည့်ပုံဟန်မျိုး ဖြစ်သည်။

လူရှစ်ယောက် နှစ်ယောက်စီလေးတွဲခွဲကာ အရပ်လေးမျက်နှာမှ ဝိတ်ဆို့တိုက်ခိုက်လာကြမည်ဆိုလျှင် သူ့ကိုခြိမ်းခြောက်နိုင်ရုံမက အန္တရာယ်ဖြစ်စေနိုင်မည်မှာ သေချာသည်။

ဝမ်းချစ်၏ရင်ထဲ လေးလံလာသည်။

"သည်လူတွေရဲ့ သိုင်းပညာပုံဟန်တွေက ထူးခြားတယ်၊ သည်လိုအသွင်သဏ္ဌာန်မျိုးက သိုင်းလောကမှာ တွေ့ရခဲတယ်"

ထိုလူများသည် သိုင်းလောကထဲ၌ ကျင်လည်ကျက်စားနေကြသူများမဟုတ်ဟု တွေးမိသည်။ ခေါင်းဆောင်လုပ်သူပြောခဲ့သည့်စကားသံမှာလည်း စိတ်ဝင်စားစရာကောင်းနေ၏။

အတန်ကြာသည့်တိုင် မည်သူမည်ဝါများဖြစ်ကြောင်း တွေးမရချေ။ ဝမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"မင်းစကား ဒီလောက်ဝဲနေတာထောက်တော့ ပြီပမှာ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူ မဟုတ်ဘူးထင်တယ်"

"ဟုတ်ပါတယ် ... ကျုပ်တို့က တိဗက်ကလာတဲ့လူတွေပါ"

ဝမ်းချစ်က ထိုစကားကြားလိုက်ရသောအခါ ရုတ်တရက် လူတစ်ယောက်ကို သတိရလာလေသည်။

"နေပါဦး ... မင်းတို့က တိဗက်ကလာတဲ့လူတွေဆိုတော့ မိုဟာနီမြို့ကို သိသလား"

အာမုက အေးစက်စွာဖြင့် ...

"ခင်ဗျားက မိုဟာနီမြို့ကိုသိလို့လား"

ဝမ်းချစ်က ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ ... မိုဟာနီမြို့က မြို့စားကြီး 'ဟွာလာကျုတ်' ကို မင်းတို့သိသလား"

"သိပါတယ်"

"ဟွာလာကျုတ်ရော ကျန်းမာရဲ့လား"

အားလိုးက ခေါင်းခါယမ်းလိုက်သည်။

"သူ မရှိတော့ပါဘူးဗျာ"

ဝမ်းချစ်၏ကိုယ်ခန္ဓာမှာ သိသိသာသာတုန်ယင်သွားသည်။

"သူသေသွားပြီလား"

"ဟုတ်တယ် သူ့မသေခင်မှာပဲ ခင်ဗျားကို အသေသတ်ရမယ်လို့ ကျုပ်ကိုမှာသွားတယ်ဗျ"



ဝမ်းချစ်က စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟွာလာကျုတ်ဟာ သိုင်းပညာရှင်ပါ၊ ဒါပေမဲ့ သူဟာ အသက်ငယ်ရွယ်တုန်းမှာ အပေါင်းအသင်းကြောင့် ဆိုးခဲ့တယ်၊ မိုက်ခဲ့တယ်၊ ဒါတွေဟာ သူ့ရဲ့ မဟာအမှားတွေပါပဲ"

အာမုက ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ ...

"ခင်ဗျားပါးစပ် ပိတ်ထားလိုက်စမ်းပါ"

ဝမ်းချစ်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

"မင်းက ဟွာလာရဲ့သား ... ဟုတ်လား"

အာမုက မည်သို့မျှ ပြန်မပြောပါ။

"မင်းအဖေဟာ ကျုပ်ရဲ့နဂါးလက်ဝါးမိသွားလို့ ဒဏ်ရာရပြီးသေသွားတယ်လို့ ထင်ပါတယ်"

အာမု၏မျက်လုံးအစုံတွင် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းစသည့် အရိပ်အယောင်များပေါ်လွင်လာသည်။ ဝမ်းချစ်က သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

သူ၏လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ...

"မင်းအဖေအတွက်ကြောင့် လူပေါင်းများစွာ ဒုက္ခရောက်ခဲ့ရပြီ၊ မင်းအဖေရဲ့အမှားမျိုးကို မင်းက ထပ်ပြီးမကျူးလွန်ပါစေနဲ့ကွာ၊ အဲဒီတော့ တိဗက်ကို အေးအေးဆေးဆေးပြန်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်”

အာမုက ခါးမှထူးဆန်းသောဓားတစ်လက်ကိုဆွဲထုတ်လိုက်သည်။ ၎င်းကိုင်ဆောင်ထားသော ဓားမှာ မြွေတစ်ကောင်၏ ပုံသဏ္ဌာန်နှင့် တူလှပေသည်။

ဝမ်းချစ်က အာမုကိုင်ဆောင်ထားသော ဓားကိုတွေ့လိုက်ရသောအခါ မျက်မှောင်ကုတ်သွားသည်။ ဓားမှာ ဟွာလာ၏ ဓားဖြစ်နေသည်ကို သူကောင်းစွာမှတ်မိသည်။

“ဒီဓားက မင်းအဖေရဲ့ဓား မဟုတ်လား”

အာမုက အံကိုတင်းတင်းကြိတ်၍ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် ... ကျုပ်အဖေက ခင်ဗျားကိုသတ်ဖို့ ဒီဓားကို ပေးခဲ့တာပဲ”

ဝမ်းချစ်က မဲ့ပြုံးပြုံးလိုက်သည်။

“မင်းအဖေကတောင် ငါ့ကိုမနိုင်တာ ... မင်းက ငါ့ကိုနိုင်ပါ့မလား”

အာမုက မဲ့ပြုံးပြုံးလိုက်သည်။

“ကျုပ်က နိုင်တာ၊ မနိုင်တာကို ဂရုမစိုက်ဘူး၊ ခင်ဗျားကို အစွမ်းကုန်တိုက်ခိုက်မှာပဲ”

ဝမ်းချစ်က ရယ်မောလိုက်သည်။

“မင်းရဲ့စိတ်ကို ငါချီးကျူးပါတယ်ကွာ ... ဒါပေမဲ့ မင်း လမ်း



မှားနေပြီကွ”

အာမုက ပခုံးတွန့်လိုက်သည်။

“ဒါ ကျုပ်အလုပ်ပါ ... ခင်ဗျားနဲ့မဆိုင်ပါဘူး”

သူက ဤသို့ ပြောဆိုပြီးသည်နှင့် ဝမ်းချစ်အားတိုက်ခိုက်လိုက်လေတော့သည်။

❑

ဓားရောင်က ဖွေးခနဲ လက်သွားသည်။ အာမု၏မျက်လုံးအစုံကနီရဲနေ၏။ အခြား အဖြူရောင်ဝတ်ဆင်ထားသော ဓားသမားများသည်လည်း ဓားများကိုယ်စီထုတ်လိုက်ကြလေသည်။

ထိုလူများ ကိုင်ဆောင်ထားသော ဓားများသည် အာမုကိုင်ဆောင်ထားသော ဓားကဲ့သို့ တစ်ပုံစံတည်းဖြစ်ကြသည်။ ဝမ်းချစ်က ရင်ထိတ်သွားသည်။

ထိုစဉ်မှာပင် ... ဓားရှစ်လက်က ဝမ်းချစ်ထံတိုက်ခိုက်လိုက်လေတော့သည်။ ဝမ်းချစ်က ဓားရှစ်လက်ကြားမှရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လေသည်။

ထိုဓားသမားရှစ်ယောက်၏ ဓားများသည် ရဟူ[illegible]များပ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဝမ်းချစ်၏ ခန္ဓာကိုယ်တစ်ခုလုံးအား ဝိုင်းရံထားလိုက်လေသည်။

ထိုဓားသမားရှစ်ယောက်အနက် အာမု၏ဓားကွက်သည် ပို၍ထူးခြားနေ၏။ တစ်ခါတစ်ရံ ... သူ၏ဓားသည် ဝမ်းချစ်၏ ဘယ်ဘက်ရင်ဝသို့ ထိုးသွင်းသည်ဟု ပီပီပြင်ပြင်တွေ့လိုက်ရသည်။

သို့သော် ... ယခုကဲ့သို့ အသေခံတိုက်နေသော ဓားသမားများ မတွေ့ခဲ့ဖူးပါ။ ဝမ်းချစ်သည် သတိကြီးစွာဖြင့် သူတို့နှင့် အပြန်အလှန်တိုက်ခိုက်နေရလေသည်။

ယင်းသို့ဖြင့် အတန်ကြာတိုက်ခိုက်လာမိသောအခါ ဝမ်းချစ်က ထိုလူများအား အနိုင်ရရှိရန်မှာ အာမုကိုအလဲထိုးနိုင်မှဖြစ်မည်ဟု ရိပ်စားမိသည်နှင့်တစ်ပြိုင်နက် သူသည် ကျန်လူများ၏တိုက်ခိုက်မှုကိုရှောင်တိမ်းကာ အာမုကိုသာ ဖိ၍တိုက်ခိုက်နေလေသည်။

သူတွေးထင်ထားသည့်အတိုင်း အာမုက ဝမ်းချစ်၏ တအား ဖိတိုက်ခိုက်ခြင်းကို မခံနိုင်ပါ။ နောက်သို့ဆုတ်သွားလေသည်။

ဝမ်းချစ်က မဲ့ပြုံးပြုံးလိုက်ပြီး အာမုအား ထပ်မံတိုက်ခိုက်လိုက်သည်။ အာမု၏မျက်လုံးအစုံမှာ နီရဲလာသည်။

သူကအံကိုတင်းတင်းကြိတ်ကာ ဝမ်းချစ်အား ပြန်လည်တိုက်ခိုက်နေ၏။

ကျန်ဓားသမားခုနစ်ယောက်၏ တိုက်ခိုက်မှုမှာ လည်း ပို၍ပြင်းထန်လာ၏။



ယင်းသို့ဖြင့် ... အတန်ကြာထပ်မံတိုက်ခိုက်လိုက်ရာ ရုတ်တရက် အာမုမှာ တိုက်ခိုက်ရာမှ ယိမ်းယိုင်ကာနောက်သို့ ဆုတ်သွားလေသည်။

သူ၏ခါးတွင် ဝမ်းချစ်၏ကျားလက်သီးတစ်လုံးမိသွားသဖြင့် ယင်းသို့ယိမ်းယိုင်ကာနောက်သို့ ဆုတ်သွားခြင်းဖြစ်သည်။

အာမုသည် ပြန်လည်တိုက်ခိုက်ရန်ကြိုးစားသော်လည်း သူ၏တစ်ကိုယ်လုံးမှာ အင်အားကုန်ခန်းသွားပြီးဖြစ်ရာ မြေပေါ်သို့သာ ဒူးထောက်လဲကျသွားလေတော့သည်။

အာမုလဲကျသွားသည့်တိုင်အောင် ကျန်ဓားသမားခုနစ်ယောက်တို့က တိုက်ခိုက်မှုကိုရပ်တန့်သွားခြင်းမရှိပါ။သူတို့ကပို၍ပြင်းထန်စွာ တိုက်ခိုက်နေကြသည်။

ဝမ်းချစ်က မျက်မှောင်ကုတ်သွား၏။ ထိုလူများက ကြောက်ရွံ့တတ်သည့် ဓားသမားများမဟုတ်ကြောင်း ရိပ်စားမိ၏။

သူက မသက်မသာဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုဓားသမားခုနစ်ယောက်အားပြန်လည်တိုက်ခိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကပြင်းထန်လှသည်။ ဓားသမားခုနစ်ယောက်တို့ သဲသဲမဲမဲတိုက်ခိုက်နေ၏။ ဝမ်းချစ်က အလျှော့ပေး၍မဖြစ်မှန်းသိထားသည်။

သူက မည်ကဲ့သို့ပြုလုပ်ရမည်ဟု စဉ်းစားနေစဉ်မှာပင်

"မင်းတို့ သူ့ကိုမနိုင်ဘူး ... အားလုံး နောက်ဆုတ်လိုက်ကြ"

ရုတ်တရက် ... အသံတစ်ခုထွက်ပေါ်လာလေသည်။ ထိုအသံကိုကြားလိုက်ရသည်နှင့် ဓားသမားခုနစ်ယောက်တို့က တိုက်ခိုက်ရာမှ ရုတ်တရက်ရပ်တန့်သွားကာ နောက်သို့ ပြိုင်တူဆုတ်သွားကြလေတော့သည်။

ဝမ်းချစ်က အသံလာရာသို့လှည့်ကြည့်လိုက်ရာ အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်အား တွေ့လိုက်ရလေသည်။

❑

ဝမ်းချစ်က အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုထံ စိုက်ကြည့်နေ၏။ အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုက ဝမ်းချစ်ထံသို့ ဖြည်းညင်းစွာလျှောက်လာရင်း ...



"ဟဲ ဟဲ ဟဲ ... အစ်ကိုကြီးဝမ်းချစ်က ဘယ်ဆိုးလို့တုံး"

ဝမ်းချစ်ကလည်းပြန်လည်ပြုံးပြလိုက်သည်။

"လက်စသတ်တော့ ရေနဂါးကိုး ... မင်းလည်း အခုထိ မသေသေးဘဲကိုး"

အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုကပြုံးလိုက်သည်။

"သိပ်ဟုတ်တာပေါ့ဗျာ၊ လွန်ခဲ့တဲ့ဆယ့်ငါးနှစ်လောက်တုန်းက မင်းက ငါသေလိမ့်မယ်လို့ ပြောခဲ့တာ မှတ်မိလား ... အခု ငါ မသေသေးဘူးလေ"

စုံငှူးစွမ်းက ဝမ်းချစ်၏စကားကိုကြားလိုက်ရသောအခါ ထိုအဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုက တစ်ချိန်တုန်းက အလွန်ကျော်ကြားခဲ့သော အမဲရောင်သိုင်းသမားရေနဂါးဖြစ်မှန်း သိလိုက်သည်။

ဝမ်းချစ်က ရေနဂါးအား စေ့စေ့ကြည့်လိုက်သည်။

"မင်း အခုထိ အသက်ရှင်နိုင်သေးတယ်ဆိုရင် အေးအေးဆေးဆေးနေဖို့ကောင်းပြီ အခု ဘာဖြစ်လို့ ဒီကိုလိုက်လာရတာလဲ"

ရေနဂါးက မဲ့ပြုံးပြုံးလိုက်သည်။

"ဟဲ ဟဲ ဟဲ ... ငါ အခုလိုလာရတာကတော့ မင်းရဲ့သိုင်းပညာအားလုံးကို ဖျက်ဆီးပစ်ဖို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းချစ်က တဟားဟားရယ်မောလိုက်၏။

"မင်း အခုပြောလိုက်တဲ့စကားအရ မင်းရဲ့သိုင်းပညာဟာ တော်တော်လေး အံ့ဩစရာကောင်းလောက်အောင် တိုးတက်လာပြီ နဲ့တူတယ်"

ရေနဂါးက ရယ်မောလိုက်လေတော့သည်။

"မဟုတ်ပါဘူး၊ နောက်ထပ် ဆယ်နှစ်လောက် လေ့ကျင့်တာတောင် မင်းကို မမီဘူးဆိုတာ ကျုပ် နားလည်ထားပါတယ်"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ စကားကြီးကြီးကျယ်ကျယ်တွေ လာပြောနေရတာလဲ"

"ကျုပ်က စကားကြီးကြီးကျယ်ကျယ်တွေပြောနေတာ မဟုတ်ပါဘူး၊ တကယ်ပြောနေတာပါ"

ဝမ်းချစ်ကသူ့အားစေ့စေ့ကြည့်လိုက်ပြီး ...

"တန်တော့ မင်းကဂိုဏ်းကို သစ္စာဖောက်လိုက်ပြီနဲ့တူတယ်"

ရေနဂါးက ငြင်းဆိုခြင်းမရှိပါ။

"ဟုတ်ပါတယ် ... အခြေအနေအရပါ"

ဝမ်းချစ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် မင်းမှာ ရာထူးတော်တော်ကြီးကြီး ရထားပြီပေါ့ ... ဟုတ်လား"



"ဟုတ်တယ်"

ဝမ်းချစ်က ပုလောက်၏အလောင်းအား ညွှန်ပြလိုက်သည်။

"ဟိုမှာကြည့်စမ်း ... ပုလောက်ကလည်း ရာထူးမသေးဘူး၊ အခု ဘယ်လိုဖြစ်သွားသလဲ"

ရေနဂါးက ခေါင်းညိတ်လိုက်သည်။

"ဒါ ကျုပ်သိတယ်"

ဝမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် မင်းက သူ့လိုဖြစ်သွားမှာ မကြောက်ဘူးလား"

ရေနဂါးက ရယ်မောလိုက်သည်။

"ပုလောက်ဟာ အဖက်ဖက်မှာ တော်ပါတယ်၊ ဒါပေမဲ့ ဘဝင်မြင့်လွန်းတယ်၊ ရန်သူကို အထင်သေးတဲ့အကျင့် ရှိတယ်၊ တစ်နေ့နေ့ ဒီလိုဖြစ်လိမ့်မယ်လို့ တွက်ပြီးသားပါ"

ဝမ်းချစ်က သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"ဘာလဲ ... မင်းကမှ ငါနဲ့ယှဉ်ပြိုင်အနိုင်ယူနိုင်မယ်လို့ ထင်နေလား"

"ဟား ဟား ဟား"

ရေနဂါးက ရယ်မောလိုက်သည်။

"ထင်နေတာမဟုတ်ပါဘူးကွ ... တကယ်ပြောနေတာ၊

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာနားထောင် ... မင်းရဲ့သိုင်းပညာအားလုံးကို ပျောက်ဖျက်ပစ်မယ်"

ဝမ်းချစ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် မင်းရဲ့သိုင်းပညာ ဘယ်လောက်ထက်သလဲဆိုတာ တစ်ကွက်၊နှစ်ကွက်လောက် ပြစမ်းပါဦး"

ရေနဂါးက ပြုံးလိုက်သည်။

"ကျုပ်ပြောပြီးပါပြီ ... ကျုပ်ဟာ နောက်ထပ်ဆယ်နှစ်လေ့ကျင့်တာတောင် မင်းကို မမီပါဘူးလို့"

ဝမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် မင်းက ဘာဖြစ်လို့ ဒီနေရာက အမြန်ဆုံး ထွက်မသွားသေးတာလဲ"

သူက ပုလောက်၏အလောင်းအား တစ်ချက်ကြည့်လိုက်ပြီး

"မင်းက ပုလောက်နောက် လိုက်ချင်တယ် ... ဟုတ်လား"

ရေနဂါးက ရယ်မောလိုက်သည်။

"ကောင်းပါပြီဗျာ သွားပါ့မယ် ... ဒါပေမဲ့ မင်း ကျုပ်ကို ကတိတစ်ခုပေးရလိမ့်မယ်"

ဝမ်းချစ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကတော့ မင်း မသွားချင်ရင် နေနိုင်မယ်၊ ပုလောက်ဟာ အဖော်မရှိဘူး ... မင်း သူ့နောက်လိုက်သွားရင် သူလည်း အဖော်ရ



သွားလိမ့်မယ်"

ရေနဂါးက အပြုံးမပျက်ပါ။

"ဟဲ ဟဲ ဟဲ ... ကျုပ်က သိုင်းပညာမှာ မင်းထက် မသာပေမယ့် နှလုံးရည်မှာ အများကြီးသာနေမယ်ဆိုတာ မင်း ထည့်ပြီးစဉ်းစားဦးနော်"

"ငါက ဘာကိုစဉ်းစားရမှာလဲ"

ရေနဂါးက သူ့အားစေ့စေ့ကြည့်လိုက်ပြီး ...

"ကျုပ်မှာ ဆေးလုံးရှိတယ်၊ ဒီဆေးလုံးတစ်လုံးသောက်လိုက်ရင် မင်းဟာ သာမန်လူတစ်ယောက် ဖြစ်သွားမယ်၊ အတွင်းအားဆိုတာ ပျောက်ကွယ်သွားလိမ့်မယ်"

"ဟား ဟား ဟား"

ဝမ်းချစ်က အားရပါးရရယ်မောလိုက်၏။

"ငါ့ကို ကလေးသူငယ်များ အောက်မေ့နေလို့လား ... မင်းဆေးလုံးကို ငါက ဘာဖြစ်လို့သောက်ရမှာလဲ"

ရေနဂါးက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား သောက်ကိုသောက်ရမယ်"

ဝမ်းချစ်က ရယ်မောလိုက်သည်။

"ငါက ဘာဖြစ်လို့ သောက်ရမှာလဲ"

ရေနဂါးက သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း သောက်ရအောင် ငါ့မှာ နည်းရှိနေလို့ကွ"

❑

ရေနဂါးစကားကြောင့် အားလုံးက အံ့သြသွားကြသည်။ ရေနဂါးသည် မည်သည့်အကြံအစည်ကြောင့် ယင်းသို့ ယတိပြတ်ပြောဝံ့ရသနည်း။

ဝမ်းချစ်ကိုယ်တိုင် ရေနဂါးစကားကြောင့် အံ့အားသင့်နေလေသည်။ တခဏ်မျှ တိတ်ဆိတ်သွားပြီးနောက် ဝမ်းချစ်က ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး ...

"မင်း ဘာပြောတာလဲ ... မင်းက ငါ့ကိုဆေးလုံးမပေးခင် မင်းရဲ့အသက်ကို ငါ ခြွေပစ်ရလိမ့်မယ်"

ရေနဂါးက အနည်းငယ်မျှ စိတ်ဆိုးပုံမရှိချေ။ သူက မဲ့ပြုံးပြုံးလိုက်ပြီး ...

"မင်းကလည်းကွာ ဒေါသ ရှေ့မထားစမ်းပါနဲ့ ... ကျုပ်ရဲ့ အစီအစဉ်လည်း ကြည့်ပါဦး"

သူက ပြောဆိုပြီးသည်နှင့် လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။ ရုတ်တရက် သူ့နောက်ခပ်လှမ်းလှမ်းမှ ရထားလုံးတစ်စီးက



ဖြည်းညင်းစွာ မောင်းနှင်လာနေသည်ကို တွေ့လိုက်ရလေတော့၏။

❑

ရထားလုံးတစ်စီး ဖြစ်သည်။ မြင်းနှစ်ကောင်ဆွဲသောရထားလုံးဖြစ်ပါသည်။ ရထား၏အရောင်မှာ ထူးထူးခြားခြား မီးခိုးရောင်ဖြစ်နေသည်။

ရထားလုံးပေါ်တွင် ... လူနှစ်ယောက်ထိုင်လျက် လိုက်ပါလာ၏။ သူတို့သည် အလွန်သန်မာထွားကျိုင်းပြီး ရုပ်ရည်ကြမ်းတမ်းသောလူများ ဖြစ်ကြပါသည်။

သူတို့နှစ်ယောက်အလယ်တွင် လူငယ်တစ်ယောက်ပါလာသည်။ ရထားလုံးက အနီးသို့ရောက်တော့မှ ... ရထားလုံးအလယ်တွင်ထိုင်နေသော လူငယ်တစ်ယောက်ကို ဘေးမှစားကိုယ်စီဖြင့် လူငယ်၏လည်မျိုအား ချိန်ရွယ်ထားသည်ကိုတွေ့လိုက်ရလေသည်။

ထိုလူက ရွှေဝါရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။ သူ၏မျက်နှာမှာ ဟန်အမူအရာ ကင်းမဲ့နေသည်။ သူက ရုန်းကန်ခြင်းမရှိဘဲ မလှုပ်မယှက်လိုက်ပါလာသည်။

ထိုလူငယ်အား တွေ့မြင်လိုက်ရသည်နှင့် ... ဝမ်းချစ်၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။ ထို့နောက် ... ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့၏။

ဤလူငယ်ကား မည်သူနည်း။ ဝမ်းချစ်က ဤလူငယ်အား တွေ့မြင်လိုက်ရသည်နှင့် အဘယ်ကြောင့် ယခုကဲ့သို့ထိတ်လန့်တုန်လှုပ်သွားရပါသနည်း။

❑

အားလုံးသောသူများသည် နားမလည်နိုင်သော မျက်လုံးများဖြင့် အချင်းချင်း အပြန်အလှန်ကြည့်နေကြသည်။ ဝမ်းချစ်က ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်နေ၏။

"ဟား ဟား ဟား"

ရေနဂါးက အားရပါးရရယ်မောလိုက်သည်။ သူ၏ရယ်မောသံက ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။ အတန်ကြာမှ သူက ရယ်မောခြင်းမှ ရပ်တန့်လိုက်ပြီး ...

"ကဲ ဝမ်းချစ် ... ဒီလူငယ်က ဘယ်သူလဲဆိုတာ မင်းသိမှာပေါ့"

ဝမ်းချစ်၏မျက်နှာမှာ ကြောက်ရွံ့တုန်လှုပ်နေသော ဟန်



အမူအရာများပေါ်လွင်နေ၏။

ရေနဂါးက အိတ်ထဲမှဆေးလုံးတစ်လုံးယူ၍ ဝမ်းချစ်ထံသို့ ပစ်ပေးလိုက်သည်။

"ရော့ဒီမှာ ဆေးလုံး"

ဝမ်းချစ်က ထိုဆေးလုံးအားဖမ်းယူထားလိုက်သည်။ ရေနဂါးက အေးစက်သောလေသံဖြင့် ...

"မင်းကိုစဉ်းစားဖို့အချိန်ပေးမယ်၊ မင်းက ဒီလူငယ်အတွက် ဘာမှမစဉ်းစားဘူးဆိုရင် ငါပေးတဲ့ဆေးလုံးကို လွှင့်ပစ်လိုက်နိုင်မယ် ... ဒါပဲ"

စုံဝူးစွမ်းက မနေနိုင်တော့ပါ။ သူက ဝမ်းချစ်ထံသို့ ချဉ်းကပ်လာပြီး ...

"ရထားလုံးပေါ်က လူငယ်က ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။ ဝမ်းချစ်၏ မျက်နှာမှာ ဝမ်းနည်းကြေကွဲသောအရိပ်အယောင်များ သန်းလာလေသည်။ အတန်ကြာမှ ... သူက လေးသွဲ့စွာဖြင့် ...

"သူဟာ ဝမ်းလင်းပါဗျာ"

ဟု တစ်လုံးချင်းပြောလိုက်လေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလင်း ... ။

ရထားလုံးပေါ်မှ လူငယ်သည် ဗိုလ်မှူးဝမ်းဖုံ၏တစ်ဦး တည်းသောသား ဖြစ်နေသည်။

"ဟား ဟား ဟား"

ရေနဂါးက ရယ်မောလိုက်သည်။ စုံဂူးစွမ်းက ရယ်မော လိုက်သည်။ သူက ရေနဂါးအား စေ့စေ့ကြည့်လိုက်ပြီး ...

"ခင်ဗျားက ဘာရယ်နေတာလဲ"

ရေနဂါးက ကောက်ကျစ်စွာပြုံးလိုက်၏။ သူက ဝမ်းချစ် အား စေ့စေ့ကြည့်လိုက်ပြီး ...

"ဝမ်းချစ် မင်းက သူ့ကို ဝမ်းလင်းလို့ခေါ်သလား"

ဝမ်းချစ်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"ငါက သူ့ကို ဝမ်းလင်းမခေါ်လို့ ဘယ်လိုခေါ်ရမလဲ"

ရေနဂါးက ကောက်ကျစ်စွာ ပြုံးလိုက်ပြန်သည်။

"ထားပါတော့လေ၊ သူ့နာမည်က ဝမ်းလင်းဘော့ ဟုတ်ပါ တယ်၊ ဘယ်သူ့သားလဲဗျ ... ပြောစမ်းပါဦး"

ဝမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"ဗိုလ်မှူးဝမ်းဖုံရဲ့သားပေါ့၊ ဒါ ပြောစရာလိုသေးသလား။



ရေနဂါးက မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်ပါ့မလား"

ဝမ်းချစ်က မျက်နှာပျက်သွားသည်။

"မင်းက ဘာကိုဆိုလိုတာလဲကွ"

ရေနဂါးက ခေါင်းခါယမ်းလိုက်သည်။ သူက ရထားလုံးပေါ် မှ လူငယ်အား ညွှန်ပြလိုက်ပြီး ...

"ဒီလူငယ်ရဲ့နာမည်က ဝမ်းလင်းတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဗိုလ်မှူးဝမ်းဖုံရဲ့သားတော့ မဟုတ်ဘူးဗျ"

ရေနဂါး၏စကားကြောင့် အားလုံးသောလူများက အံ့အား သင့်သွားကြသည်။

ဝမ်းချစ်၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိတော့ပါ။ ရေနဂါးက ဝမ်းချစ်အား စိုက်ကြည့်လိုက်ပြီး အေးဆေးသောလေသံ ဖြင့် ...

"ဝမ်းချစ် ... မင်း လိမ်ပြောမနေစမ်းပါနဲ့ကွာ၊ ဝမ်းလင်းဟာ ဗိုလ်မှူးဝမ်းဖုံရဲ့သား မဟုတ်ဘူး ... မင်းရဲ့သား ... မင်းရဲ့သား"

မမျှော်လင့်သော ရေနဂါး၏စကားကြောင့် အားလုံးက အံ့ သြနေကြလေသည်။

ဝမ်းချစ်၏မျက်နှာတစ်ခုလုံးမှာလည်း ဖိုၡ်ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။ ရေနဂါးက စကားဆက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဝမ်းချစ် ... မသိရင်ခက်မယ်၊ ဗိုလ်မှူးဝမ်းဖုဟာ မြို့စားဖြစ်ပေမယ့် သားသမီးတစ်ယောက်မှ မရှိပါဘူး၊ ဝမ်းဖုက မင်းရဲ့သားကိုခေါ်ပြီး မွေးစားတာကွ"

ရေနဂါး၏စကားက ဝမ်းချစ်အပေါ် နိုင်ထက်စီးနင်းရှိလာသည်ဟု စုံဂူးစွမ်း ထင်မိသဖြင့် သူက မနေနိုင်တော့ဘဲ ရေနဂါးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ... ဝမ်းချစ်က သူ့အား ဟန့်တားလိုက်၏။ ဝမ်းချစ်က ဟန့်တားလိုက်သောကြောင့် စုံဂူးစွမ်းနှင့်တကွ ကျန်ရှိသောလူများမှာ အံ့အားသင့်သွားကြကုန်လေသည်။

ဤသို့ဆိုလျှင် ရေနဂါး၏စကားသည် မှန်ကန်နေမည်လော။

❑

အားလုံးသော လူများက ယင်းသို့ သံသယဖြစ်နေချိန်မှာပင် ဝမ်းချစ်က အားလုံးအံ့ဩစေသောစကားများ ပြောပြလိုက်လေသည်။

"ဟုတ်တယ် ... မင်းပြောတာ မှန်ပါတယ်"



သူ့စကားကြောင့် အားလုံးမှာ ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်။ ဝမ်းလင်းက ဗိုလ်မှူးဝမ်းဖု၏သားဖြစ်သည်မှာ လူတိုင်းအသိ။

ထို့ကြောင့် သွေးစကြာဂိုဏ်းက ဝမ်းလင်းအားအသေရရ အရှင်ရရ အပူတပြင်းလိုက်လံရှာဖွေနေကြသည် မဟုတ်ပါလော။

ယခုမှာမူ ... ဝမ်းလင်းက ဝမ်းဖု၏သားမဟုတ်ဘဲ ဝမ်းချစ်၏သား ဖြစ်နေသည်။ ရေနဂါးက ပြုံးလိုက်သည်။

"အင်း ... မင်းက မဆိုးဘူး၊ အမှန်ကို အမှန်အတိုင်း ပြောတတ်တယ်"

ဝမ်းချစ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဝမ်းဖုဟာ ငါနဲ့အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ဖြစ်တယ်ဆိုတာ သိုင်းလောကမှာ လူတိုင်း သိကြပါတယ်ဗျာ"

ရေနဂါးက ပြုံးလိုက်သည်။

"ဟုတ်ပါတယ် မြို့စားကြီးဗိုလ်မှူးဝမ်းဖုက မင်းလို မိတ်ဆွေမျိုးရထားတာ ကံကောင်းတယ်လို့ ဆိုရမှာပေါ့"

ဝမ်းချစ်က စကားမပြောတော့ဘဲ သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။ သူသည် ဝမ်းချစ်အား စေ့စေ့ကြည့်ပြီး စကားဆက်လိုက်သည်။

"ဒီမှာ ဝမ်းချစ် ... သိုင်းလောကသားတွေဟာ မင်းကိုရို သေကြတယ်၊ ကြည်ညိုကြတယ်၊ မင်းက အလွန်ဖြောင့်မတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တရားမျှတတယ်၊ အကျင့်စာရိတ္တကောင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်လို့ ထင်နေကြတာ၊ ဒါပေမဲ့ မင်းဟာ လူယုတ်မာ, သူတော်ကောင်း ယောင်ဆောင်ထားတဲ့လူဆိုတာ ဘယ်သူကမှ မသိဘူး"

ရေနဂါးက ဝမ်းချစ်အပေါ် ရှုတ်ချပြောဆိုနေသောကြောင့် စုံထောက်စွမ်းတို့က မခံမရပ်နိုင်ဖြစ်ကာ ...

"ဟေ့ ရေနဂါး ... မင်းပြောနေတာ မလွန်လွန်းဘူးလား၊ ပါးစပ်ပိတ်ထားလိုက်စမ်းပါ"

ရေနဂါးက ရယ်မောလိုက်သည်။

"ငါ အမှန်အတိုင်းပြောနေတာကွ၊ ဒီမှာ ... ဝမ်းချစ်ဟာ မင်းတို့ထင်သလို သူတော်ကောင်းမဟုတ်ဘူး၊ မြို့စားကြီးရဲ့ဇနီးနဲ့ ဖောက်ပြန်တဲ့လူယုတ်မာကွ ... သိရဲ့လား"

သူ၏စကားကြောင့် အားလုံးက ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။ အားလုံး၏မျက်လုံးက ဝမ်းချစ်ထံသို့ ရောက်ရှိသွားကြ၏။

ဝမ်းချစ်မှာမူ ရေနဂါးပြောဆိုသမျှကို မည်သို့မှငြင်းဆိုချေပခြင်းမပြုပါ။ သူက ခေါင်းငုံ့၍ တိတ်ဆိတ်စွာနေလေသည်။

လူအားလုံတို့က ဝမ်းချစ်အား အထင်သေးရွံမုန်းသော မျက်လုံးများဖြင့် ကြည့်နေကြသည်။ ရေနဂါးက ဝမ်းချစ်အား ကြည့်၍ ပီတိဖြစ်နေသည်။



သူ၏စကားများက သိုင်းပညာထက်ပင် ဝမ်းချစ်အပေါ် အလဲထိုးနိုင်ခဲ့သည် မဟုတ်ပါလော။

❑

ထိုစဉ်မှာပင် တစ်ချိန်လုံး တိတ်ဆိတ်စွာ အကဲခတ်၍ လေ့လာနေသော လုဟာန်လုံးက လူအုပ်ကြားမှ ထွက်လာလေသည်။

သူက အသံကျယ်လောင်စွာဖြင့် ...

"အဘဝမ်းချစ် ... ခင်ဗျား ကျေးဇူးပြုပြီး ရေနဂါးရဲ့စကားတွေကို အမှန်အတိုင်းချေပပါခင်ဗျာ၊ အကယ်၍ ချေပခြင်းမပြုရင် ဘဘဝမ်းချစ်သာမက မြို့စားကြီးဝမ်းဖုနဲ့ မြို့စားကတော်ပါ ကြီးစွာသောအရှက် ရနိုင်ပါမယ်ခင်ဗျာ"

လုဟာန်လုံး၏စကားကြောင့် အားလုံးက အံ့အားသင့်သွားပြန်သည်။ ယင်းကိစ္စက ရှုပ်ထွေးလာသည်ဟု တွေးမိလေသည်။

သူတို့၏မျက်လုံးအစုံက ဝမ်းချစ်ထံသို့ရောက်ရှိလာကြပြန်လေသည်။ ဝမ်းချစ်၏အဖြေအား စောင့်မျှော်လျက်ရှိကြလေသည်။

သို့သော် ... ဝမ်းချစ်က မည်သို့မှပြန်မပြောဘဲ ခေါင်းငုံ့လျက်ပင်။ လုဟာန်လုံးက မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဝမ်းချစ်အား ကရုဏာသက်သောမျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး ...

"ဒီမှာ အဘဝမ်းချစ် သေသေချာချာစဉ်းစားပါ၊ ဒီကိစ္စဟာ အဘရဲ့ဘဝတစ်လျှောက်လုံး ထိခိုက်နိုင်တဲ့အပြင် မြို့စားကြီးနဲ့ မြို့စားကြီးကတော်ပါ ဒုက္ခရောက်သွားနိုင်ပါမယ်ခင်ဗျ"

ဝမ်းချစ်က အတန်ကြာစဉ်းစားလိုက်ပြီး ...

"ငါ့ ... ငါ့ကို ထင်ချင်သလို ထင်ကြပါစေ၊ နာမည်ပျက်ချင် ပျက်စမ်းပါစေ၊ ဒီကိစ္စကို အမှန်အတိုင်း ဖွင့်ပြောလို့ မဖြစ်လို့ပါကွာ"

လုဟန်လင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မဟုတ်သေးဘူး အဘဝမ်းချစ်၊ အဘဟာ ဒီလိုလူယုတ်မာ တစ်ယောက် မဟုတ်ဘူးဆိုတာ ကျွန်တော် အလေးအနက် ယုံကြည်ပါတယ်၊ အဘရယ် ... အမှန်အတိုင်း ထုတ်ပြောပါခင်ဗျာ"

အားလုံးသောသူများက အံ့အားသင့်သွားကြပြန်သည်။ မည်သူ့စကားကို ယုံရမည်နည်း။ ဝမ်းချစ်နှင့်ဝမ်းလင်းကြား မည်သို့ လျှို့ဝှက်ချက်များ ရှိနေသနည်း။

လုဟန်လုံးက အဘယ်ကြောင့် သူတို့၏လျှို့ဝှက်ချက်များကို သိရှိထားသနည်း။

❑



မှန်ပါသည်။

လုဟန်လုံးက ယင်းကိစ္စနှင့်ပတ်သက်ပြီး ခရေစေ့တွင်းကျ သိထားသည်။

တစ်ချိန်တုန်းက မြို့စားကြီးဝမ်းဖု၏လက်ထပ်ပွဲ။

သူ၏ဖခင်ဖြစ်သူက ထိုမင်္ဂလာဆောင်ပွဲသို့ တက်ရောက်ခဲ့ သည်။ လုဟန်လုံး၏ဖခင်က မြို့စားကြီးဝမ်းဖုနှင့် အလွန်ရင်းနှီးကြ သော မိတ်ဆွေများဖြစ်ကြသည်။

မြို့စားကြီးဝမ်းဖုက အသက်ငါးဆယ်ပြည့်မှ အိမ်ထောင် ကျခဲ့သည်။ သတို့သမီးက ဝမ်းချစ်၏ချစ်သူပင်ဖြစ်သည်။ ဝမ်းချစ်နှင့် သူ၏ချစ်သူက လူငယ်ချင်းမေတ္တာမျှကြပြီး ကိုယ်ဝန်ပင်ရှိနေသည်။

သို့သော် ဝမ်းချစ်၏မိဘများက ထိုမိန်းကလေးအား လုံးဝ သဘောမတူပါ။ မြို့စားကြီးဝမ်းဖုကမူ ထိုမိန်းကလေးအား လူမှုရေး အရ လက်ထပ်ခဲ့လေသည်။

ထိုစဉ်က ... ဝမ်းဖုမှာ မြို့စားကြီးရာထူးမရသေးပါ။ ထို့ ကြောင့်လည်း ဝမ်းလင်းသည် ဝမ်းချစ်၏သားဟု ဆိုနိုင်လေသည်။

လုဟန်လုံးက ထိုဖြစ်ရပ်မှန်များကို အသေးစိတ်ရှင်းပြလိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ပရိသတ်အားလုံးတို့လည်း နားလည်သဘော ပေါက်သွားကြလေတော့သည်။

စုံဂူးစွမ်း သက်ပြင်းချလိုက်သည်။ လုဟာန်လုံကိုစိုက်ကြည့် လိုက်သည်။

"နေပါဦး ... သည်ကိစ္စကို မင်းက ဘယ်လိုလုပ်သိတာလဲ ပြောစမ်းပါဦး"

ဟုမေးလိုက်လေသည်။

လုဟာန်လုံးက ပြုံးလိုက်သည်။

"ကျွန်တော်ဖခင်ပြောပြလို့ သည်ကိစ္စကို သိခဲ့ရတာပါဗျာ"

နားထောင်နေကြ[illegible]ာ ပရိသတ်ကြီးသည်လည်း လုဟာန် လုံး၏စကားကို ယုံကြည်လက်ခံလိုက်ကြပြီဖြစ်သည်။

အားလုံးသည် ဝမ်းချစ်အပေါ် အပြစ်မမြင်ကြတော့ဘဲ ချစ် သူနှင့်ကင်းကွာရသည့် ဒုက္ခခံစားခဲ့ရသည်ဟု စာနာနားလည်ကာ ကရုဏာဖြစ်လာကြလေတော့သည်။

**ပထမပိုင်းပြီး၏။**

**ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။**

BURMESE CLASSIC .com

www.burmeseclassic.com